မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၁၃၂)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်၊ တနင်္လာနေ့။

ဆတက်ထမ်းပိုး တိုးပြီးလုပ်ကြ

ဆူပူသောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့သူတွေ မှန်သမျှ ဝိုင်းဝန်းကူညီနှိမ်နင်းဖို့လိုတယ်။ ဘယ်သူ့ကိုမှ အားပေးဖို့မလိုဘူး။ သို့သော်လည်းပဲ ဗမာပြည်ရဲ့လွတ်လပ်ရေး၊ တိုင်းသူပြည်သားညီညွတ်ရေး၊ လူထုရဲ့ညီညွတ်ရေး၊ တိုင်းရင်းသားတွေညီညွတ်ရေးအတွက် ယခုထက်ပိုပြီး ဆတက်ထမ်းပိုး တိုးပြီးလုပ်ကြဖို့လိုတယ်။

(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမ၌ ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်သည့်အခါ စုပေါင်းဆန္ဒများဖြင့်အဖြေရှာမှသာ အကောင်းဆုံးအဖြေရရှိမည်ဖြစ်

သတင်း၊ စာမျက်နှာ » ၃

ပြည်ထောင်စုရဲ့ကျေးဇူးရှင် ဗိုလ်ချုပ် တို့ဖခင်

ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀)ပြည့် မွေးနေ့ဂုဏ်ပြုဆောင်းပါး

စာမျက်နှာ » ၆

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍနယ်ပယ်အသီးသီးတွင် ချေးငွေ၊ နည်းပညာအကူအညီများ တိုးမြှင့်ပေးလျက်ရှိ

အခြေခံအုတ်မြစ်များတည်ဆောက်ကာ အနာဂတ်အတွက် အားလုံးအကျုံးဝင်သည့် ဖွံ့ဖြိုးမှုသို့ချဉ်းကပ်စို့ဟူသော ဆောင်ပုဒ်ဖြင့် တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို နေပြည်တော်ရှိ MICC-II ၌ ဖေဖော်ဝါရီ ၇ နှင့် ၈ ရက်များတွင် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုတို့ကို နိုင်ငံတကာအသိုင်းအဝန်းက အသိအမှတ်ပြုလာသကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍနယ်ပယ်အသီးသီးတွင် ချေးငွေ၊ နည်းပညာအကူအညီများကိုလည်း တိုးမြှင့်ပေးလျက်ရှိသည်။ အချိန်တိုအတွင်း ထိရောက်သည့် ဖွံ့ဖြိုးမှုဆီသို့ ဦးတည်နိုင်ရန် အကူအညီများသည် အမှန်တကယ်လိုအပ်နေသည့် နေရာများသို့ ရောက်ရှိရန် လိုအပ်သည်။

ထို့ကြောင့် ပြည်သူများ၏ လိုအပ်ချက်နှင့် ထောက်ပံ့ကူညီပေးမည့် မိတ်ဖက်အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းပေးသည့် တတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝါဝါမောင်အား ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ။ ဒီနေ့ဖိုရမ်မှာ ဘယ်လိုအကြောင်းအရာတွေကို အဓိကထားဆွေးနွေးခဲ့ပါသလဲ။

ဖြေ။ ။ အဓိကကတော့ နေပြည်တော် သဘောတူညီချက်နဲ့ ပတ်သက်ပြီး သူတို့က ဘယ်လိုကဏ္ဍတွေကို အဓိကထား ထောက်ပံ့မယ်။ ဘယ်လိုကဏ္ဍတွေကို စိတ်ဝင်စားတယ်ဆိုတဲ့ သတင်းအချက်တွေကို ဖလှယ်ကြတာပေါ့။ မြန်မာနိုင်ငံဘက်ကလည်း ဘယ်နေရာတွေမှာ အထောက်အပံ့တွေ လိုအပ်တယ်ဆိုတာကို ညှိနှိုင်းကြတာပေါ့။ ပထမအကြိမ် ဖိုရမ်ကတည်းကစပြီး ဒါတွေကို ဆောင်ရွက်ခဲ့တယ်။ ထိရောက်တဲ့ စီမံချက်တွေနဲ့ ဖွံ့ဖြိုးမှုအကူအညီတွေဖြစ်စေဖို့အတွက် သတင်းအချက်အလက်ဖလှယ်တဲ့စနစ် (Aid Information Management System) ကို ထူထောင်ခဲ့တယ်။ ဒီသတင်းအချက်အလက်ကို အခြေခံပြီး ထွက်ပေါ်လာတဲ့အစီရင်ခံစာတွေကို စောင့်ကြပ်ကြည့်ရှုတယ်။ ဖွံ့ဖြိုးမှုအကူအညီတွေကို ဘယ်အလှူရှင်တွေက ထောက်ပံ့နေသလဲ။ ဘယ်ကဏ္ဍကို အများကြီးစီးဝင်ပြီး ဘယ်ကဏ္ဍက မရရှိသေးဘူးလဲ။ ဘယ်ကဏ္ဍတွေကို ထောက်ပံ့ဖို့လိုအပ်နေသလဲဆိုတာတွေအပေါ် သက်ဆိုင်ရာ နိုင်ငံခေါင်းဆောင်တွေနဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်တွေဆီကို အစီရင်ခံတာတွေ လုပ်လာနိုင်တယ်။ ပြီးတော့ ဒီဖိုရမ်မှာ ရေရှည်ဖွံ့ဖြိုးမှုစီမံကိန်းဖြစ်တဲ့ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (NCDP) ကို တင်ပြခဲ့တယ်။ ဒီနှစ်ကုန်ဆိုရင် ကမ္ဘာကြီးမှာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုပြီး ၂၀၁၅ အလွန် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်တွေဆီကို

စာမျက်နှာ ၉ ကော်လံ ၁ ✲

ရေချိုငါး မက်ထရစ်တန် ရှစ်သိန်းကျော် ထုတ်လုပ်နိုင်ခဲ့ ယခုနှစ် ၅၀ ရာခိုင်နှုန်းတိုးမြှင့်နိုင်ရေး ကြိုးပမ်းမည်

ရန်ကုန်တိုင်းဒေသကြီးရှိ ငါးမွေးမြူရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

ဖျာပုံ ဖေဖော်ဝါရီ ၈

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်က မြန်မာနိုင်ငံ၏ ငါးမျိုးစုံမွေးမြူထုတ်လုပ်မှုမှာ မက်ထရစ်တန် ၈ ဒသမ ၂၀ သိန်း ထုတ်လုပ်နိုင်ခဲ့ပြီး မက်ထရစ်တန် ၇၉၃၄၆ တန်ကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၆ သန်းကျော် ရရှိခဲ့ကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

မြန်မာနိုင်ငံ၏ လူဦးရေတိုးတက်လာမှု၊ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ လာအို၊ တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတို့နှင့် ထိစပ်လျက်ရှိသည့်အတွက် ငါး၊ ပုစွန်ဈေးကွက်အားဖြင့် အရှေ့တောင်အာရှအတွင်း

စာမျက်နှာ ၃ ကော်လံ ၄ ✲

တက္ကသိုလ်ဝင်စာမေးပွဲ စာမေးပွဲဝင်ခွင့်ကတ်ပြား ထုတ်ယူခွင့်နှင့်ပတ်သက်၍ သတင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

တက္ကသိုလ်ဝင်စာမေးပွဲ စာမေးပွဲဝင်ခွင့်ကတ်ပြား ထုတ်ယူခွင့်နှင့်ပတ်သက်သော သတင်းကြေညာချက်

၂၀၁၅ ခုနှစ် မတ်လ ၁၁ ရက်နေ့မှ မတ်လ ၂၀ ရက်နေ့အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့်တောင်းထားကြသော ကျောင်းသား/ကျောင်းသူများ သိရှိရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

(၁) ရန်ကုန်တိုင်းဒေသကြီးမှအပ ကျန်(တိုင်းဒေသကြီး/ပြည်နယ်)များရှိ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား/ကျောင်းသူများသည် မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဝင်ခွင့်ကတ်ပြား (Identity Card) များကို

စာမျက်နှာ ၁၃ ကော်လံ ၁ ❒

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပြည်ပအကူအညီ ထိရောက်စွာသုံးစွဲ

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် တည်ဆောက်ရာတွင် ပြည်ပအကူအညီရရှိရန် အရေးကြီးပါသည်။ ပြည်ပအကူအညီဟုဆိုရာတွင် အဓိကအားဖြင့် နည်းပညာအကူအညီနှင့် ငွေကြေးအကူအညီများဖြစ်ပါသည်။ ငွေကြေးအကူအညီတွင် စေတနာအလျောက် ကူညီခြင်းနှင့် အတိုးနှုန်းသက်သာသောချေးငွေများ ရယူဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဤသို့ ပြည်ပအကူအညီများ ရယူဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွင်း ဆောင်ရွက်နေသော ရေတိုရေရှည် စီမံကိန်းများအတွက် လျင်မြန်စွာ တိုးတက်လာမည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဖေဖော်ဝါရီ ၅ ရက်တွင်ကျင်းပသော နိုင်ငံခြားအကူအညီ အထောက်အပံ့ စီမံခန့်ခွဲရေး ဗဟိုကော်မတီအစည်းအဝေး၌ ရရှိသည့် ဖွံ့ဖြိုးမှုအကူအညီများကို ထိရောက်စွာအသုံးပြုရာတွင် နိုင်ငံတော်၏ ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ဆင်းရဲမှုလျှော့ချရေး၊ အလုပ်အကိုင်နှင့် ဝင်ငွေဖန်တီးနိုင်ရေး၊ သန့်ရှင်းသည့်သောက်သုံးရေ၊ လျှပ်စစ်မီး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများနှင့်ကိုက်ညီမှုရှိရန် ကဏ္ဍအလိုက်၊ ဒေသအလိုက် လုပ်ငန်းစီမံကိန်းများနှင့် လိုက်လျောညီထွေ အထောက်အကူပြုနိုင်စေရန် လုပ်ငန်းများအချင်းချင်း ထပ်နေသည်များ၊ လစ်ဟာနေသည်များမရှိရန်၊ တိုင်းဒေသကြီး/ပြည်နယ်များအကြား အချိုးညီမျှတစွာ ဖွံ့ဖြိုးရေးဟူသည့် နိုင်ငံတော်၏စီးပွားရေး ရည်မှန်းချက်များနှင့်အညီ ဒေသများအကြား မျှတစွာဖြန့်ကြက်လုပ်ဆောင်နိုင်ရန် အထူးအလေးထားလုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း စသည်ဖြင့်ပြောကြားသည်။

လက်ရှိအစိုးရလက်ထက် ၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံနှင့်အဖွဲ့အစည်းများက ပေးအပ်သည့် အကူအညီ **(Grant)** ရရှိမှုအနေဖြင့် စီမံချက် ၅၆၂ ခုအတွက် အမေရိကန်ဒေါ်လာသန်းပေါင်း ၂၉၅၄ ဒသမ ၄၂၁ သန်းတွင် ၁၄၇၁ ဒသမ ၃၂၇ ရရှိပြီး ဖြစ်ပါသည်။ ထို့အတူ လက်ရှိအစိုးရလက်ထက် ၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ ချေးငွေပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၈၅၂ ဒသမ ၉၂၈ ဖြစ်ပြီး သန်း ၁၅၀ ဒသမ ၇၃၄ ရရှိပြီးဖြစ်ကြောင်း သိရပါသည်။ ဤနေရာတွင် ချေးယူထားသည်များ အချိန်မီရရှိလာမှသာလျှင် လုပ်ငန်းများ ဖော်ဆောင်ရာတွင် လျင်မြန်စွာလုပ်ဆောင်နိုင်ပြီး ပြည်သူများ၏ လူမှုဘဝမြှင့်တင်ရေးတွင် ပိုမိုထိရောက်စွာ လုပ်ဆောင်သွားနိုင်မည် ဖြစ်ပါသည်။

ရရှိထားသည့် အကူအညီများနှင့် ချေးငွေများကို အဓိကအားဖြင့် ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း၊ ဆောက်လုပ်ရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ လျှပ်စစ်၊ သဘာဝဘေးအန္တရာယ်တားဆီးရေး၊ စာရင်းအင်း၊ မွေးမြူရေး၊ ငွေကြေး၊ အားကစား၊ စွမ်းအင်နှင့် မြေရှိုင်း စသော ကဏ္ဍနယ်ပယ်အသီးသီးတို့တွင် သုံးစွဲလျက်ရှိပါသည်။ သို့ပါ၍ ပြည်ပအကူအညီများရယူလျက် ထိရောက်စွာသုံးစွဲခြင်းဖြင့် တိုင်းပြည်ဖွံ့ဖြိုးမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ဗိုလ်ချုပ်စကား ထပ်မံကြားချင်

* ဗိုလ်ချုပ်အောင်ဆန်းရဲ့ မြတ်စကား
နားထဲစွဲ မမေ့ပါ။
လွတ်လပ်ပြီဆိုတာနဲ့ လူသွားလမ်း
ဆေးလှမ်းကြတာ။
ဗိုလ်ချုပ်ရဲ့ စကားကဗျာ
ဆိုလိုတာ များမှများ။
လွတ်လပ်ရေးအကြောင်းပြပြီး
ကောင်းမှကောင်းလား မစဉ်းစား
ဟုတ်မှဟုတ်လား မချင့်တွေး
ရေးချင်ရာ မရေးကြဖို့
ပြောချင်ရာ မပြောကြဖို့
ဗိုလ်ချုပ်က ထိုစဉ်ကပင်
ကြိုတင်ကာ အစဉ်းသိ၍
ပြောဘိအလား။

* ဗိုလ်ချုပ် ဗိုလ်ချုပ်နဲ့
ဗိုလ်ချုပ်ကို ချစ်ဟန်ဆောင်။
ဗိုလ်ချုပ်မကြိုက်တာ အကုန်လုပ်
ဟုတ်သယောင်ယောင်။
နေရာတကာ တလျှောင်လျှောင်
တပြောင်ပြောင်တစပ်စပ်။
ဗိုလ်ချုပ်ရဲ့ မျိုးချစ်သွေး
အလေးထားအပ်။

* ဗိုလ်ချုပ်ရဲ့ ပြောစကားများ
နားထောင်ခဲ့ မမေ့နိုင်။
ရင်ထဲအသဲထဲ
စွဲလျက်ခုတိုင်။
ကောင်းချင်လျက် မကောင်းနိုင်
မဆိုင်တာတွေက များကြတုန်း။
ဖရိုဖရဲ ဆိုဆဲပြိုင်
ပြိုကွဲ ယိုင်အောင်လည်း ပြုချင်တုန်း။
ဗိုလ်ချုပ်တို့ ကြိုးစားခဲ့တဲ့
တစ်မျိုးသားလုံး လွတ်လပ်ရေးကို
ထွတ်မြတ်တေး ပေါင်းစည်းဆိုလို့
ကောင်းနည်းကို အတုဆောင်ဖို့
အပြုဆောင် အတူလုပ်၍
ဗိုလ်ချုပ် ညွှန်မြတ်သောစကားများကို
(ဗိုလ်ချုပ်ခင်ဗျား....)
ထပ်ကြားချင်တုန်း။

(ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ နှစ်(၁၀၀)ပြည့်ကို ဂုဏ်ပြုလျက်)

ခင်ဖုန်းကြည်(မိုင်းပွန်)

ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ကာယစွမ်းရည်ပြိုင်

ညောင်ဦး ဖေဖော်ဝါရီ ၈

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျရောက်သော ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀)ပြည့်မွေးနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် ညောင်ဦးခရိုင်အတွင်းရှိ မူလတန်းကြိုကျောင်းပေါင်းစုံ ကာယစွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက်က ပုဂံမူလတန်းကြို ကျောင်း၌ ကျင်းပသည်။

အဆိုပါ ကာယစွမ်းရည်ပြိုင်ပွဲသို့ ခရိုင်အတွင်းရှိ ပုဂံမူလတန်းကြိုကျောင်း၊ ညောင်ဦးကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း၊ မြင်းကပါ မိခင်နှင့်ကလေး မူလတန်းကြိုကျောင်း၊ မေတ္တာရှင် မူလတန်းကြိုကျောင်း၊ တောင်ဘကျေးရွာ မိခင်နှင့်ကလေး မူလတန်းကြိုကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၁၁ ဦးတို့က အပြေး၊ အာလူးကောက်၊ ရေပုလင်းဖြည့်ပြေး၊ မုန့်စားနှင့် ဂိုးကျဉ်း ဘောလုံးပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ထို့ပြင် ပုဂံမူလတန်းကြိုကျောင်းမှ ရင်သွေးငယ်လေးများကို ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် လေဆိပ်၊ ဘူတာရုံ၊ သဘော်ဆိပ်နှင့် ပုဂံဒေသရှိ တန်ခိုးကြီးဘုရားပုထိုးစေတီများသို့ လေ့လာရေးခရီး လိုက်လံပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရဲသူရအောင် (ညောင်ဦး)

စာအုပ်စာပေ လူ့မိတ်ဆွေ

နမ့်ခမ်းမြို့၌ ရှမ်းပြည်နယ်နေ့ စည်ကားသိုက်မြိုက်စွာကျင်းပ

နမ့်ခမ်း ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့(၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို မြို့လယ်ဘုရားကျောင်းတော်အနီး (ပန်ပွဲ)တွင် ဖေဖော်ဝါရီ ၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ရှမ်းပြည်နယ်နေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းကလည်းကောင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ပေးပို့သော သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်အေးကလည်းကောင်း ဖတ်ကြားကြသည်။

အခမ်းအနားသို့ ရှမ်းတိုင်းရင်းသား၊ တိုင်းရင်းသူများအပြင် ကချင်၊ ကရင်၊ တအာင်း(ပလောင်) လီဆူ၊ ခိုလုံလီရှော တိုင်းရင်းသားများ၊ ဌာနဆိုင်ရာများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဉာဏ်မင်း(နမ့်ခမ်း)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၈-၂-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၀၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၇၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၈၅၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၅
ဒီဇယ်	တစ်လီတာ	ကျပ် ၆၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၆၀၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၈၆၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၈၈၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၇၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၃၅၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၀၀၀-၈၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၂၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၄၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၅၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၂၄-၁၀၂၈
ဥရောပ	တစ်ယူရို	၁၁၈၀-၁၁၉၆
စင်ကာပူ	တစ်ဒေါ်လာ	၇၇၀-၇၇၂
ထိုင်း	တစ်ဘတ်	၂၉.၆-၃၀
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅
တရုတ်	တစ်ယွမ်	၁၆၃-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၂၅-၃၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

အေးချမ်းစွာပညာသင်ကြားရေးအတွက် ဆရာနှင့် ကျောင်းသားများ ဆွေးနွေး

မုံရွာ ဖေဖော်ဝါရီ ၈

မုံရွာစီးပွားရေးတက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပထမပညာသင်ကာလတွင်း အေးချမ်းစွာပညာသင်ကြားရေးအတွက် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်းက မုံရွာစီးပွားရေးတက္ကသိုလ် သုံးထပ်ဆောင် ဘက်စုံခန်းမ၌ကျင်းပရာ တာဝန်ခံပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများ၊ စီမံအရာရှိချုပ်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၆၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သည့်အခါ စုပေါင်းဆန္ဒများဖြင့် အဖြေရှာမှသာ အကောင်းဆုံးအဖြေရရှိမည်ဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၈

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက်ပိုင်းတွင် ရမည်းသင်းမြို့သီလဝခန်းမ၌ ကျင်းပသည့်သီလဝခန်းမဖွင့်ပွဲ၊ စေတနာမွန် ကုသိုလ်ဖြစ်ဆေးခန်းနှင့် လူမှုထူးချွန်စာကြည့်တိုက် ပညာရေးဖောင်ဒေးရှင်း နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်း၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်မြင့်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းတို့က သီလဝခန်းမကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ခန်းမဆိုသည်မှာ စုဝေးရာ၊ တိုင်ပင်ရာ၊ နှီးနှောရာနေရာတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် မြို့တိုင်းမြို့တိုင်းအတွက် မရှိမဖြစ်လိုအပ်သော အင်္ဂါရပ်တစ်ခုဖြစ်ပါကြောင်း၊ အလားတူ ရွာများတွင်လည်း ရွာလယ်ဇရပ်၊ ဘုန်းကြီးကျောင်းဇရပ် စသည်ဖြင့် တစ်ခုခုတွင် စုဝေးတိုင်ပင်ဆွေးနွေးကြသည့် အလေ့အကျင့်များရှိရန် လိုအပ်ပါကြောင်း။

ခန်းမကြီး ရှိလာပြီဖြစ်သည့်အတွက် မြို့မှတာဝန်ရှိသူများက ယင်းခန်းမကြီး၌ ဆွေးနွေးတိုင်ပင်ဆုံးဖြတ်ကြပြီး တာဝန်အသီးသီးကို ခွဲဝေတာဝန်ယူကြခြင်း၊ တာဝန်ရှိသူများနှင့် တာဝန်သိသူများ ပေါင်းစပ်ခြင်းဖြင့် များစွာသောအကျိုးရရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြို့တော်ခန်းမ၌ မိမိမြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးဖြစ်သည့် ပညာရေးကိစ္စ၊ ကျန်းမာရေးကိစ္စများကို မည်သို့ဖြေရှင်းရမည်ကို တိုင်ပင်ဆွေးနွေးကြရမည် ဖြစ်ပါကြောင်း၊ ယနေ့ခန်းမဖွင့်ပွဲနှင့်အတူ ကျန်းမာရေးကိစ္စရပ်ဖြစ်သည့် စေတနာမွန်ကုသိုလ်ဖြစ်ဆေးခန်း၊ ဗဟုသုတဖွံ့ဖြိုးရေးကိစ္စဖြစ်သည့် စာကြည့်တိုက်နှင့် မြို့နယ်ပညာရည်မြင့်မားရေးကိစ္စဖြစ်သည့် ပညာရေးဖောင်ဒေးရှင်းတို့၏ နှစ်ပတ်လည်နှင့်တိုက်ဆိုင်၍ ဖွင့်လှစ်ခြင်းသည် မြို့အတွက် အလွန်မင်္ဂလာရှိပါကြောင်း။

အားလုံးကိုယ်စီကိုယ်စီ မိမိမြို့ကို ဖွံ့ဖြိုးတိုးတက်စေချင်ကြသည့် စိတ်ရှိကြပါကြောင်း၊ ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ကြသည့်အခါတွင် တစ်ယောက်တစ်မျိုး အကြိုက်တစ်မျိုးစီဖြစ်နေကြသည်ထက်စာလျှင် အားလုံးစုပေါင်းသည့် ဆန္ဒများဖြင့် အဖြေရှာမှသာ မြို့အတွက်အကောင်းဆုံးသော အဖြေကိုရရှိမည်ဖြစ်ပါကြောင်း၊ ခန်းမသည် အလှကြည့်ရန်၊ ဂုဏ်ယူရန်၊ ဝင့်ကြွားရန်၊ မင်္ဂလာအခမ်းအနားပွဲများကျင်းပရန်အတွက်သာမဟုတ်ပါကြောင်း၊ ယခုခန်းမကြီးအား မြို့နယ်အတွက် အကျိုးရှိသောကိစ္စများတွင် အသုံးချနိုင်ရေးအတွက် ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး လူမှုထူးချွန်ပညာရေးဖောင်ဒေးရှင်းအတွင်းရေးမှူး ဦးဇော်မင်းစိုးက နှစ်ပတ်လည်အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီလဝခန်းမဖြစ်မြောက်ရေးအတွက် Air Con ရှစ်လုံးနှင့် ငွေကျပ် ၂၅ သိန်းလှူဒါန်းသော MGM ကုမ္ပဏီပိုင်ရှင် ဦးတင်ဦး၊ ငွေကျပ်သိန်း ၅၀ လှူဒါန်းသော အမျိုးသား ကြီးပွားတိုးတက်ရေးကုမ္ပဏီ၊ နာရီလှူဒါန်းသော လှိုင်သာယာစက်မှုဇုန်ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် လူမှုထူးချွန်ပညာရေးဖောင်ဒေးရှင်းအတွက် လှိုင်သာယာစက်မှုဇုန်ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က ငွေကျပ်သိန်း ၁၀၀၊ ရမည်းသင်းအသင်း(ရန်ကုန်)က ငွေကျပ်ငါးသိန်း၊ ကိုကျော်သီဟနှင့် မရီရီမွန်တို့က ငွေကျပ်နှစ်သိန်း၊ ဦးမျိုးသန့်နှင့် ဒေါ်တင်ညွန့်ရွှေတို့က ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကျောက်ဖူးကျေးရွာအခြေခံပညာအလယ်တန်းကျောင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အလယ်တန်းကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဘိုနီ၊ တိုင်းဒေသကြီးဝန်ကြီး ဦးအောင်မောင်းနှင့် ဦးကျော်မြင့်၊ ခရိုင်ပညာရေးမှူး ဦးစန်းဌေးမောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများတွင် ဘတ်ဂျက်များကို အဆများစွာ တိုးမြှင့်သုံးစွဲထားပါကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံးရှိ ကျောင်းများအဆင့်တိုးမြှင့်ခြင်း၌ အလျင်အမြန် ဆောင်ရွက်လာနိုင်သည်ကိုတွေ့ရပါကြောင်း၊ ထို့အတူ မိဘများကလည်း ပညာကို လိုလားစွာဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်သည်ကိုလည်း တွေ့ရပါကြောင်း။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကလိုအပ်ချက်သည် ပညာရေးနှင့် ကျန်းမာရေးဖြစ်ပါကြောင်း၊ ပညာသည် ထူးထူးခြားခြား သိရှိခြင်းဟုလည်း ပြန်ဆို၍ရသကဲ့သို့ အမောဟလည်း ဖြစ်ပါကြောင်း၊ မောဟဆိုသည်မှာ အမှန်ကို မသိဘဲ အမှားကို တလွဲသိရှိခြင်း အမောဟဆိုသည်မှာ အမှန်ကို အမှန်အတိုင်း သိရှိခြင်းဖြစ်ပါကြောင်း၊ အမှန်ကို အမှန်အတိုင်းသိရှိမှသာ ဘဝတွင် ရင်ဆိုင်တွေ့ကြုံဖြေရှင်းရမည့် ပြဿနာပေါင်းများစွာကို ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ဖြေရှင်းနိုင်မှသာ လူ့ဘောင်ဘဝများ တစ်ဆင့်ပြီး တစ်ဆင့် မြင့်မားမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပညာကို အားကိုးရမည်ဖြစ်ပါကြောင်း၊ ပညာကိုအားကိုးသည့်အခါ မိသားစုအလိုက် မိမိကလေးများကို ဂရုစိုက်ရုံသာမက မိမိကျေးရွာရှိ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်အောင် ပညာကို ဆုံးခန်းတိုင်သင်ကြားနိုင်အောင် ဝိုင်းဝန်းစောင့်ရှောက်ကူညီပါဝင်ကြရန်လိုအပ်ပါကြောင်း၊ ယခုခေတ်သည် ပညာခေတ်ဖြစ်ပါကြောင်း၊ ပညာမတတ်လျှင် မည်သူ့ကိုမျှ ယှဉ်နိုင်မည်မဟုတ်ပါကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ရရှိအောင် အစိုးရပိုင်းက ဆောင်ရွက်နေသကဲ့သို့ မိဘများအပိုင်းအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ကျန်းမာရေးနှင့် ပတ်သက်၍လည်း ကျန်းမာရေးအသိပညာရှိကြရန် အရေးကြီးပါကြောင်း၊ ကျောင်းများတွင် ကျန်းမာရေးနှင့်ပတ်သက်၍ ပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာသည်နှင့်အမျှ ရေထု၊ လေထု၊ မြေထုထဲတွင်ရှိသည့် အပူချိန်သိပ်သည်းဆများ ပြောင်းလဲလာသည့်အတွက် ရောဂါအသစ်အဆန်းများ ပေါ်ပေါက်လာသည်ကို တွေ့ရပါကြောင်း၊ ယင်းရောဂါများအန္တရာယ်မှ ကာကွယ်တားဆီးနိုင်ရန် အထူးဂရုပြုရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ကလေးငယ်များသည် စာကိုသင်ကြားနေရုံဖြင့် မရတော့ဘဲ ကျန်းမာရေးလေ့ကျင့်ခန်းများ လုပ်ကြရန်လိုအပ်လာပါကြောင်း၊ ကလေးငယ်များ၏ ကျန်းမာရေးကို ဆရာ၊ ဆရာမများက အမြဲလေ့လာ စောင့်ကြည့်သင့်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကြိုးစားပမ်းစား သင်ကြားသော်လည်း ကျန်းမာရေးမပြည့်စုံသည့်ကလေးသည် သင်ကြားမှုကို အပြည့်အဝရရှိနိုင်မည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် ကျန်းမာရေးကိုလည်း ဂရုစိုက်ရမည်ဖြစ်သည့်အတွက် မိဘ၊ ကျောင်းသား၊ ဆရာများတွင် ကျန်းမာရေးအသိပညာများ ရှိကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တောင်သုံးလုံးဆရာတော်နှင့် ဒါယကာများက ငွေကျပ် ၉၁ သိန်းနှင့် ကျောက်ဖူးကျေးရွာမှ ငွေကျပ်သိန်း ၂၀ လှူဒါန်းခြင်းတို့အတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို အလှူရှင်များကိုယ်စား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြလေးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးဝင်းမောင်ထံ ပေးအပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးက ကျောက်ဖူးကျေးရွာအခြေခံပညာအလယ်တန်းကျောင်း သမိုင်းအကျဉ်းကို ရှင်းလင်းတင်ပြပြီးနောက် ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

(သတင်းစဉ်)

✽ *ကျောဖုံးမှ*

စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ မြန်မာ့သိုင်း၊ ဘော်လီဘော၊ အလေးမ၊ ဝူရှူး၊ Triathlon (သုံးမျိုးစုံ)၊ ခရစ်ကက်အားကစားနည်းများဖြစ်ပြီး ပြိုင်ပွဲဝင် ၁၅ သင်းနှင့် စုစုပေါင်းပြိုင်ပွဲဝင်အင်အားကျား ၂၈၉၅ ဦး၊ မ ၁၄၆၆ ဦး စုစုပေါင်း ၄၃၆၁ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရရှိခဲ့သော အောင်မြင်မှုများကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်စေရန်နှင့် ၂၀၁၅ ခုနှစ် ဇွန်လအတွင်း စင်ကာပူနိုင်ငံ၌ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရယူနိုင်ရေးအတွက် ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် မျိုးဆက်သစ်များ ပေါ်ထွက်လာရေးကို ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်းနှင့် ဖွင့်ပွဲ/ ပိတ်ပွဲအပါအဝင် အားကစားပြိုင်ပွဲအားလုံးကို အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် ကွင်းဝင်ပေါက်ဂိတ်အမှတ်(၁)ဂိတ်မှလွဲ၍ ကျန်ဂိတ်များအားလုံး၌ လုံခြုံရေးအရစစ်ဆေးခံ၍ အခမဲ့(အခမဲ့) ဝင်ရောက်ကြည့်ရှုအားပေးနိုင်ကြသည်။ **(အားကစား)**



ရခိုင်ပြည်နယ်အတွင်း ကျေးရွာ ၁၅ ရွာမှပြည်သူများ ငါးမွေးမြူထုတ်လုပ်နိုင်စေရန် ကျပ်သိန်းပေါင်း ၄၅၀၀ အရင်းမပျောက် မတည်ငွေထုတ်ပေးမည်

စစ်တွေ ဖေဖော်ဝါရီ ၈

ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာ၌ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် ငါးမွေးမြူထုတ်လုပ်နိုင်စေရန်နှင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် မြစိမ်းရောင်စီမံကိန်းအရ တစ်ရွာလျှင် အရင်းမပျောက် မတည်ငွေကျပ် သိန်း ၃၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်းပေါင်း ၄၅၀၀ ကို ဖေဖော်ဝါရီလအတွင်း အပြီးထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ထုတ်ချေးရန်အတွက် ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထူးမြင့်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဦးထွန်းသိန်းတို့မှ ဖေဖော်ဝါရီ ၂ ရက်တွင် စစ်တွေမြို့နယ် ကျေးတော၊ ပိုက်ဆိပ်ကျေးရွာများသို့ကွင်းဆင်း၍ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ အများပြည်သူများ ပွင့်လင်းမြင်သာသော ဆန္ဒအရ ကော်မတီဖွဲ့စည်းခဲ့သည်။

ထို့နောက် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင် ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေလုပ်ထုံးလုပ်နည်းနှင့် ငွေစာရင်းရေးသွင်းနည်း၊ လက်တွေ့သင်တန်းများကို ကော်မတီဝင်များသို့ ဆက်လက်သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မြစိမ်းရောင်စီမံကိန်း (ငါးလုပ်ငန်းဖွံ့ဖြိုးရေးကဏ္ဍ)အတွက် ပြည်နယ်အတွင်း စစ်တွေမြို့နယ်တွင် သုံးရွာ၊ ပုဏ္ဏားကျွန်းမြို့နယ်၌ နှစ်ရွာ၊ ပေါက်တောမြို့နယ်၌ တစ်ရွာ၊ ရသေ့တောင်မြို့နယ်၌ သုံးရွာ၊ မောင်တောမြို့နယ်၌ နှစ်ရွာ၊ ကျောက်ဖြူမြို့နယ်၌ တစ်ရွာ၊ သံတွဲမြို့နယ်တွင် သုံးရွာ စုစုပေါင်း ၁၅ ရွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

✱ *ရှေ့ဖုံးမှ*

လူဦးရေ သန်း ၅၀၀ တို့က ဝယ်လိုအားကောင်းနေသဖြင့် မြန်မာ့ကမ်းရိုးတန်း ရေချိုငါး၊ ပုစွန်မွေးမြူရေးကို တိုးချဲ့လုပ်ကိုင်ရန် လိုအပ်လာသည်။ ရေချိုငါးများ တိုးချဲ့မွေးမြူခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူရရှိမည်ဖြစ်သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရေချိုငါးဖမ်းလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၁၂၀ ရရှိရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လျာထားချက်နှင့်အညီရရှိရေးအတွက် ခေတ်မီငါးမွေးမြူရေးပညာရပ်များ လေ့လာပြီး ငါးကန်တစ်ဧက အထွက်နှုန်း ငါးပိဿာချိန် တိုးတက်ရရှိရေးကိုလည်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့က ငါးမွေးမြူရေးလုပ်ငန်းရှင်များကို နည်းပညာပေးခြင်း၊ ငါးမွေးမြူရာတွင် လိုအပ်သည့်အထောက်အကူပစ္စည်းများနှင့် ရင်းနှီးငွေများ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **အောင်ဝင်း**

နိုင်ငံတကာသတင်း

သမ္မတ ပူတင်နှင့် ခေါင်းဆောင်များ ယူကရိန်းအရေး ဖုန်းမှတစ်ဆင့် ဆွေးနွေးမည်

မော်စကို ဖေဖော်ဝါရီ ၈

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ဂျာမန်၊ ပြင်သစ်နှင့်ယူကရိန်း ခေါင်းဆောင်များနှင့် ဖုန်းမှတစ်ဆင့် ငြိမ်းချမ်းရေးဆွေးနွေးမည်ဟု သိရသည်။

ဂျာမန်အကြီးအကဲ အန်ဂျလာမာကယ်နှင့် ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်တို့က အစိုးရနှင့် သူပုန်တပ်ဖွဲ့များအကြား သွေးထွက်သံယိုတိုက်ခိုက်မှုများ အဆုံးသတ်စေမည့် အစီအစဉ်ကို အကောင်အထည်ဖော်ရန် တွန်းအားပေးလျက်ရှိသည်။

သောကြာနေ့က သမ္မတပူတင်နှင့်မော်စကိုတွင် တွေ့ဆုံခဲ့ပြီးနောက် ယူကရိန်းသမ္မတ ပက်ထရိုပိုရိုရှန်ကိုနှင့်အတူ စနေနေ့တွင် လေးပွင့်ဆိုင်ဆွေးနွေးပွဲတစ်ရပ် ကျင်းပရန် သဘောတူညီခဲ့သည်။

ပြီးခဲ့သည့် ဧပြီလမှ စတင် ၍ ယူကရိန်းအရှေ့ပိုင်းတွင် ပြည်သူဦးရေ ၅၀၀၀ ကျော် သေဆုံးခဲ့ရပြီး ၁၀၀၀ ကျော် ဒဏ်ရာရရှိကာ ပြည်သူတစ်သန်းခန့် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရသည်။

သူပုန်များသည် ထိုးစစ်ဆင်ရန် နည်းလမ်းသစ်များဖြင့် ပြင်ဆင်နေသည်ဟုဆိုကာ ယူကရိန်းစစ်တပ်က စနေနေ့က အမြောက်များဖြင့် တရစပ် ပစ်ခတ်ခဲ့ပြီး သူပုန်များက အစိုးရတပ်ဖွဲ့မှ စစ်ကြောင်းများ ခဲလျက်နယ်နိမိတ်မျဉ်းများတစ်လျှောက် တိုက်ခိုက်နေသည်ဟု စွပ်စွဲပြောဆိုခဲ့သည်။

မစ္စတာ ပိုရိုရှန်ကိုသည် အနောက်နိုင်ငံများသို့ လက်နက်ခဲယမ်း အကူအညီများပေးရန် ကမ်းလှမ်းခဲ့သည်။ ရုရှားသည်ယူကရိန်း အရှေ့ပိုင်း ပဋိပက္ခများတွင် တိုက်ရိုက်ပါဝင်ပတ်သက်ခြင်း မရှိဟု ငြင်းဆန်နေဆဲဖြစ်သည်။

(ဘီဘီစီ)

၁၂နှစ် ကြာ ညမထွက်ရအမိန့် ဘဂ္ဂဒက်တွင် ရုပ်သိမ်း

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၈

ဘဂ္ဂဒက်ပြည်သူများသည်အီရတ်မြို့တော် ၌ ၁၂ နှစ်ကြာ ညမထွက်ရအမိန့်ရုပ်သိမ်းပြီးနောက် အောင်ပွဲခံခဲ့ကြသည်။

အဆိုပါ ညမထွက်ရအမိန့် ရုပ်သိမ်းပြီးနောက် ပြည်သူများက လမ်းများပေါ်ထွက်ကာ ကခုန်ပျော်မြူးခဲ့ကြသည်ဟုဆိုသည်။ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည် ဘဂ္ဂဒက်မြို့ကို ပုံမှန်အနေအထား ရောက်အောင် ပြုလုပ်ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ် ဟိုက်ဒါအယ်လ်အဘာဒီက ပြောကြားသည်။

အဆိုပါ ညမထွက်ရ ရုပ်သိမ်းသည့်အမိန့်သည် စနေနေ့က မြို့တော်ဘဂ္ဂဒက်၌ အနည်းဆုံး လူပေါင်း ၃၂ ဦး သေဆုံးခဲ့သည့် ဆက်တိုက်ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် ထွက်ပေါ်လာခြင်း ဖြစ်သည်။

ဒေသခံများကို ယခင်က ည ၁၂ နာရီမှ နံနက် ၅ နာရီအထိ အပြင်မထွက်ရန် တားမြစ်ထားသည်။

အဆိုပါ ညမထွက်ရအမိန့် ရုပ်သိမ်းပြီးနောက် မြို့တော်ဘဂ္ဂဒက် ၌ လမ်းများပေါ်တွင် အလံများ ဝှေ့ယမ်း၍လည်းကောင်း၊ ကားဟွန်းများတီး၍လည်းကောင်း အောင်ပွဲခံခဲ့ကြသည်။

"ကျွန်တော်တို့ ဒီဆုံးဖြတ်ချက်ကို စောင့်နေတာ နှစ်နဲ့ချီကြာခဲ့ပါပြီ" ဟု ဆိုင်ပိုင်ရှင်မာဝမ်ဟယ်ရှမ်က ပြောသည်။ ယင်းဆုံးဖြတ်ချက်ကို တိုက်ခိုက်မှုများ ရှိနေသည့်တိုင် ရုပ်သိမ်းသွားမည် ဖြစ်ကြောင်း မစ္စတာ အဘာဒီ၏ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

(ဘီဘီစီ)

လေထုညစ်ညမ်းမှုကင်းစေမည့် ပြောက်အိုးကို တရုတ်တီထွင်

ကျန်ကျို့ ဖေဖော်ဝါရီ ၈

တရုတ်နိုင်ငံရှိ ပွဲတော်ကျင်းပသူများအနေဖြင့် ယခုနှစ်ဖေဖော်ဝါရီ ၁၉ ရက်နေ့တွင် ကျရောက်မည့် နွေဦးပွဲတော်၌ မီးရှူးမီးပန်းများဖြင့် ဖျော်ဖြေရန် ပြင်ဆင်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် ပွဲတော်ကို အစဉ်အလာ မပျက် ကျင်းပနိုင်ရေးတို့အတွက် ဗျာများလျက်ရှိသည်။

သို့သော် တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ်မှ အမျိုးသားတစ်ဦးက နှစ်ဖက်အကျိုးရှိစေမည့် တီထွင်မှုတစ်ခုပြုလုပ်ရန် ဖန်တီးခဲ့သည်။ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲနိုင်မည်ဖြစ်ပြီး တစ်ဆက်တည်းမှာပင် ပတ်ဝန်းကျင်ထိန်းသိမ်းရန် လူထုအားကူညီနိုင်မည့် ညစ်ညမ်းမှုမဖြစ်စေသော ပြောက်အိုးတစ်မျိုးကို ရေနံကုမ္ပဏီမှ အလုပ်သမားတစ်ဦးဖြစ်သည့် ဝမ်ဇင်မင်က တီထွင်လိုက်သည်။

"ကျွန်တော့်ရဲ့ တီထွင်မှုမှာ ပေါက်ကွဲစေတဲ့အရာတွေ မပါဝင်သလို လျှပ်စစ်ဓာတ်အားနဲ့ လည်ပတ်ထားခြင်းလည်း မရှိပါဘူး" ဟု အသက် ၂၉ နှစ်အရွယ်ရှိသည့် ဝမ်ကဆိုသည်။

ဇူလိုင်လအတွင်းကရရှိခဲ့သည့် မူပိုင်ခွင့်ထောက်ခံချက်အရ အဆိုပါ ပြောက်အိုးတွင် အလုံပိတ်ထားသည့် လေဖြည့်သွင်းနိုင်သော ကလိုင်ပေါက် တစ်ခုပါရှိသည်ဟု သိရသည်။ အသုံးပြုမည့်သူသည် ပြောက်အိုးရှိ ခလုတ်တစ်ခုကို ဖိလိုက်သည်နှင့်တစ်ပြိုင်နက် ကလိုင်ပေါက်မှ အပေါက်ငယ်တစ်ခု ပွင့်လာပြီး ဖိသိပ်ထားသည့်လေများကို ထုတ်လွှတ်လိုက်ခြင်းဖြင့် ပြောက်အိုးပေါက်သံထွက်ပေါ်လာမည်ဟု ဆိုသည်။

အဆိုပါ ပြောက်အိုးများသည် သာမန်ပြောက်အိုးများထက် လှပပြီး ဝယ်သူများအနေဖြင့် ရေမှုန်ရေငွေ့များ ထုတ်ပေးသည့် ပြောက်အိုးများနှင့် အမွှေးရနံ့ပါရှိသော ပြောက်အိုးများကိုပါ ရရှိနိုင်မည်ဟု ဝမ်က ပြောသည်။

တရုတ်လူမျိုးများသည် နွေဦးပွဲတော်များနှင့် တရုတ်နှစ်သစ်ကူးပွဲတော်များတွင် မကောင်းဆိုးဝါးများနှင့် ကံဆိုးခြင်းများ ကျရောက်မှုကို ဆူညံသံများက တားဆီးပေးနိုင်သည်ဟူသော အယူအဆဖြင့် နှစ်စဉ်မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ ပြောက်အိုးများဖောက်ခြင်းဖြင့် အစဉ်အလာမပျက်ကျင်းပကြသည်။ သို့သော်လည်း ယခုနှစ်များအတွင်း ပွဲတော်ကျင်းပမှုများသည် ဖုန်မှုန့်၊ ဆာလဖာဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့များနှင့် မီးခိုးများဖုံးလွှမ်းကာ လေထုညစ်ညမ်းစေသဖြင့် အပြစ်ဆိုဖွယ်ရာ ဖြစ်ခဲ့သည်။

ဝမ်က ၎င်း၏ ပြောက်အိုးသည် ပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိပြီး စိတ်ချရပြီး အများအပြားထုတ်လုပ်ရခြင်း မရှိသေးသော်လည်း ဈေးကွက်တွင် အလားအလာကောင်းနိုင်မည်ဟု ဆိုသည်။ ပလတ်စတစ်ကို အခြေခံ၍ ပြုလုပ်ထားပြီး ထုတ်လုပ်မှုကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂၅ ဒေါ်လာခန့်ရှိသည်။ ရောင်းဈေးမြင့်နိုင်သော်လည်း ပြန်လည်အသုံးပြုနိုင်သည်ဟု သိရသည်။

(ဆင်ဟွာ)

သဘော်ဖျက် ခရုစ်ဗ်ဒုံးကျည် မြောက်ကိုရီးယားစမ်းသပ်

ပြုံယမ်း ဖေဖော်ဝါရီ ၈

အမေရိကန်နှင့် တောင်ကိုရီးယားတို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုမစမီ မြောက်ကိုရီးယားက သဘော်ဖျက် ခရုစ်ဗ်ဒုံးကျည်တစ်စင်း စမ်းသပ်ပစ်လွှတ်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ အရှေ့ပင်လယ်အုပ်စုမှ ပစ်လွှတ်လိုက်သည့် အဆိုပါ ဒုံးကျည်စမ်းသပ်ရာနေရာသို့ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းသည်လည်း လာရောက်ကြည့်ရှုအားပေးခဲ့သည်ဟု မြောက်ကိုရီးယား စင်ထရယ်နယူးစ်အေဂျင်စီက စနေနေ့တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ ဒုံးကျည်စမ်းသပ်ခဲ့သည့် အချိန်နှင့်နေရာကို အတိအကျမပြောနိုင်သော်လည်း သဘော်ဖျက်ဒုံးကျည် အမျိုးအစားအသစ်ဖြစ်ကြောင်း ၎င်းဒုံးကျည်သည် မြောက်ကိုရီးယား ရေပိုင်နက်ကို ကာကွယ်ပေးနိုင်သည့် အခွင့်အလမ်းများစွာရှိကြောင်း နိုင်ငံပိုင်မီဒီယာက ဆိုသည်။

ဒုံးကျည်သည် ရုရှား လုပ် KH +35 သဘော်ဖျက်ဒုံးကျည်နှင့်တူပြီး ပင်လယ်မျက်နှာပြင်နှင့် ကပ်လျက်ပျံသန်းသွားနိုင်ကြောင်း ၈၁ မိုင်မှ ၈၇ မိုင်အထိ အကွာအဝေး ကိုပစ်လွှတ်နိုင်ကြောင်း တောင်ကိုရီးယား ရေတပ်အကြံပေး ရန်ယူကေက ပြောသည်။

(ဘီဘီစီ)

နိုင်ဂျီးရီးယားကျောင်းသူများ လွတ်မြောက်ရေးအတွက် နိုဘယ်ဆုရှင် တောင်းဆို

လေဂို့(စ်) ဖေဖော်ဝါရီ ၈

နိုဘယ်ဆုရှင် မာလာလာယူစွတ်ဇိုင်းသည် ဘိုကိုဟာရမ်တက်ဖရီ အကြမ်းဖက်အုပ်စုက ပြန်ပေးဆွဲထားသော နိုင်ဂျီးရီးယား ကျောင်းသူ ၂၀၀ ကျော် လွတ်မြောက်ရေးအတွက် တစ်ကမ္ဘာလုံးက ဝိုင်းဝန်းကြိုးပမ်းပေးကြရန် တောင်းဆိုခဲ့သည်။

နိုင်ဂျီးရီးယား ကျောင်းသူ ရာပေါင်းများစွာ ပြန်ပေးဆွဲခံခဲ့ရသည်မှာ ရက်ပေါင်း ၃၀၀ ရှိခဲ့ပြီဖြစ်သည်။ အဆိုပါ ကျောင်းသူလေးများ၏ လွတ်မြောက်ရေးအတွက် မိမိနှင့်အတူ ပူးပေါင်း၍ တောင်းဆိုမှုများ ပြုလုပ်ရန် နယ်ပယ် အသီးသီးမှ လူများကို တောင်းဆိုခဲ့သည်။ နိုင်ဂျီးရီးယား ခေါင်းဆောင်များနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ယခုပဋိပက္ခကိုအမြန်ဆုံးဖြေရှင်းရန်နှင့် အားနည်းချက်များကို ပြုပြင်ရန် ၎င်းက မြို့တော်လေဂို့(စ်)၌ ပြောကြားခဲ့သည်။

အကယ်၍ အဆိုပါ မိန်းကလေးငယ်များသည် ဩဇာအာဏာရှိသော(သို့မဟုတ်)စီးပွားရေးအင်အားတောင့်တင်းသော မိဘများမှ မွေးဖွားခံသူများဖြစ်ခဲ့လျှင် ၎င်းတို့၏ လွတ်မြောက်ရေးအတွက် ပို၍အားထုတ်ကြိုးပမ်းမည်ဖြစ်ကြောင်း၊ သို့သော် အဆိုပါ မိန်းကလေးငယ်များသည် နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ဘက် ဆင်းရဲသည့်ဒေသမှ မွေးဖွားလာသည့် သူများဖြစ်သည့်အတွက် ၎င်းတို့ ပြန်ပေးဆွဲခံခဲ့ရသည့် အချိန်မှစ၍ ယခုထိပြောင်းလဲမှု အနည်းငယ်သာရှိသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရကြောင်း မာလာလာယူစွတ်ဇိုင်းက ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ် ဧပြီလ၌ ဘိုကိုဟာရမ်အဖွဲ့သည် နိုင်ဂျီးရီးယားအရှေ့မြောက်ဘက် ချီဘော့မြို့ရှိ အလယ်တန်းကျောင်းမှ ကျောင်းသူ ၂၇၆ ဦးကို ပြန်ပေးဆွဲခဲ့သည်။ ၅၇ ဦးမှာ လွတ်မြောက်လာခဲ့ပြီး ၂၁၉ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။

ပြန်ပေးဆွဲခံရသည့် မိန်းကလေးများ၏ လွတ်မြောက်ရေးကို မစွမ်းဆောင်နိုင်သည့်အတွက် နိုင်ဂျီးရီးယားအစိုးရကို ပြင်းထန်စွာ ဝေဖန်လျက်ရှိသည်။

"အနောက်တိုင်း ပညာရေးကို ပိတ်ပင်သည်"ဟုအဓိပ္ပာယ်ရသည့် ဘိုကိုဟာရမ်အဖွဲ့၏ ရည်မှန်းချက်မှာ အစိုးရကို ဖြုတ်ချရေးပင်ဖြစ်ကြောင်း ပြောခဲ့သည်။

အဆိုပါ အဖွဲ့သည် နိုင်ဂျီးရီးယားနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ကင်မရွန်း၊ ချဒ်နှင့် နိုင်ဂျာနိုင်ငံတို့တွင်လည်း စစ်ရေးတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။

(ပရက်(စ်)တီဗွီ)

ပါလက်စတိုင်းမြို့သစ်ကြီး နေမည့်သူမရှိဖြစ်နေ

ပါလက်စတိုင်း ဖေဖော်ဝါရီ ၈

အစ္စရေးသိမ်းပိုက်ထားသော အနောက်ဘက်ကမ်းမှ အစပြုကာ ပါလက်စတိုင်း သန်းကြွယ်သူဌေးကြီး တစ်ဦး တည်ဆောက်ခဲ့သည့် မြို့သစ်သည် လုံးဝပြီးစီးသွားပြီ ဖြစ်သော်လည်း နေထိုင်သူတစ်ဦးတစ်ယောက်မျှ မရှိသကဲ့သို့ရေလည်း မရှိဟု ဆိုသည်။

အစ္စရေးသိမ်းပိုက်ထားသော အနောက်ဘက်ကမ်း ဒေသတောင်ကုန်းများကို ကျောထောက်နောက်ခံပြုလျက် မြို့သစ်ကို အမေရိကန်-ပါလက်စတိုင်း သန်းကြွယ်သူဌေးကြီး အရှာမာဆရီက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ရုပ်ရှင်ရုံများ၊ ဈေးဆိုင်များ၊ ပန်းခြံများနှင့် ကစားကွင်းများပါ ထည့်သွင်းတည်ဆောက်ထားသည့် အဆိုပါ ပါလက်စတိုင်းမြို့သစ်ကြီးသို့ လာရောက်နေထိုင်နိုင်ရန် သန်းကြွယ်သူဌေးကြီးက ပါလက်စတိုင်းပြည်သူများအား ဖိတ်ခေါ်ထားသည်။

ယင်းအိမ်ရာများသည် အလယ်အလတ်လူတန်းစားများအတွက် ပိုင်ဆိုင်မှုဖြစ်လာနိုင်သည်ဟု ဆိုသည်။ သို့သော်လည်း အငြင်းပွားဖွယ်မြေပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်၍ ဈေးနှုန်းမှာလည်း အငြင်းပွားဖွယ်ဖြစ်လာနိုင်ကြောင်း ပြည်သူများက ဝေဖန်ပြောဆိုလျက်ရှိသည်။

ပါလက်စတိုင်းမြေပေါ်တွင် အစ္စရေးအစိုးရနှင့် သဘောတူညီချက်ရယူပြီး ကိုယ်ကျိုးစီးပွားအမြတ်ထုတ်နေသည်ဟု စွပ်စွဲလိုက်သည်။

(ဘီဘီစီ)



ပြည်တွင်းသတင်း

သုံးနှစ်အတွင်း ရော်ဘာဈေး အနိမ့်ဆုံးရောက်

ရွှေကျင် ဖေဖော်ဝါရီ ၈

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ ယခုနှစ် ရော်ဘာရာသီ ဈေးနှုန်းသည် RSS-3 တစ်ပေါင်လျှင် ငွေကျပ် ၅၁၅ ကျပ်ခန့်သာ ရရှိသည့်အတွက် သုံးနှစ်အတွင်း ရော်ဘာဈေးနှုန်း အနိမ့်ဆုံးသို့ ရောက်ရှိလာကြောင်း ယင်းဒေသအတွင်းရှိ ရော်ဘာအဝယ်ဒိုင်များ၏ ပြောပြချက်အရ သိရသည်။

ရွှေကျင်မြို့နယ် ခြေတော်ရာကျေးရွာ တက်လမ်းရော်ဘာအဝယ်ဒိုင်တွင် ရော်ဘာများ လာရောက်ရောင်းချထားမှုကို တွေ့မြင်ရစဉ်။

၂၀၁၂ ခုနှစ်က RSS-3 အဆင့်ရှိ ရော်ဘာတစ်ပေါင်လျှင် ငွေကျပ် ၁၀၀၀ အထိရှိခဲ့ပြီး နှစ်တိုင်းဆက်လက်ကျဆင်းလာရာ ယခုနှစ်တွင် အနိမ့်ဆုံးဈေးသို့ ရောက်ရှိနေသည့်အပြင် ဈေးနှုန်းတည်ငြိမ်မှုလည်းမရှိသေးကြောင်း သိရသည်။

"ဒီနှစ်တစ်နှစ်လုံး ဈေးမတက်နိုင်ဘူးလို့ထင်တာပဲ။ တက်ရင်လည်း အနည်းအကျဉ်းလောက်ပဲ။ ကျဖို့ကတော့ နှစ်တိုင်းလိုလို အဆင်သင့်ပဲ။ မနှစ်ကနဲ့ နှိုင်းယှဉ်ရင် ဒီနှစ်ပိုကျတယ်။ မနှစ်ကဆို တစ်ပေါင်ကို ငွေကျပ် ၈၀၀ အထိရှိသေးတယ်" ဟု ဒေသခံရော်ဘာ ရောင်းဝယ်ရေးဒိုင်မှ သိရသည်။

ရွှေကျင်မြို့နယ်မှ ထွက်သည့် ရော်ဘာများကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေပြီး ပို့ကုန်အရည်အသွေးမမီသေးသည့်အတွက် ဈေးနှိမ်ပေးဝယ်နေသည်ဟု ရွှေကျင်မြို့နယ် ရော်ဘာလုပ်ငန်းရှင်အသင်းအတွင်းရေးမှူး ဦးခင်မောင်သက်က ပြောသည်။

"ရော်ဘာရဲ့ အဓိကဈေးကွက်က Quality (အရည်အသွေး)ပဲ။ ဈေးနှုန်းက Quality နဲ့ဆိုင်တယ်။ ကမ္ဘာ့ဈေးကွက်မှာက Quality ကောင်းရင်တော့ ဈေးကောင်းရမှာပဲ။ ကိုယ့်ဆီကထွက်တဲ့ရော်ဘာတွေက အရည်အသွေးမကောင်းဘူး။ တရုတ်ပဲပို့နိုင်တယ်ဆိုတော့ တရုတ်ဈေးပဲရမှာပေါ့" ဟု ရော်ဘာအရောင်းအဝယ်လုပ်သူ ဦးမျိုးက ပြောသည်။

ရော်ဘာ အချောများဖြစ်သည့် RSS-3 အမျိုးအစား တစ်ပေါင်ကို ၅၁၅ ကျပ်ဝန်းကျင် ရရှိနေသော်လည်း ရော်ဘာ RSS-5 ဈေးနှုန်းမှာမူ တစ်ပေါင်ကို ငွေကျပ် ၄၉၀ ဝန်းကျင်သာရရှိကြောင်း ဒေသခံများက ပြောကြားသည်။

ရွှေကျင်မြို့နယ်၌ ရော်ဘာကို စီးပွားရေးလုပ်ငန်းအဖြစ် အများအပြားစိုက်ပျိုးလုပ်ကိုင်ကြပြီး မြို့နယ်တစ်ခုလုံး ရော်ဘာစိုက်ပျိုးမြေဧက ၄၂၂၆၀ ခန့်ရှိသည်။ ယင်းတို့အထဲမှ ၈၈၂၇ ဧကခန့်သာ ရော်ဘာထုတ်လုပ်နိုင်သော်လည်း ကုန်ချောထုတ်လုပ်နိုင်သည့် နည်းပညာဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုမရှိသည့်အတွက် ပြည်ပသို့ ကုန်ကြမ်းအဖြစ်သာ တင်ပို့နေရဆဲဖြစ်သည်။

ရွှေကျင်မြို့နယ်၌ ရော်ဘာပင်များစိုက်ပျိုးထားမှုကို တွေ့ရစဉ်။

ယခုအခါ ဂျပန်နိုင်ငံမှ မြန်မာ့ရော်ဘာ ဝယ်ယူရန်အတွက် လာရောက် လေ့လာမှုရှိနေသော်လည်း လိုအပ်သမျှ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်တင်ပို့နိုင်ရန် အခက်အခဲရှိနေသည့်အတွက် အကောင်အထည်ဖော်နိုင်ရန် ကြိုးစားနေဆဲဖြစ်ကြောင်း ရွှေကျင်မြို့နယ် ရော်ဘာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

သိန်းညွန့်(ပိန်းဇလုပ်)

အရှိန်လွန်ကား ဆိုင်ကယ်ကိုဝင်တိုက်မိပြီး လမ်းဘေးချောက်ထဲထိုးကျ

ဘားအံ ဖေဖော်ဝါရီ ၈

ကရင်ပြည်နယ် ဘားအံမြို့နယ် အထက်ကော့ရင်းကျေးရွာရှိ ရွှေဝါထွန်းလမ်းထိပ် သထုံ-ဘားအံကားလမ်းပေါ်၌ မြဝတီ-ဘားအံ ခရီးသည်တင်ယာဉ်တစ်စီးက ယာဉ်ကြောတူမောင်းနှင်နေသော ဆိုင်ကယ်တစ်စီးကို ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်ကို တိုက်မိကာ လမ်းဘေးချောက်ထဲ ထိုးကျခဲ့သော ဖြစ်စဉ်တစ်ခု ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီခွဲက ဖြစ်ပွားခဲ့သည်။

အခင်းဖြစ်ရပ်သို့ မြိုင်ကလေးရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ သထုံဘက်မှ ဘားအံဘက်သို့ ယာဉ်မောင်း သန်းဇော် (၄၁နှစ်) မောင်းနှင်သည့် ယာဉ်အမှတ် ၉ယ/---- LIBERTY အမျိုးအစား (လိုင်စင်စိစစ်ဆဲ) သထုံ-ဘားအံ-မြဝတီ ခရီးသည်တင်ယာဉ်သည် မိုင်တိုင်အမှတ် ၁၄/၇ နှင့် ၁၅/၀ ကြား ရွှေဝါထွန်းရွာထိပ်သို့အရောက် ယာဉ်ကြောတစ်ခုတည်း ရှေ့မှမောင်းနှင်နေသော ဦးကျော်ကျော်ထွန်း (၅၈)နှစ် ကထိက စိုက်ပျိုးရေးသိပ္ပံ (ဇွဲကပင်) မောင်းနှင်လသည့် နံပါတ်မပါ လိုင်စင် (စိစစ်ဆဲ) Wave- I 125 အမျိုးအစား ဆိုင်ကယ်ကို ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်၏ ဝဲဘက်ခြမ်းနောက်ခြေနင်းတုံးနှင့် လက်ကိုင်တို့ကို ဝင်ရောက်ချိတ်မိရာ ဆိုင်ကယ်တိမ်းမှောက်သွားခဲ့သည်။

အဆိုပါယာဉ်မှာ လမ်း ၁၅/၀ မိုင်တိုင်ကို ထပ်မံတိုက်မိခဲ့ပြီး လမ်းဘေးချောက်အတွင်းသို့ ထိုးကျခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူ ဆရာတော်ဦးပါဝါရ၊ ဦးသိန်းဇော်နှင့် ဆိုင်ကယ်မောင်းသူဦးကျော်ကျော်ထွန်းတို့ ဒဏ်ရာများရရှိခဲ့သဖြင့် ဘားအံပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ခဲ့ရသည်။

အမှုဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း သန်းဇော်အား ဘားအံမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

ရန်ကုန်-မော်လမြိုင် အမှတ်(၃၅)အဆန် လူစီးအမြန်ရထားလမ်းချော်

မော်လမြိုင် ဖေဖော်ဝါရီ ၈

ရန်ကုန်မှ မော်လမြိုင်သို့ စက်ခေါင်းမောင်း ဦးတင်ဝင်းနှင့် ရထားထိန်း ဦးခင်ကြိုင်တို့ လိုက်ပါတာဝန်ထမ်းဆောင်သော ရန်ကုန်-မော်လမြိုင် အမှတ်(၃၅)အဆန် အမြန်လူစီးရထားသည် ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်က ကျိုက္ကသာဘူတာနှင့် ဘူတာကြီး ဘူတာကြား ရထားလမ်း မိုင်တိုင်အမှတ်(၉၄/၃မှ၅)တွင် စက်ခေါင်း၏ နှစ်တွဲမြောက် BDUEZ 12737 အထက်တန်းလူစီးတွဲ ဘီးအမှတ်(၃/၄) သံလမ်းအပြင်သို့ကျသွားပြီး ဘီးအမှတ်(၅/၆)မှာ သံလမ်းအတွင်းသို့ တစ်ပေခန့် ကွာကျသွားကြောင်း သိရသည်။

အဆိုပါ ရထားလမ်းချော်ကျသည့်နေရာသို့ မြန်မာ့မီးရထား အမှတ်(၈)တိုင်း မော်လမြိုင်မှ သွားလာပို့ဆောင်ရေး တိုင်းတာဝန်ခံ ဦးစိုးရွှေ၊ အင်ဂျင်နီယာမှူး စက်မှုမန်နေဂျာ ဦးစန်းဦး၊ အင်ဂျင်နီယာမှူး မြို့ပြ ဦးစန်းအောင်၊ မုပ္ပလင်ဘူတာနှင့် သထုံဘူတာမှ တွဲပြင်လုပ်သားများက လမ်းချော်ကျသည့် ဘီးများကို မတင်ခဲ့ကြောင်း သိရသည်။

ရထားလမ်းချော်ကျမှုကြောင့် ခရီးသည်တစ်ယောက်မျှ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း၊ လမ်းချော်ကျမှုနှင့် ပတ်သက်၍ တာဝန်ရှိသူများက အသေးစိတ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(လ/၀၁၂)

တောင်ညိုကြိုးဝိုင်းအတွင်း တရားမဝင်သစ် ရှာဖွေဖမ်းဆီး

နတ်တလင်း ဖေဖော်ဝါရီ ၈- ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဝင်း ခေါင်းဆောင်သော သာယာဝတီခရိုင် နတ်တလင်း၊ ကြို့ပင်ကောက်၊ ဇီးကုန်းမြို့နယ်များနှင့် ဇီးကုန်းမြို့ သစ်ထုတ်ရေးဒေသမှ ဝန်ထမ်းများ ပူးပေါင်းပါဝင်သောအဖွဲ့သည် နတ်တလင်းမြို့နယ် တောင်ညိုကြိုးဝိုင်းအတွင်း တရားမဝင် သစ်ရှာဖွေဖမ်းဆီးခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ ဆောင်ရွက်ခဲ့ရာ တောင်ညိုကြိုးဝိုင်းအတွင်းရှိ အကွက်ပေါင်း ၁၁ ကွက်နှင့် တောင်ညိုဆည်နှင့် သဖန်းချောင်းကျေးရွာတစ်လျှောက်ရှိ နေရာပေါင်း ၃၁ နေရာ၌ တရားမဝင် ကျွန်းသစ်လုံး၊ ကျွန်းတိုင်၊ ကျွန်းခွဲသား ၂၆၉ ဒသမ ၉၉၉၄ တန်နှင့် ပျဉ်းကတိုးသစ်လုံးနှင့် အခြားသစ်လုံး ၁၉ ဒသမ ၉၇၆၀ တန် စုစုပေါင်း ၂၈၉ ဒသမ ၉၇၅၄ တန်၊ Nissan UD ခေါင်းဖြူ ၁၀ ဘီးတစ်စီး၊ Chainsaw နှစ်လက်၊ ဆိုင်ကယ်တစ်စီးတို့ကို ရှာဖွေဖမ်းဆီးရရှိခဲ့သည်။ သာယာဝတီခရိုင်၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အကြိမ်ပေါင်း ၆၄၃ ကြိမ်မှ သစ်တန်ပေါင်း ၁၃၂၂ ဒသမ ၇၀၅၃ တန် ဖမ်းဆီးနိုင်ခဲ့ပြီး ယခင်နှစ်ကထက် ပိုမိုဖမ်းဆီးနိုင်ခဲ့ကြောင်း သစ်တောဦးစီးဌာနမှ တာဝန်ရှိသူက ပြောပြသည်။

တင်မြင့်(နတ်တလင်း)

ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့် မွေးနေ့ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုရဲ့ကျေးဇူးရှင် ဗိုလ်ချုပ် တို့ဖခင်

ထက်မင်း

မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းသာ သက်ရှိထင်ရှားရှိနေမည်ဆိုပါက ယခုကျရောက်မည့် ဖေဖော်ဝါရီလ ၁၃ ရက်နေ့သည် ဗိုလ်ချုပ်၏အသက်(၁၀၀) ပြည့်မွေးနေ့ဖြစ်ပေသည်။ ဗိုလ်ချုပ်ကျဆုံးသွားခဲ့သည်မှာ နှစ်ပေါင်း (၇၀) နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း သက်ရှိထင်ရှား ရှိနေသည့်နှယ် ဗိုလ်ချုပ်၏ နှစ်(၁၀၀) ပြည့်မွေးနေ့ကို တစ်နိုင်ငံလုံးက ဂုဏ်ယူလေးမြတ်စွာဝှဲချီးကျင်းပလျက်ရှိကြပေသည်။ တစ်နည်းအားဖြင့်ဆိုရသော် ပြည်ထောင်စု၏ကျေးဇူးရှင်ဗိုလ်ချုပ်ကို ကျွန်ုပ်တို့ပြည်သူများက ကျေးဇူးဆပ်ခြင်းတစ်ပါးပင်ဖြစ်ပါ၏။

မြန်မာအဘိဓာန်စာအုပ်တွင် ကျေးဇူးဟူသော အဓိပ္ပာယ်မှာ "တစ်ဦးက အခြားတစ်ဦးအပေါ်တွင် ပြုသောအကျိုးဆောင်မှု၊ ကောင်းကျိုး" ဟူ၍ဖော်ပြထားပြီး ကျေးဇူးရှင်ဟူသောအဓိပ္ပာယ်ကို "ကျေးဇူးပြုသောသူ" ဟု ဖွင့်ဆိုထားပါသည်။

> **ဗိုလ်ချုပ်သည် ငယ်စဉ်ကပင် ရိုးသား ဖြောင့်မတ်သူ ဖြစ်၏။ လိမ်သည်ကို မကြိုက်။ အမှန်တရားကို မြတ်နိုးသည့်သူ ဖြစ်၏။ ရာထူး ဂုဏ်သိန်၊ စည်းစိမ် ဥစ္စာကို မမက်၊ ကိုယ်ကျိုး မဖက်သူဖြစ်၏။**

သို့ဆိုလျှင် ပြည်ထောင်စုသားအားလုံးတို့အတွက် ပြုလုပ်ခဲ့သော အကျိုးဆောင်မှု ကောင်းကျိုးအစုစုများကြောင့် ဗိုလ်ချုပ်ကို ပြည်ထောင်စု၏ ကျေးဇူးရှင်၊ အနန္တောအနန္တငါးပါးဂိုဏ်းဝင် ဖခင်သဖွယ် ကြည်ညိုလေးစားရိုသေတန်ဖိုးထားကြသည်ကို တွေ့ရှိနိုင်မည်ဖြစ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂက ကလေးသူငယ်များကို ဂုဏ်ပြုသည့်အနေဖြင့် အပြည်ပြည်ဆိုင်ရာ ကလေးများနေ့အဖြစ် သတ်မှတ်ပေးခဲ့ရာ နိုင်ငံအရပ်ရပ်တွင် ၎င်းတို့၏ သမိုင်းကြောင်းနောက်ခံပေါ်မူတည်၍ သင့်တော်သည့်ရက်ကို သတ်မှတ်ကျင်းပလျက်ရှိကြပါသည်။ မြန်မာနိုင်ငံ၌လည်း ဗိုလ်ချုပ်မွေးရက်ဖြစ်သည့် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် မြန်မာနိုင်ငံ ကလေးများနေ့ဟု သတ်မှတ်ထားလေရာ ကလေးများနေ့ဟုဆိုသော်လည်း တိုင်းပြည်၏ သမိုင်းဝင်နေ့တစ်နေ့ဖြစ်နေခဲ့ပြီး ယခုလို ဗိုလ်ချုပ်၏ နှစ်(၁၀၀)ပြည့်မွေးနေ့နှင့် တိုက်ဆိုင်နေချိန်တွင်မူ တိုင်းပြည်နှင့်အဝန်း စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြရာ အသွင်သဏ္ဌာန်ရော၊ အနှစ်သာရအရပါ ကြီးကျယ်မြင့်မြတ်လှကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။

ဗိုလ်ချုပ်၏ တိုင်းပြည်ကောင်းကျိုးဖော်ဆောင်မှုအစုစုကား သူ့သက်တမ်းနှင့် မမျှအောင် ကြီးကျယ်များပြား ကျယ်ပြန့်လွန်းလှပါသည်။ စွမ်းဆောင်ရည်များကလည်း အံ့သြဘနန်း ဖြစ်ရပါ၏။ သူ၏လမ်းစဉ်များနှင့် လုပ်ဆောင်ချက်များကလည်း ကာလအဆက်ဆက် နောက်မျိုးဆက်များထိတိုင် မှန်ကန်သောလမ်းကြောင်းသို့ တည့်မတ်ပေးနိုင်ခဲ့ပါပေ၏။

ဗိုလ်ချုပ်၏ကျေးဇူးကား အဖိုးအနဂ္ဃကြီးမားလှပေစွ။ ကျွန်ုပ်တို့အနေဖြင့် ဗိုလ်ချုပ်ကို သတိရလေးစားပြီး ယခုကဲ့သို့ဂုဏ်ပြုပွဲများ တခမ်းတနား ကျင်းပနေခြင်းသည် အတိုင်းအတာတစ်ခုအထိသာ ကျေးဇူးဆပ်ရာရောက်ပေမည်။ ဂုဏ်ယူမှုအပြင် ဗိုလ်ချုပ်ကဲ့သို့သော စွမ်းဆောင်ရည်ရှိသည့် လူငယ်ခေါင်းဆောင်ကောင်းများဖြစ်လာအောင် လိုက်နာကျင့်ကြံကြမည်ဆိုပါလျှင် ဗိုလ်ချုပ်ကို တုံ့ပြန်ကျေးဇူးဆပ်သူများအဖြစ် တမလွန်မှ ဗိုလ်ချုပ်က ကြည်နူးကျေနပ်ဂုဏ်ယူနေမည်ဟု ယုံကြည်မိပါသည်။

ဗိုလ်ချုပ်၏ကောင်းမြတ်သောအစဉ်အလာများကို လက်လှမ်းမီသမျှ စုစည်းကြည့်ကြပါစို့။

ဗိုလ်ချုပ်နှင့် ကိုယ်ကျင့်သိက္ခာ

ဗိုလ်ချုပ်သည် ငယ်စဉ်ကပင် ရိုးသားဖြောင့်မတ်သူဖြစ်၏။ လိမ်သည်ကိုမကြိုက်။ အမှန်တရားကို မြတ်နိုးသည့်သူဖြစ်၏။ ရာထူးဂုဏ်သိန်၊ စည်းစိမ်ဥစ္စာကိုမမက်၊ ကိုယ်ကျိုးမဖက်သူဖြစ်၏။ ပြည်သူတစ်ဦး၊ ကျောင်းသားတစ်ဦး၊ အယ်ဒီတာတစ်ဦး၊ နိုင်ငံရေးသမားတစ်ဦး၊ စစ်ခေါင်းဆောင်တစ်ဦး၊ နိုင်ငံ့ခေါင်းဆောင်တစ်ဦး စသည်ဖြင့် ကျရာကဏ္ဍတိုင်းဝယ် သက်ဆိုင်ရာကျင့်ဝတ်တို့ကို မချိုးမဖောက်ဘဲ စံနမူနာပြလောက်အောင် ထိန်းသိမ်းနိုင်ခဲ့သူဖြစ်၏။ ထို့ကြောင့်လည်း ဗိုလ်ချုပ်သည် ကိုယ်ကျင့်သိက္ခာနှင့် ကျင့်ဝတ်ကို ထိန်းသိမ်းလိုက်နာရာတွင် စံပြုထိုက်ပါပေ၏။

ဗိုလ်ချုပ်နှင့်ပညာရေး

ဗိုလ်ချုပ်သည် ပညာကို လိုလားစိတ်ရှိသူဖြစ်ပြီး ငယ်စဉ်ကပင် ထူးချွန်၏။ ကျောင်းစာအပြင် ပြင်ပဗဟုသုတစာများကိုပါ ခေတ်အမြင်၊ ခေတ်အတွေးနှင့် စိတ်ဝင်တစား ဖတ်မှတ်လေ့လာသူဖြစ်၏။ မိခင်ဘာသာစကားအပြင် ကျွန်ပြုလာသည့်နယ်ချဲ့တို့၏ အင်္ဂလိပ်ဘာသာစကားကိုလည်း ရေး၊ ဖတ်၊ ပြောရာတွင် ကျွမ်းကျင်၏။ စစ်ပညာသင်ရာတွင်လည်း သေးငယ်သောခန္ဓာကိုယ်က မျိုးချစ်စိတ် ထက်သန်မှုကို အခြေတည်ကာ ကြိုးပမ်းဆည်းပူးခဲ့သဖြင့် ရဲဘော်သုံးကျိပ်အစပြုသော ခေတ်မီမြန်မာ့တပ်မတော်ကို ဦးစီးဦးဆောင်ပြု၍ ထူထောင်နိုင်ခဲ့သူဖြစ်၏။ အသိပညာနှင့် အတတ်ပညာပြည့်စုံမှုတို့သည် နယ်ချဲ့တို့ကို တွန်းလှန်ဖယ်ရှားခဲ့ရာတွင် လူထုတစ်ရပ်လုံးကို ခေါင်းဆောင်နိုင်သည့် အရည်အချင်းကို ဖြစ်ပေါ်စေခဲ့သည်ဟုဆိုရမည်ဖြစ်ပါသည်။ ဗိုလ်ချုပ်၏ပညာလိုလားစိတ်နှင့် ကြိုးစားအားထုတ်မှုတို့ကား စံပြုထိုက်ပါပေ၏။

အပြောနှင့်အလုပ်ညီ၊ ကတိတည်သည့်ဗိုလ်ချုပ်

ဗိုလ်ချုပ်က စကားကို အပိုမပြော၊ ပြောသည့်အတိုင်းကို ဖြစ်အောင်လုပ်သောသူဖြစ်၏။ ထင်ရှားသောဥပမာပေးရလျှင် ဗိုလ်ချုပ်အား အပြောနှင့်အလုပ်ညီ၊ မညီကို နယ်ချဲ့အင်္ဂလိပ်ကပင် စမ်းသပ်ခဲ့ပါသေးသည်။ ယင်းကား အောင်ဆန်း-အက်တလီစာချုပ်ကို ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ချုပ်ဆိုစဉ်က အချက်တစ်ခုအနေဖြင့် "တောင်တန်းဒေသနှင့် တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များကိုယ်တိုင်က မြန်မာပြည်မနှင့် အေးအတူပူအမျှ လွတ်လပ်ရေးကို တစ်ပြိုင်နက် ရယူလိုပါသည်ဟု ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပမည့် ပင်လုံညီလာခံတွင် အခိုင်အမာစာချုပ်တစ်ခု လက်မှတ်ရေးထိုးချုပ်ဆိုရမည်" ဟု ထည့်သွင်းခဲ့ပြီး ထိုအတိုင်း မဆောင်ရွက်နိုင်ပါက လွတ်လပ်ရေးသည် အလှမ်းဝေးနေမည့် အခြေအနေကို ဖန်တီးခဲ့ပါသေးသည်။ သို့သော် အပြောနှင့်အလုပ်ညီအောင် လုပ်နိုင်ခဲ့သည့် ဗိုလ်ချုပ်သည် အဆိုပါလက်မှတ်ရေးထိုးခဲ့သည့် ဇန်နဝါရီလကုန်မှ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ မတိုင်မီအထိ တိုတောင်းသောကြားကာလအတွင်း မြန်မာပြည်တစ်နံတစ်လျားမနေမနားသွားရင်း အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ကာ ပင်လုံစာချုပ်ဖြင့် ပြည်ထောင်စုဂုဏ်ပုဒ်ကို ဖော်ထုတ်နိုင်ခဲ့ပါသည်။

ကတိတည်သောဗိုလ်ချုပ်ဖြစ်ကြောင်း နိုင်ငံနှင့်ချီ၍ ပြနိုင်သည့်ဥပမာတစ်ခုမှာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပသည့် ဂုဏ်ပြုဧည့်ခံပွဲတစ်ရပ်၌ ဗိုလ်ချုပ်ကပြောကြားခဲ့သော "တစ်နှစ်အတွင်း လွတ်လပ်ရေးရမယ်" ဟူသော ကတိစကားပင်ဖြစ်၏။ ထိုဗိုလ်ချုပ်၏ ကမ္ဘာကျော်သော ကတိ၊ မြန်မာပျော်သော ကတိဖြင့် ပြည်သူတစ်ရပ်လုံး မျှော်မှန်းသည့်လွတ်လပ်ပန်းကို ဆွတ်ခူးပေးနိုင်ခဲ့ပါ၏။ အချိန်မတိုင်မီ ကျဆုံးခဲ့ရသော်လည်း ကွယ်လွန်သွားသည့်တိုင် ပေးထားသောကတိအတိုင်းတည်အောင် ပြုလုပ်ပေးနိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ဗိုလ်ချုပ်ကို တိုင်းရင်းသားပြည်သူများကသာမက ပြည်ပနိုင်ငံများမှ ခေါင်းဆောင်များကိုယ်တိုင် လေးစားခဲ့ကြခြင်းဖြစ်ပါသည်။

ဗိုလ်ချုပ်ကား အပြောနှင့်အလုပ်ညီပြီး ကတိတည်ရာတွင် စံပြုထိုက်ပါပေ၏။

ဗိုလ်ချုပ်၏အသည်းစွဲလုပ်ငန်းစဉ် (၂) ရပ်

ဗိုလ်ချုပ်၏ ဘဝတစ်လျှောက်လုံး ဆောင်ရွက်ခဲ့မှုအရပ်ရပ်ကို အနှစ်ချုပ်ပါက အဓိကအားဖြင့် အရေးကြီးသောလုပ်ငန်း (၂)ရပ်ရှိကြောင်း ပေါ်လွင်ထင်ရှားစွာ တွေ့ရှိနိုင်ပါသည်။ ပထမတစ်ခုမှာ နိုင်ငံလွတ်လပ်ရေးရပါက ဒီမိုကရေစီအရ (ဝါ) ပြည်သူလူထုအများစု၏ ဆန္ဒအရ အုပ်ချုပ်ခွင့်ရသော နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန်ဖြစ်၏။ ကျန်လုပ်ငန်းတစ်ခုမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသော မြန်မာတိုင်းရင်းသားတို့ စည်းစည်းလုံးလုံးရှိ၍ တရားမျှတသောအခွင့်အရေးများကိုခံစားနိုင်သည့် ပြည်ထောင်စုနိုင်ငံကြီးဖြစ်လာအောင် ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်၏။

ယင်းလုပ်ငန်းစဉ် (၂) ရပ်ကို ဗိုလ်ချုပ်၏သက်တမ်းတစ်လျှောက် တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ရင်းမှ လေ့လော်ရင်းတက်ကျိုး အဖြစ်ဆိုးနှင့်ကြုံရကာ ဗိုလ်ချုပ်ကို ဆုံးရှုံးခဲ့ရပါသည်။ သို့သော် ဗိုလ်ချုပ်မျှော်မှန်းခဲ့သော လုပ်ငန်းစဉ်များကား ပျက်သုဉ်းမသွားခဲ့ဘဲ ယနေ့တိုင် အသက်ဝင် ရှင်သန်နေဆဲဖြစ်ပြီး သမိုင်းပေးတာဝန်များအဖြစ် ထာဝစဉ်တည်ရှိနေမည်သာဖြစ်ပါသည်။

ရရှိပြီးလွတ်လပ်ရေးကို တစ်ဖန်ပြန်လည်မဆုံးရှုံးရလေအောင် အမျိုးသားရေးတာဝန်အဖြစ် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ သားစဉ်မြေးဆက်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားရမည် ဖြစ်ပါသည်။

ယနေ့အချိန်ကာလသည် ဗိုလ်ချုပ်ကရည်မှန်းခဲ့ပြီး ပြည်သူတစ်ရပ်လုံးက တောင့်တဆန္ဒရှိနေကြသည့် ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသည့် အသွင်ကူးပြောင်းရေးကာလဖြစ်ပါသည်။ ရည်မှန်းချက်ကို အမြန်ဆုံးပေါက်ရောက် အောင်မြင်စေရန်မှာမူ ပေါင်းစည်းစွမ်းအားဖြင့် လုပ်ဆောင်နိုင်မှု အထူးပင်လိုအပ်လှပါသည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်က အထက်တွင်ဖော်ပြခဲ့သည့် ပြည်ထောင်စု စိတ်ဓာတ်ပင်ဖြစ်ကြောင်း ယနေ့နိုင်ငံ့အရေးကို လုပ်ဆောင်နေကြသည့်အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအားလုံးအထူးသတိပြု လိုက်နာဆောင်ရွက်သင့်ပါသည်။

သမိုင်းထဲမှာ ထာဝရရှင်သန်နေမည့် ဗိုလ်ချုပ်

ဗိုလ်ချုပ်၏ဂုဏ်ရည်ကား တုနှိုင်းဖွယ်ရာမရှိ မွန်မြတ်လှပါ၏။ အားကျစရာ၊ ဂုဏ်ယူစရာ၊ လေးစားစရာ၊ ကြည်ညိုဖွယ်ရာ၊ နှစ်ခြိုက်ဖွယ်ရာဖြစ်ပါ၏။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ဗိုလ်ချုပ်၏ လုပ်ဆောင်မှုများသည် အဓိကကျသော ဦးဆောင်ဦးရွက်ပြုအခန်းကဏ္ဍ၌ အစဉ်အမြဲ ယှဉ်တွဲပါဝင်နေမည်သာဖြစ်ပါသည်။ ခွဲထုတ်၍ မရနိုင်ပါ။

လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာခဲ့သော မြန်မာ့တပ်မတော်၏ သမိုင်းတွင်လည်း ခေတ်မီတပ်မတော်ကို စတင်ထူထောင်ခဲ့သည့် တပ်မတော်၏ဖခင်အဖြစ် ဗိုလ်ချုပ်၏ပုံရိပ်သည် ထာဝစဉ် တည်ရှိနေမည်သာဖြစ်ပါ၏။ ချန်လှပ်ထားခဲ့၍ မရနိုင်ပါ။

ပြည်ထောင်စုစိတ်ထားကို ဖော်ဆောင်ရာတွင် ပင်လုံစာချုပ်၏ပဲ့ကိုင်ရှင် တစ်နည်းအားဖြင့် ပြည်ထောင်စုဗိသုကာ ဗိုလ်ချုပ်၏မြင့်မြတ်သော စွမ်းဆောင်ရည်သည် ကြီးကျယ်မြင့်မြတ်လှပါပေ၏။ ပစ်ပယ်၍မရနိုင်ပါ။

လူငယ်များအတွက် မီးရှူးတန်ဆောင်

သို့ဖြစ်ရာ ပြည်ထောင်စု၏ ကျေးဇူးရှင်လည်းဖြစ်၊ လူငယ်များ၏မီးရှူးတန်ဆောင်ဟုလည်း ဖော်ညွှန်းအပ်သော ဖခင်ဗိုလ်ချုပ်၏ ကိုယ်ကျင့်သိက္ခာကောင်းမွန်မှု၊ ပညာလိုလားစိတ်နှင့် ကြိုးစားအားထုတ်မှု၊ တည်ကြည်ဖြောင့်မတ်မှု၊ အပြောနှင့်အလုပ်ညီမှုတို့ အပါအဝင် ဗိုလ်ချုပ်၏ယုံကြည်ချက်၊ ခံယူချက်အပြည့်ဖြင့် ဆောင်ရွက်ခဲ့သော ဝါဒနှင့်လုပ်ငန်းစဉ်တို့ကို ယနေ့ပြည်သူများအထူးသဖြင့် လူငယ် မျိုးဆက်သစ်များအနေဖြင့် အားကျအတုယူ ကျင့်ကြံကြိုးပမ်းကြမည်ဆိုပါလျှင် . . .

"ယနေ့လူငယ်၊ နောင်ဝယ်လူကြီး၊ မြန်ပြည်ကြီးကို၊ စီးပွားတိုးတက်၊ ကြီးပွားမျိုးဆက်၊ အဘက်ဘက်မှ တိုးတက် အောင်" ဆောင်ကြဉ်းပေးနိုင်မည့် သားကောင်းရတနာ၊ သမီးကောင်းရတနာ လူချွန်လူကောင်းများအဖြစ် ဗိုလ်ချုပ်မျှော်မှန်းခဲ့သည့် နိုင်ငံတော်အမွေစစ်ကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းပေးနိုင်မည်ဖြစ်ပါကြောင်း ။ ။

ပေါက်မြို့နယ်၌ ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

ပေါက် ဖေဖော်ဝါရီ ၈

ပခုက္ကူခရိုင် ပေါက်မြို့နယ် သမားတော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀)ပြည့်မွေးနေ့နှင့် အဆိုပါကျေးရွာရှိ တေဇရိပ်မြုံစာကြည့်တိုက် နှစ်ပတ်လည်အထိမ်းအမှတ် ကဗျာရွတ်၊ စာစီစာကုံးနှင့် မိန့်ခွန်းပြောပြိုင်ပွဲဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အလားတူ ရေပြာကျေးရွာ ဘဝရှေ့ဆောင်စာကြည့်တိုက်ကော်မတီက ဦးဆောင်၍ မြန်မာနိုင်ငံသစ်တောအသင်း အတွင်းရေးမှူး ဦးတင်အေး (ငြိမ်း)၏ ပံ့ပိုးကူညီမှုဖြင့် ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀)ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက ဗိုလ်ချုပ်မွေးနေ့ တို့မမေ့ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကျင်းပရာ ဖေဖော်ဝါရီ ၁၃ ရက်တွင် ဆုချီးမြှင့်ခြင်းအခမ်းအနား ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးသားလေး(ယောမြေ)**

ပြည်တွင်းသတင်း

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအား ကာကွယ်စောင့်ရှောက်ရေးတွင် အီတလီနိုင်ငံက အားဖြည့်ကူညီ

ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ပြည်သူလူထုနှင့် နိုင်ငံရေးအသိုင်းအဝိုင်း၏စိတ်ဝင်စားမှုမြင့်တက်လာခြင်းနှင့် နိုင်ငံအတွင်းရှိ ယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သည့် ကျွမ်းကျင်မှုဆိုင်ရာများကို နိုင်ငံသားတိုင်း လေ့လာသင်ယူလာကြသည်နှင့်အမျှ နှစ်အနည်းငယ်အတွင်းမှာပင် မြန်မာနိုင်ငံသည် ယင်း၏ပထမဆုံးသော ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်နေရာကို တွေ့မြင်လာရပြီဖြစ်သည်။

မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့စေရန် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို အသိအမှတ်ပြုသည့် နိုင်ငံတကာအသိုင်းအဝိုင်းမှ မြောက်မြားစွာသောအဖွဲ့ဝင်များ၊ ယူနက်စကိုနှင့် နိုင်ငံအာဏာပိုင်အဖွဲ့အစည်းများ အတူတကွ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် အချိန်တိုအတွင်း ယခုကဲ့သို့ ထူးခြားပြောင်မြောက်စွာ အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရန် ရန်ပုံငွေများကို ၂၀၁၂ ခုနှစ်အတွင်း စတင်ထောက်ပံ့ခြင်းဖြင့် အီတလီနိုင်ငံသည် လုပ်ဖော်ကိုင်ဖက်တစ်ဦး ဖြစ်လာခဲ့သည်။

ယခုကဲ့သို့ ကူညီထောက်ပံ့မှုကြောင့် မြန်မာနိုင်ငံ၏ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်ဒေသများဖြစ်သည့် ပျူနှင့် ပုဂံရှေးဟောင်းဒေသတို့ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် ကူညီလုပ်ကိုင်ပေးရန် ယူနက်စကိုအဖွဲ့ကြီးသည် ICCROM နှင့် Lerici ဖောင်ဒေးရှင်းတို့သည်ပင်လျှင် အေဂျင်စီများမှ ကျွမ်းကျင်ပညာရှင်များကို ခေါ်ယူပေးနိုင်ခဲ့သည်။

(GIS)၊ ရှေးဟောင်းအမွေအနှစ်ဒေသများ၌ စီမံအုပ်ချုပ်မှု၊ ရှေးဟောင်းသုတေသနနှင့်ဆိုင်သည့် အကဲဖြတ်မှု၊ နံရံဆေးရေးပန်းချီများနှင့် သမိုင်းဝင်အဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ပတ်သက်သည့် ကျွမ်းကျင်မှုတိုးတက်စေရေးအတွက် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များသည် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပညာရှင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပညာရှင်များနှင့် အတူတကွ ဆောင်ရွက်လျက်ရှိသည်။

ယူနက်စကိုအဖွဲ့ကြီးက ပျူရှေးဟောင်းမြို့တော်ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်းခဲ့သည့်အခါ၌ ဤကဲ့သို့သော ကြိုးပမ်းအားထုတ်မှုများသည် အောင်မြင်မှုရရှိခဲ့သည်ဟု ပြောရမည်ဖြစ်သည်။

မကြာသေးမီက မြန်မာနိုင်ငံတော်အစိုးရသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသကိုပါ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းတွင် ထည့်သွင်းပေးရေးအတွက် အဆိုပြုမှုများ ပြုလုပ်လျက်ရှိသည်။

ပုဂံယဉ်ကျေးမှု နယ်မြေအတွက် အမည်တင်သွင်းရန် ပြင်ဆင်ခြင်းသာမက ပျူရှေးဟောင်းမြို့တော်၌ မြေနေရာစီမံခန့်ခွဲခြင်းနှင့် အဆောက်အအုံများထိန်းသိမ်းရာတွင် ကျွမ်းကျင်မှုအဆင့် မြှင့်တင်ခြင်းများသည် ဥပဒေနှင့်အညီ လုပ်ကိုင်နေသော လက်ရှိစီမံကိန်း ဒုတိယအဆင့်၏ အဓိကအလေးပေးဆောင်ရွက်ရမည့် ကဏ္ဍများဖြစ်သည်။

စီမံကိန်းဒုတိယအဆင့်အတွက် အီတလီနိုင်ငံ၏ ငွေကြေးအကူအညီသည် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်များစာရင်းတွင် အပါအဝင်ဖြစ်သည့် ပျူရှေးဟောင်းမြို့တော်သရေခေတ္တရာ၌ တပ်ဆင်ထားရှိမည့် ထိန်းသိမ်းရေး ဓာတ်ခွဲစမ်းသပ်ခန်းများတွင် အထောက် အကူပြုခဲ့သည်။ ပုဂံယဉ်ကျေးမှုနယ်မြေသည်လည်း နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များ၏ ကဏ္ဍအလိုက် အကြံပြုဆောင်ရွက်မှုတို့ကြောင့် အကျိုးသက်ရောက်မှုများ ရှိလာခဲ့သည်။ ထို့ပြင် မျက်မှောက်ခေတ်လိုအပ်ချက်များကို တုံ့ပြန်ရန် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်း၊ ဇလဗေဒမြေပုံထုတ်ခြင်းနှင့် အရေးပေါ်ကာကွယ်စောင့်ရှောက်ခြင်းကဲ့သို့သော တည်ဆောက်ရေးလုပ်ငန်းစဉ်များကို စွမ်းအားပြည့် တိုးချဲ့ဆောင်ရွက်ရာတွင်လည်း အထောက်အကူဖြစ်စေခဲ့သည်။

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များမပျောက်ပျက်စေရေးကို ပိုမိုအားထုတ်ကြိုးပမ်းရာ၌ ပူးပေါင်းပါဝင်ရန် ယူနက်စကိုအဖွဲ့၏ ကမ်းလှမ်းချက်ကို အလှူရှင်နိုင်ငံများစွာတို့က လက်ခံခဲ့ကြသည်။ သာဓကအားဖြင့် နော်ဝေတော်ဝင်အစိုးရက ယူနက်စကိုအဖွဲ့၏ အရည်အသွေးပြည့် တည်ဆောက်ရေးနည်းဗျူဟာများမှတစ်ဆင့် မြန်မာနိုင်ငံရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့် မြေပေါ်မြေအောက်သယံဇာတများအား ကာကွယ်စောင့်ရှောက်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်မည့်စီမံကိန်းများတွင် ငွေကြေးထောက်ပံ့ပေးလျက်ရှိသည်။

ဆွစ်ဇာလန်နှင့် ဂျပန်နိုင်ငံတို့ကလည်း ယူနက်စကိုနှင့်အတူ ငွေကြေးထည့်ဝင်ခြင်းများမှတစ်ဆင့် မြန်မာနိုင်ငံ၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာစေရေး လုပ်ငန်းစဉ်များတွင် အကူအညီပေးရန်နှင့် ရှေးဟောင်းအမွေအနှစ် စီမံခန့်ခွဲရေးစီမံချက်များ ရေးဆွဲဖန်တီးရာတွင် ငွေအားနှင့် ကျွမ်းကျင်မှုအတတ်ပညာအားတို့ဖြင့် ပါဝင်ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဘာသာပြန် သတင်းဆောင်းပါး
ချိုးမြတ်ကလျာ(မြန်မာ့အလင်း)

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့နိုင်ငံတော်အလံတင်အခမ်းအနားနှင့် အလေးပြုပွဲအစမ်းလေ့ကျင့်

နေပြည်တော် ဖေဖော်ဝါရီ ၈

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်မည့် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်(၅)ရပ်နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေးအတွက်(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား အစမ်းလေ့ကျင့်မှုကို ယနေ့နံနက် ၆ နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမရင်ပြင် အလေးပြုခံစင်မြင့်ရှေ့၌ ကျင်းပသည်။

အစမ်းလေ့ကျင့်ရာသို့ (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် နေပြည်တော်ကောင်စီမှတာဝန်ရှိသူများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုံညီစွာ တက်ရောက်ကြသည်။ အစမ်းလေ့ကျင့်မှု မစတင်မီ နေပြည်တော်မြို့တော်ခန်းမရင်ပြင်၌ မီးရောင်စုံများ အစမ်းထွန်းညှိပြီးနောက် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို စုပေါင်းအစမ်းလေ့ကျင့်ကြသည်။

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲအပြီးတွင် တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ကပြဖျော်ဖြေရန် နေပြည်တော်သို့ ရောက်ရှိနေသော ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ယဉ်ကျေးမှု ကိုယ်စားလှယ် အဖွဲ့ဝင်များသည်

ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင် ကဇာတ်ရုံ၌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများနှင့်အတူ စုပေါင်းအက လေ့ကျင့်ကြသည်။ **(အပေါ်ပုံ)** ယဉ်ကျေးမှုအဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် လျှပ်စစ်မီးဆလိုက် အပြည့်အစုံဖြင့် ရိုးရာအကများ ဆက်လက်ဇာတ်တိုက်လေ့ကျင့်ကြမည်ဖြစ်သည်။

နိုင်ငံတော်အလံတင် အခမ်းအနား၊ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား အစမ်းလေ့ကျင့်စဉ်နှင့် ရိုးရာအကများ ဇာတ်တိုက်လေ့ကျင့်နေစဉ် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်ရောက်ရှိပြီး သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်တွေ့ဆုံ၍ ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားနှင့် အလံတော်အလေးပြုပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး၊ ဂုဏ်ပြုညစာစားပွဲတွင် ရိုးရာအကများဖြင့် အဆင်ပြေချောမွေ့စွာ တင်ဆက်ကပြနိုင်ရေးတို့အတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မွန်ပြည်နယ် စူဠာဘွဲ့နှင်းသဘင် ယခုနှစ်တွင် ပြန်လည်ကျင်းပမည်

မော်လမြိုင် ဖေဖော်ဝါရီ ၈

မွန်ပြည်နယ်၌ ရှစ်နှစ်ကြာ မကျင်းပဖြစ်ခဲ့သည့် စာအောင်သံဃာတော်အရှင်သူမြတ်များအား ဂုဏ်ပြုချီးမြှင့်သည့် စူဠာဘွဲ့နှင်းသဘင်အခမ်းအနားကို ယခုနှစ်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ကဦးဆောင်၍ ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စူဠာဘွဲ့နှင်းသဘင်ပြန်လည်ကျင်းပနိုင်ရန်အတွက် ဖေဖော်ဝါရီ ၆ ရက်က ပြည်နယ်သာသနာရေးဝန်ကြီး ဦးသက်ဝင်းကဦးဆောင်၍ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများအားဖိတ်ကြားကာ အစည်းအဝေးကျင်းပခဲ့ပြီး အခမ်းအနားကျင်းပရေးဆပ်ကော်မတီများနှင့် လုပ်ငန်းတာဝန်များကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

"မွန်ပြည်နယ် စူဠာဘွဲ့နှင်းသဘင်အခမ်းအနားကို မကျင်းပဖြစ်တာ ရှစ်နှစ်ရှိပါပြီ။ ဒီလိုမကျင်းပဖြစ်ခဲ့တဲ့ အကြောင်းအရင်းကတော့ မွန်ပြည်နယ်ရဲ့ဂုဏ်ဆောင် ဓမ္မဗိမာန်တော်ကြီးကို အပြီးသတ်တည်ဆောက်နေရလို့ပဲဖြစ်ပါတယ်။ အခုတော့ ဓမ္မဗိမာန်တော်ကြီးကိုလည်း ခံ့ညားထည်ဝါစွာ တည်ဆောက်ပြီးသွားပါပြီ။ ဒါကြောင့် ယခင်(၃၄)ကြိမ်မြောက် ကျင်းပပြီးစီးခဲ့တဲ့ စူဠာဘွဲ့နှင်းသဘင်အခမ်းအနားကို လာမယ့်ဖေဖော်ဝါရီ ၁၅ ရက်နေ့မှာ ကျင်းပသွားမှာဖြစ်ပါတယ်"ဟု ပြည်နယ်သာသနာရေးဝန်ကြီး ဦးသက်ဝင်းက ပြောသည်။

(၃၅)ကြိမ်မြောက် မွန်ပြည်နယ် စူဠာဘွဲ့နှင်းသဘင် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဘဏ္ဍာငွေရှာဖွေရေးကော်မတီမှ အလှူငွေများ လုံလောက်စွာရရှိထားကြောင်းသိရှိရပြီး ဘွဲ့နှင်းသဘင် အခမ်းအနား အောင်မြင်စွာပြီးမြောက်ပါက ပိုလျှံသောအလှူငွေများကို ဘဏ်၌ အပ်နှံကာ လာမည့်နှစ်များတွင် စူဠာဘွဲ့နှင်းသဘင်အခမ်းအနားကို နှစ်စဉ်ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြောင်း မွန်ပြည်နယ် သာသနာရေးဦးစီးဌာနရုံး ညွှန်ကြားရေးမှူးထံမှ သိရသည်။ **မိုးဝေ(ရာမညမြေ)**

မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

ပြည်တွင်းသတင်း

အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆောင်ရွက်နေမှုဆွေးနွေး



နေပြည်တော် ဖေဖော်ဝါရီ ၈

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဋ္ဌေးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Ms. Renata Lok- Dessallien အား လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဋ္ဌေးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Ms. Renata Lok- Dessallien နှင့်အတူ တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် လူသားချင်းစာနာမှုဆိုင်ရာ ကူညီထောက်ပံ့ပေးရေးကိစ္စရပ်များ၊ သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးဆောင်ရွက်နေမှုဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပညာထူးချွန်ထက်မြက်သောလူငယ်လူရွယ်များ ပေါ်ထွန်းလာရေးမှာ အခြေခံလိုအပ်ချက်ဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၈ နာရီတွင် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ရပ်မိရပ်ဖများနှင့်အတူ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျောင်းသား ကျောင်းသူများ သောက်သုံးရေရှိရေးအတွက် ခေတ်မီ RG-12 တွင်းတူးစက်ကြီးဖြင့် မြေအောက် အဝီစိတွင်းရေ တူးဖော်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး သန့်ရှင်း၍ ကျန်းမာရေးနှင့်ညီသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနေမှုများကို ပြည်သူလူထုက နားလည်သဘောပေါက်ရေးနှင့် ထွက်ရှိလာသော သောက်သုံးရေများကို ကွန်ကရစ် အုတ်ရေကန် အခိုင်အမာပြုလုပ်ပြီး သန့်ရှင်းသော သောက်သုံးရေအဖြစ် အသုံးပြုနိုင်ရန်အတွက် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ရန်အောင်မြင်ကျေးရွာအုပ်စု အုန်းတောကျေးရွာ အလယ်တန်းကျောင်းခန်းမ၌ကျင်းပသည့် ရန်အောင်မြင်ကျေးရွာလုံးကျွတ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် မကြာမီ ကျင်းပမည့် အခြေခံပညာအလယ်တန်းအဆင့် စာမေးပွဲ အောင်ချက်မြင့်မားရေး၊ ထူးချွန်ထက်မြက်သော ကျောင်းသူ ကျောင်းသားများ ပေါ်ထွန်းလာစေရေးအတွက် အဆိုပါကျောင်း၌ ပညာသင်ကြားနေကြသော အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ အပါအဝင် ကျောင်းသားမိဘများ၊ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံနှင့်အဝန်း မြို့နယ်တိုင်း၊ ကျေးရွာတိုင်း၌ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် ဒေသအတွင်း ပညာရေး ထူးချွန်ထက်မြက်သော လူငယ်လူရွယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးသည် အခြေခံလိုအပ်ချက်ဖြစ်ကြောင်း။

အခြေခံပညာ အလယ်တန်းအဆင့် စာမေးပွဲတွင် ကျောင်းသားကျောင်းသူတိုင်း စနစ်တကျပါဝင်ကြိုးစားဖြေဆိုကြပြီး အောင်မြင်မှုအသီးသီးရရှိရေးနှင့် အောင်ချက်မြင့်မားစေရေး မိဘ၊ ဆရာ၊ ကျောင်းသား ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် အလယ်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခိုင်နှင့် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌတို့က ကျေးရွာ၏ ပညာရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ကျေးရွာအုပ်စု၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အခြေခံပညာ အလယ်တန်းအဆင့် စာမေးပွဲဖြေဆိုရန် ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများ၏ လိုအပ်ချက်များဖြစ်သည့် စာရေးကိရိယာများ၊ စာအုပ်များ၊ ဘောလ်ပင်များ၊ ထောက်ပံ့ချီးမြှင့်ငွေများ၊ အာဟာရပြည့်စားသုံးရန် ကွေကာများကို တစ်ဦးချင်း ထောက်ပံ့ပေးအပ်ပြီး အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်အောင်မြင်ကျေးရွာ၊ အုန်းတောကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုမာရအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ သာသနာရေးဆိုင်ရာများ ဆွေးနွေးလျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့အထိမ်းအမှတ် ယဉ်ကျေးမောင်၊ ယဉ်ကျေးမယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၈

(၆၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့အထိမ်းအမှတ် ယဉ်ကျေးမောင်၊ ယဉ်ကျေးမယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ်ဘက်စုံခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားပြီး (၆၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ယဉ်ကျေးမောင်၊ ယဉ်ကျေးမယ်ပြိုင်ပွဲဒိုင်ချုပ် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ယဉ်ကျေးမောင်များက စင်မြင့်ထက်၌ နေရာယူ မိတ်ဆက်ကြပြီး လှည့်လည်ပြသ၍ ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများကို ပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်က ပေးအပ်ကာ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု (၁)(၂)ရရှိသော ယဉ်ကျေးမောင်များကို ပြည်နယ်ဝန်ကြီးချုပ်က လည်းကောင်း ပေးအပ်သည်။

(၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့အထိမ်းအမှတ် ယဉ်ကျေးမယ်များက စင်မြင့်ထက်တွင်နေရာယူ မိတ်ဆက်ကြပြီး လှည့်လည်ပြသ၍ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများအား ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၏ ဇနီးဒေါ်ချိုချိုခိုင်က လည်းကောင်း၊ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု(၁)၊ (၂)ရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၏ဇနီး ဒေါ်ဖြူဖြူညွန့်က လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

❖ *ကျောဖုံးမှ*

ပြေးဆွဲနေသော မြို့ပတ်ရထားတွဲဆိုင်းအဟောင်းများကို အသစ်ဝယ်ယူထားသော RBEရထားတွဲသစ် ၂၀ ရောက်ရှိပါက အများပြည်သူ သွားလာမှုအဆင်ပြေစေရေး၊ ရထားစီးပြည်သူများ စိတ်ချမ်းမြေ့စေရေးကိုရည်ရွယ်၍ ၂၀၁၅ ခုနှစ်အတွင်း အပြီးသတ် အစားထိုးပြေးဆွဲသွားမည်ဖြစ်သည်။

“ RBEရထားတွဲတွေက ဝယ်ပြီးတာနဲ့ ရောက်ရောက်ချင်း အသုံးပြုလို့တော့မရပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဂျပန်နိုင်ငံက ထုတ်တာဖြစ်တဲ့အတွက် ဂျပန်က သူတို့နိုင်ငံက လမ်းတွေနဲ့ကိုက်ညီတဲ့ ဘီးအရွယ်အစားတွေကို ချိန်ညှိပြီး ထုတ်လုပ်တာဖြစ်တယ်၊ ဒါကြောင့် ဒီတွဲသစ် ၂၀ မြန်မာနိုင်ငံရောက်တာနဲ့ စတင်ပြီး မြန်မာနိုင်ငံမှာရှိတဲ့ သံလမ်းတွေနဲ့ အဆင်ပြေကိုက်ညီမယ့် ရထားသံဘီးမျိုးဖြစ်အောင် မြစ်ငယ်မှာရှိတဲ့ ရထားတွဲပြင်စက်ရုံမှာ ပြန်လည်ပြုပြင်ရမှာဖြစ်ပါတယ်၊ အဲဒါတွေပြီးမှ ရထားတွေအကုန်လုံးကို အသုံးပြုလို့ရမှာဖြစ်ပါတယ်”ဟု မြန်မာ့မီးရထားလုပ်ငန်းတာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ယခုလက်ရှိ တင်ဒါအောင်မြင်ပြီး ဝယ်ယူထားသော RBEရထားတွဲသစ် ၂၀ကို ဧပြီလအတွင်း ဂျပန်နိုင်ငံမှ သင်္ဘောတင်မည်ဖြစ်ပြီး မေလဆန်းပိုင်းတွင် မြန်မာနိုင်ငံသို့ ရောက်ရှိမည်ဖြစ်သည်။ ယခင် စက်ခေါင်းသစ်များဖြင့် ရန်ကုန်မြို့ပတ်အတွင်း အသုံးပြုသွားမည့်အပြင် ဆက်လက်ပြီး အသစ်ဖွင့်လှစ်ထားသော လမ်းပိုင်းများ၌လည်း ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေး၊ ပြည်သူများ သွားလာမှုအဆင်ပြေစေရန် ခရီးစဉ်များတိုးချဲ့ပြေးဆွဲနိုင်ရေး၊ မြို့ပတ်ရထားလမ်းများကိုလည်း ဆက်လက်ချဲ့ထွင်ပြီး ကွန်ရက်သဖွယ် တည်ဆောက်သွားကာ လမ်းသစ်များ ဖောက်လုပ်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ ထို့အပြင် ကျောင်းသား ကျောင်းသူများအတွက်လည်း ရထားချိန်ကို ကျောင်းတက်ချိန်၊ ကျောင်းဆင်းချိန်များနှင့် အဆင်ပြေအောင် ချိန်ညှိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ RBE စက်ခေါင်းတွေရဲ့ အားသာချက်တွေက တွဲဆိုင်းတိုင်းမှာ စက်ခေါင်းတွေ ပါတာဖြစ်တဲ့အတွက် အခြားရထားတွဲကြီးတွေလို ရှေ့မှာတင်စက်ခေါင်းပါတာမဟုတ်တော့ တွဲတစ်တွဲမှာ ချို့ယွင်းမှုဖြစ်တာနဲ့ ရထားတွဲဆိုင်းကြီးတစ်ခုလုံးကို ဒုက္ခမပေးနိုင်တော့ဘူး၊ အဲဒီချို့ယွင်းတဲ့ အတွဲကိုဖြုတ်ချပြီး ကျန်တဲ့အတွဲတွေကို ဆက်ပြီးသွားလို့ရတဲ့ အားသာချက်တွေရှိတယ်၊ နောက်ပြီးတော့ လေအိတ်ပါရှိတဲ့အတွက်ကြောင့်မို့ စီးရတာ သက်သောင့်သက်သာရှိတယ်၊ နောက်တစ်ခုက တော်ရုံတန်ရုံနဲ့ ရထားလမ်းချော်တာတို့၊ ဘာတို့ မဖြစ်နိုင်တော့ မတော်တဆမှုတွေကိုလည်း လျှော့ချနိုင်မှာဖြစ်ပါတယ်” ဟု ၎င်းကဆက်လက်ပြောကြားသည်။

မြန်မာ့ မီးရထားလုပ်ငန်းက ရန်ကုန်မြို့တွင်း ရထားလမ်းများ အဆင့်မြှင့်တင်ခြင်း၊ ရထားတွဲသစ်များ အစားထိုးပြေးဆွဲခြင်းဖြင့် ယာဉ်ကြောကျပ်တည်းမှုများကို တစ်ဖက်တစ်လမ်းက ကူညီဖြေရှင်းသွားမည့်အပြင် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သီလဝါ ဆိပ်ကမ်း တည်ဆောက်ပြီးစီးပါက ကုန်စည်စီးဆင်းမှု အဆင်ပြေစေရေး၊ သယ်ယူပို့ဆောင်ရေးနှင့်ပြည်သူများ သွားလာရေးအတွက် ရထားခရီးစဉ်များ တိုးချဲ့သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ရထားလမ်းသစ်များ တိုးချဲ့ရေးအတွက်ကိုလည်း ယခုအခါ JICAမှ ပညာရှင်များ လာရောက်၍ တိုင်းတာခြင်းများ၊ ကုန်ကျစရိတ်တွက်ချက်ခြင်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ နောက်ထပ် တိုးချဲ့မည့်လုပ်ငန်းများအတွက် JICAမှ အမေရိကန် ဒေါ်လာ သန်း ၂၀၀ ကို ချေးငွေအဖြစ် ရယူဆောက်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိ ကမ်းနားလမ်းဘက်၌ ပြေးဆွဲလျက်ရှိသော RBE ရထားတွဲ နှစ်စင်းနေရာတွင် လျှပ်စစ်ရထားတွဲ နှစ်စင်း ပြေးဆွဲနိုင်ရေး တင်ဒါခေါ်ယူထားပြီ ဖြစ်ကြောင်း သိရသည်။ ထို့သို့ လျှပ်စစ်ရထား ပြေးဆွဲနိုင်ပါက မြန်မာနိုင်ငံ၌ ပထမဆုံး စတင်ပြေးဆွဲမည့် လျှပ်စစ်ရထားခရီးစဉ် ဖြစ်လာမည်ဖြစ်ပြီး ကမ်းနားလမ်း၌ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆင်ပြေပါက ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

■ *ကျောဖုံးမှ*

ကမ္ဘောဇအသင်း ဦးဆောင်ဂိုးရခဲ့ပြီး နောက်ခံလူအိုဘာဒင်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးရပြီး နောက်ပိုင်းတွင် ချင်းအသင်းကစားပုံပိုကောင်းလာပြီး ကမ္ဘောဇဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။

ချင်းယူနိုက်တက်အတွက် ချေပဂိုးကို ၃၂ မိနစ်တွင် မက်သယူးက ကမ္ဘောဇ ဂိုးသမားကျော်ဇင်ထက်ကို ကျော်ပြီး သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ကမ္ဘောဇအသင်းက တိုက်စစ်အသားပေးပုံစံဖြင့်ကစားခဲ့သော်လည်း ချင်းနောက်တန်းက အမှားအယွင်းမရှိထိန်းချုပ်နိုင်ခဲ့သည်။ ချင်းအသင်းသည် ဒုတိယပိုင်းတွင် အနိုင်ရနိုင်သည့် အခွင့်အရေးအချို့ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ နိုင်ပွဲနှင့်လွဲခဲ့ရခြင်းဖြစ်သည်။

(သုဝဏ္ဏကွင်း)

မနောမြေ - နှစ်ဂိုး

(အီဗရာဟင်မ်နှင့်ရောဘတ်)

ဇွဲကပင် - ဂိုးမရှိ

ယမန်နေ့က ပေါင်းလောင်းကွင်း၌ကျင်းပသောပွဲတွင် ရန်ကုန်အသင်းက နေပြည်တော်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ ပွဲစဉ်(၅) အပြီးတွင် ရန်ကုန်နှင့် ဧရာဝတီအသင်းတို့ ငါးပွဲစလုံးအနိုင်ရကာ (၁၅) မှတ်စီ ရရှိထားသော်လည်း ဂိုးကွာခြားချက်ဖြင့် ရန်ကုန်က ထိပ်ဆုံး၌ ဦးဆောင်နေသည်။ မကွေးအသင်းက ငါးပွဲကစား ၁၁ မှတ်၊ ရတနာပုံအသင်းက လေးပွဲကစား ၁၀ မှတ်၊ ကမ္ဘောဇအသင်းက ငါးပွဲကစား ကိုးမှတ်တို့ ရရှိထားသည်။

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

ပြည်တွင်းသတင်း

တတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ် အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် ဖေဖော်ဝါရီ ၈

"အခြေခံအုတ်မြစ်များ တည်ဆောက်လို့ အားလုံးအကျုံးဝင်သည့် အနာဂတ်ဖွံ့ဖြိုးမှုဆီသို့" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် တတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် ဒေါက်တာဒေါ်ယဉ်ယဉ်နွယ်၊ ဦးတင်ထွဋ်ဦး၊ ဒေါက်တာဇော်ဦး၊ ဒေါ်နွယ်နွယ်ဝင်း၊ ဒေါက်တာဒေါ်စန်းစန်းအေး၊ ဦးမင်းဇာနည်လင်း၊ ဦးခန့်ဇော်၊ ဦးကျော်ဇေယျနှင့် ဒေါ်ခိုင်ခိုင်နွယ်တို့က လူသားစွမ်းရည်ဖွံ့ဖြိုးမှုအစီရင်ခံစာ၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာလမ်းကြောင်းများ အစီရင်ခံစာ၊ မြေအရင်းအမြစ် စီမံခန့်ခွဲမှုအစီရင်ခံစာ၊ ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီရင်ခံစာ၊ လူမှုအကာအကွယ်ပေးရေး အစီရင်ခံစာ၊ အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု အစီရင်ခံစာ၊ ဒေသတွင်း ပေါင်းစည်းမှု၊ ပူးပေါင်းမှုနှင့် ဆက်သွယ်ယှက်နွယ်မှု တိုးမြှင့်ခြင်းအစီရင်ခံစာ၊ ကျေးလက် ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီရင်ခံစာ၊ တီထွင်ကြံဆမှုရှိစွာမိတ်ဖက်ပြုခြင်း-ပုဂ္ဂလိကဏ၏ကဏ္ဍ အစီရင်ခံစာနှင့်ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးတွင် ထိရောက်မှုမြှင့်တင်ခြင်း အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဖွံ့ဖြိုးမှုမိတ်ဖက်များ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အဖွဲ့အလိုက် ဖတ်ကြားတင်ပြကြသည့် အစီရင်ခံစာများအပေါ် အသီးသီးဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲကိုမွန်းလွဲပိုင်းတွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ဆွေးနွေးပွဲအပြီးတွင် သတင်းစာရှင်းလင်းပွဲကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့မှုများ၊ ဆွေးနွေးပွဲရလဒ်များနှင့် ဆွေးနွေးပွဲက သဘောတူထုတ်ပြန်နိုင်ခဲ့သည့် ပူးတွဲကြေညာချက်ပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

နေပြည်တော်၌ နှစ်ရက်ကြာ ကျင်းပခဲ့သည့် တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုး တိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်အပြီးတွင်ပူးတွဲကြေညာချက်တစ်စောင်ကို ထုတ်ပြန်နိုင်ခဲ့ရာ ယင်းကိုသီးခြားဖော်ပြထားရှိပါသည်။

ဆွေးနွေးပွဲ ဒုတိယနေ့ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးဝန်ကြီးများ၊ အလှူရှင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

✳ *ရှေ့ဖုံးမှ*

ကူးပြောင်းတော့မယ့် အချိန်ခါဖြစ်တယ်။ မြန်မာနိုင်ငံကလည်း ကမ္ဘာပေါ်မှာ ဖြစ်ပေါ်နေတဲ့ ပြောင်းလဲမှုအတိုင်း ညှိနှိုင်းဆောင်ရွက်သွားဖို့လိုပါတယ်။ ဒီလို ဆောင်ရွက်သွားမယ့် အစီအစဉ်တွေကိုလည်း ကျွန်မတို့ရဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်တွေကို တင်ပြမှသာ သူတို့က ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

မေး။ ။ ဒါဆိုရင် အခုကျင်းပတဲ့ဖိုရမ်မှာ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းတွေကို ဘယ်အစီအစဉ်တွေကို ချပြခဲ့သလဲ။

ဖြေ။ ။ အမျိုးသား ဘက်စုံဖွံ့ဖြိုးမှုနှစ်(၂၀) စီမံကိန်းကို တင်ပြတယ်။ လူမှုစီးပွား ပြုပြင်ပြောင်းလဲမှုအနေနဲ့ (FESR) မူဘောင်ချမှတ်ခဲ့တာရှိတယ်။ ဒီမူဘောင်ကို အကောင်ထည်ဖော်နေတာ ဘယ်လောက်အတိုင်းအတာအထိရှိပြီလဲ။ FESR ဟာ ၂၀၁၂ မှ ၂၀၁၅ အထိ ဖြစ်တဲ့အတွက် ၂၀၁၅ ခုနှစ် အလွန်မှာ ဘယ်လို ဆက်လက်ဆောင်ရွက်မှာလဲဆိုတာကို တင်ပြတယ်။ ဒါတွေဟာ ဆက်လက်ဆောင်ရွက်မယ့် ဖွံ့ဖြိုးမှုမူဝါဒတွေမှာ ဖွံ့ဖြိုးမှုမိတ်ဖက်တွေကို ပိုမိုပူးပေါင်းပါဝင်နိုင်စေရေးအတွက် ရှင်းပြတာ။ ၂၀၁၅ မှာ ရွေးကောက်ပွဲကျင်းပဖို့ရှိတယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းစဉ်တွေ ဆောင်ရွက်နေတာရှိတယ်။ မြန်မာနိုင်ငံမှာ ရေရှည်ဖွံ့ဖြိုးတိုးတက်တဲ့ စီးပွားရေးဖြစ်ထွန်းဖို့ဆိုရင် အဓိက အခြေခံအုတ်မြစ်တွေဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်အေးချမ်းမှုရှိဖို့ လိုအပ်တယ်။

ဒေါက်တာဝါဝါမောင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
(အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)

မေး။ ။ နေပြည်တော် သဘောတူညီချက်ကို ဘယ်လောက်အထိ အကောင်အထည်ဖော်ပြီးပြီလဲ။

ဖြေ။ ။ နေပြည်တော် သဘောတူညီချက်နဲ့ ပတ်သက်ပြီး ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်မှာ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ နှစ်ဖက်သဘောတူ ထုတ်ဝေနိုင်ခဲ့တယ်။ အထူးသဖြင့် မြန်မာနိုင်ငံဟာ နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းတွေနဲ့ တစ်သီးတခြား နေထိုင်ခဲ့တယ်။ ပူးပေါင်းဆောင်ရွက်မှုက အားနည်းခဲ့တယ်။ အဲဒီအခါမှာ ဖွံ့ဖြိုးမှုအဖွဲ့အစည်းတွေ တစ်ယောက်အကြောင်းတစ်ယောက် သိဖို့အတွက်၊ နိုင်ငံတစ်နိုင်ငံမှာ အဲဒီနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားပေးကဏ္ဍတွေအဖြစ် သတ်မှတ်ထားတာတွေရှိတယ်။ ဦးစားပေးကဏ္ဍတွေကို ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းတွေက သိရှိပြီး ပါဝင်ပူးပေါင်းဆောင်ရွက်လာဖို့၊ တစ်ဖက်နဲ့တစ်ဖက် ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်နိုင်ဖို့၊ နောက်တစ်ခုက တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ တစ်ခုနဲ့တစ်ခုအကြားမှာ ဖွံ့ဖြိုးမှုစီမံချက်တွေ ပျံ့နှံ့စွာ တည်ရှိနေမှ ဖွံ့ဖြိုးမှုညီမျှလာမယ်။ လိုအပ်တဲ့နေရာတွေကို ဖြည့်ဆည်းပေးနိုင်ပြီး မလိုအပ်တဲ့နေရာတွေကို အလွန်အကျွံ မဖြည့်ဆည်းမိအောင်ပေါ့။ ဒီလိုမျိုးညှိနှိုင်းကြရာမှာ နှစ်ဖက် ဟန်ချက်ညီညီ လုပ်ဆောင်ပေးနိုင်ရမယ်။ ဖွံ့ဖြိုးမှု မိတ်ဖက်တွေရဲ့ ထိရောက်တဲ့ ပူးပေါင်းဆောင်ရွက်မှုကို ရယူရမယ်။ ပူးပေါင်းဆောင်ရွက်မှုဆိုရာမှာ ငွေကြေးအကူအညီသာမက လူသားဖွံ့ဖြိုးမှုအကူအညီနဲ့ နည်းပညာအကူအညီပါ ပိုမိုပူးပေါင်းကူညီနိုင်အောင် ဆွေးနွေးညှိနှိုင်းကြတဲ့ အနေအထားဖြစ်တယ်။

မေး။ ။ ဒီဖိုရမ်ကနေ ဘယ်လိုအကျိုးရလဒ်တွေ ရလာနိုင်မလဲ။

ဖြေ။ ။ ဒီဖိုရမ်က ပြည်သူ့လိုအပ်ချက်ကို ဖြည့်ဆည်းတဲ့အခါမှာ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေတစ်ခုတည်းနဲ့ မလုံလောက်ဘူး။ ဒီတော့ အပြည်ပြည်ဆိုင်ရာရဲ့ အကူအညီနဲ့ဆိုရင် ပြည်သူတွေရဲ့ လိုအပ်ချက်ဟာ ပိုမိုပြီး ပြည့်စုံနိုင်တဲ့အတွက်ကြောင့် အကူအညီတွေ၊ အထောက်အပံ့တွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ အစရှိသည်ဖြင့် လက်ကမ်းပြီး ခေါ်ယူရပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံမှာ လိုအပ်နေတဲ့ လျှပ်စစ်မီး၊ လမ်းတံတား၊ နည်းပညာအကူအညီ အစရှိတဲ့အကူအညီတွေကို ဖွံ့ဖြိုးပြီး နိုင်ငံတွေက အကူအညီတွေ ပိုမိုစီးဝင်လာတာကို တွေ့ရတယ်။ ရရှိတဲ့အကူအညီတွေကို လေလွင့်ဆုံးရှုံးမှု မရှိစေရေးနဲ့ ပိုမိုထိရောက်စေရေးတို့ကို ညှိနှိုင်းရတဲ့အတွက် ဒီဖိုရမ်ဟာ ပြည်သူတွေရဲ့ လိုအင်ဆန္ဒတွေကို ဖြည့်ဆည်းနိုင်ဖို့အတွက် လိုအပ်တဲ့ အကူအညီတွေကို ပိုမိုရယူနိုင်ပြီး ရရှိတဲ့ အကူအညီတွေကို ပိုမိုထိရောက်စွာ အသုံးချနိုင်တဲ့ ရလဒ်တွေ ရရှိမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုလို့ စဉ်းစားတဲ့အခါမှာ အစိုးရတစ်ခုတည်းက ဦးဆောင်ရုံတင်မကဘူး။ အားလုံး Stakeholders တွေ အပါအဝင် အရပ်ဘက် လူမှုအဖွဲ့အစည်းတွေ၊ ပုဂ္ဂလိက ကဏ္ဍတွေ၊ နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းတွေအားလုံး ပူးပေါင်းပါဝင်ပံ့ပိုးမှသာ ဖွံ့ဖြိုးမှုကို ပြည်သူတွေ ပိုပြီးခံစားရစေမှာ ဖြစ်ပါတယ်။

ပထမအကြိမ်နှင့် ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလများအတွင်းက ကျင်းပခဲ့သည်။ ပထမအကြိမ်ဖိုရမ်တွင် မြန်မာအစိုးရနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား ဆောင်ရွက်ရန် ကတိကဝတ်များပါရှိသည့် နေပြည်တော် သဘောတူညီချက်ကို ချမှတ် ထုတ်ပြန်နိုင်ခဲ့သလို ဒုတိယအကြိမ်တွင် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား အတူတကွ လက်တွဲလုပ်ဆောင်မည်ဆိုသည့် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုသည့် ပူးတွဲကြေညာချက်တစ်စောင်ကိုလည်း ထုတ်ပြန်ခဲ့သည်။

နန္ဒာဝင်း၊ မြတ်သန္တာမောင်

၂၀၁၅ ခုနှစ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ပူးတွဲကြေညာချက်

နေပြည်တော် ဖေဖော်ဝါရီ ၈

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နှင့် ၈ ရက်တို့တွင် **"အခြေခံအုတ်မြစ်များ တည်ဆောက်လို့ အားလုံးအကျုံးဝင်သည့် အနာဂတ်ဖွံ့ဖြိုးမှုဆီသို့"** ခေါင်းစဉ်ဖြင့် ကျင်းပသည့် တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်သူအားလုံး ပါဝင်တက်ရောက်ခဲ့ကြသည်။ အဆိုပါ တက်ရောက်သူများတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပြည်တွင်းပြည်ပမှ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်ပါသည်။

ဤအခါသမယတွင် ကျွန်ုပ်တို့သည် မြန်မာနိုင်ငံနှင့်ပြည်သူပြည်သားများအတွက် အကျိုးကျေးဇူးအမြင့်မားဆုံး ဆောင်ကြဉ်းပေးနိုင်ရန် ထိရောက်၍စွမ်းဆောင်ရည်ရှိပြီး အားလုံးအကျုံးဝင်သည့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဖြစ်ပေါ်စေမည့် ကျွန်ုပ်တို့၏ ပူးတွဲအောင်မြင်ရရှိမှုများကို အတူတကွဆွေးနွေးကြပါသည်။ ထိုသို့ ဆွေးနွေးရာတွင် ကျွန်ုပ်တို့သည် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှုထိရောက်မှုရှိရေးစည်းမျဉ်းများကို မြန်မာနိုင်ငံ၏ အခြေအနေနှင့်အညီ ချမှတ်ခဲ့သည့် ထိရောက်မှုရှိသော ဖွံ့ဖြိုးမှုပူးပေါင်းရေးအတွက် နေပြည်တော်သဘောတူညီချက်ပါ ကျွန်ုပ်တို့၏ပူးတွဲကတိကဝတ်များကို ပြန်လည်အမှတ်ရ၍ ထပ်လောင်းအတည်ပြုပါသည်။

ကျွန်ုပ်တို့သည် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်အပြီးတွင် ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်ပါ အားနည်းထိခိုက်လွယ်သူများအပါအဝင် အသိုက်အဝန်းအားလုံးကို အကျိုးကျေးဇူးဖြစ်ထွန်းရေးအတွက် မြန်မာနိုင်ငံ၌ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးကို ထိရောက်စွာဆောင်ရွက်သွားရန် နှိုးဆော်သည့်ကျွန်ုပ်တို့၏ထပ်လောင်းကတိကဝတ်ကိုလည်း ပြန်လည်အမှတ်ရကြပါသည်။

ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ စီမံကိန်းများနှင့်အစီအစဉ်များ များပြားလာသည်နှင့်အတူ ယင်းတို့ကို ထိရောက်စွာစီမံခန့်ခွဲခြင်းသည် ကျွန်ုပ်တို့၏ တူညီသည့် ဦးစားပေးလုပ်ငန်းဖြစ်လာပါသည်။ နေပြည်တော်သဘောတူညီချက် လုပ်ငန်းအစီအစဉ် ၂၀၁၄ နှင့်အညီ အကူအညီအထောက်အပံ့ သတင်းအချက်အလက်စီမံခန့်ခွဲရေးစနစ်ကို တည်ထောင်ထားရှိပါသည်။ ယင်းသည် အကူအညီအလိုအပ်ဆုံးနေရာများသို့ ပိုမိုထောက်ပံ့ပေးနိုင်ရန် အကူအညီအထောက်အပံ့များထိရောက်မှုရှိ-မရှိနှင့် ထပ်မံအလေးထားရမည့် နယ်ပယ်များ၊ လုပ်ဆောင်ချက်များကို စဉ်းစားသတ်မှတ်နိုင်ရေးတွင် အထောက်အကူပြုစေမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးမှုမိတ်ဖက်များသည် ၎င်းတို့၏လုပ်ဆောင်မှုများနှင့် အောင်မြင်မှုရရှိမှုများကို အသေးစိတ်ကိုဖော်ပြသွားရန် ကတိကဝတ်ထားသကဲ့သို့ မြန်မာနိုင်ငံအစိုးရသည်လည်း "နိုင်ငံတကာအကူအညီပွင့်လင်းမြင်သာမှုရှိစေရေးအစီအစဉ်" တွင် အဖွဲ့ဝင်ဖြစ်လာခြင်း၊ "ပွင့်လင်းအစိုးရမိတ်ဖက်နိုင်ငံများအဖွဲ့" နှင့် "သယံဇာတအရင်းအမြစ် တူးဖော်ရေးလုပ်ငန်းများပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး အစီအစဉ်"တို့တွင် အဖွဲ့ဝင်ဖြစ်လာရန် ဆောင်ရွက်ခြင်းဖြင့် အစိုးရ၏ပွင့်လင်းမြင်သာမှုရှိစေရေး ကတိကဝတ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ဤဖိုရမ်တွင် တက်ရောက်သူများအားလုံးသည် "ထိရောက်မှုရှိသောဖွံ့ဖြိုးမှုပူးပေါင်းရေးအတွက် နေပြည်တော် သဘောတူညီချက်" ပါ ကတိကဝတ်များနှင့်အညီ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအလားအလာများကို အမှန်တကယ်ဖြစ်လာစေရန်အတွက် ပွင့်လင်း၍ အားလုံးအကျုံးဝင်ပြီး တီထွင်ဆန်းသစ်သည့် မိတ်ဖက်ပြုမှုပုံစံဖြင့် မြန်မာနိုင်ငံနှင့် ဆက်လက်လုပ်ဆောင်သွားရန် ထပ်လောင်းကတိကဝတ်ပြုကြပါသည်။ ထို့အပြင် ကျွန်ုပ်တို့သည် ဖွံ့ဖြိုးမှုထိရောက်မှုရှိရေး ခရီးလမ်းကြောင်းမှ သင်ခန်းစာများကို မျှဝေရယူသည့်တာဝန်သိသော နိုင်ငံတစ်နိုင်ငံအဖြစ် "ထိရောက်သည့် ဖွံ့ဖြိုးမှုပူးပေါင်း ဆောင်ရွက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်ပြုမှုလုပ်ငန်းစဉ်"တွင်လည်း ပါဝင်ဆောင်ရွက်သွားရန်ရည်ရွယ်ပါသည်။

ဤပူးတွဲကြေညာချက်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၌ တစ်ခဲနက်အတည်ပြုခဲ့ပါသည်။

ကချင်ပြည်နယ် ဗန်းမော်မြို့၌ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀) ပြည့်မွေးနေ့ပွဲတော် အားကစားပြိုင်ပွဲများကို ဖေဖော်ဝါရီ ၇ ရက်က မင်းကုန်းရပ်ကွက် သိမ်တော်ကြီးဘုရားဝင်း၌ကျင်းပရာ ကလေးငယ်များ ပျော်ရွှင်စွာပြိုင်ပွဲဝင်နေစဉ်။ ဝါဝါ(ဗန်းမော်)

ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ ရက်က ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ကျင်းပရာ ပြည်ထောင်စုမောင်အဖြစ် ဇော်လင်းက လည်းကောင်း၊ ပြည်ထောင်စုမယ်အဖြစ် ချယ်ရီမောင်က လည်းကောင်း ရရှိသည်။ (မြန်မာ့အလင်း)

(၆၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကျင်းပ

နောင်ချို ဖေဖော်ဝါရီ ၈

၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီက နောင်ချိုမြို့ မြို့မအားကစားကွင်း၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်အလံကို အလေးပြုကြပြီး နိုင်ငံတော်သမ္မတထံမှ ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဝမ်းဖေက ဖတ်ကြားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောနောင်က ဖတ်ကြားသည်။ **(ဝ၆၁)**

မကွေးကွန်ပျူတာတက္ကသိုလ်တွင် ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များ အခမဲ့ပြုလုပ်ပေး

မကွေး ဖေဖော်ဝါရီ ၈

မကွေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် ပြည်သူများအား ယာဉ်အန္တရာယ် ကင်းရှင်းစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ရေးတို့ကို ရည်ရွယ်ပြီး ဖေဖော်ဝါရီ ၇ ရက် နံနက်က မကွေးကွန်ပျူတာတက္ကသိုလ်၌ ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များ အခမဲ့ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများအကြောင်း၊ ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းပြောကြားပြီး ကျောင်းသားကျောင်းသူများနှင့် လက်တွေ့အမေးအဖြေများ ပြုလုပ်ခဲ့သည်။

ယင်းနောက် ယာဉ်မောင်းလိုင်စင်လျှောက်ထားသူ ဆရာဆရာမ၊ ကျောင်းသား ကျောင်းသူများက စာတွေ့လက်တွေ့မေးခွန်းများ ဖြေဆိုကြသည်။ ယာဉ်မောင်းမွမ်းမံသင်တန်းကိုလည်း နှစ်ရက်ကြာ ပို့ချပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက လိုင်စင်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်မာလာ(မကွေး)

ဆောင်းပါး

ကျွန်တော်နဲ့မူဆယ်မြို့

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

ကျွန်တော်မူဆယ်မြို့ကို သိပ်ရောက်ဖူးချင်ခဲ့တယ်။ မြို့ရဲ့ အမည်ကိုအမြဲကြားနေရတဲ့ မြန်မာ-တရုတ်နယ်စပ်မြို့။ နှစ်နိုင်ငံကုန်သွယ်မှုအတွက် အချက်အချာကျတဲ့ ဒေသ။ တလောက မန္တလေးရောက်တုန်းက မူဆယ်မှာ ဗဟိုစက်မှုစီးပွားရေးဇုန်ကို အကောင်အထည်ဖော်နေတဲ့ ဦးကျော်ကျော်ဝင်းနဲ့တွေ့တော့ ကျွန်တော်တို့ဆီ ကြိုရင်လာခဲ့ပါလို့ ဖိတ်ကြားခဲ့တယ်။ ဒါနဲ့ လားရှိုး ဟောပြောပွဲအပြီး မူဆယ်မြို့ကို ခရီးဆက်ဖို့စီစဉ်ခဲ့တယ်။ မူဆယ်မှာလည်း ဒေသခံတွေအတွက် ဟောပြောပွဲလုပ်ပေး ဖို့ သဘောတူခဲ့တယ်။

လားရှိုးမြို့ကနေ နေ့လယ်စာစားပြီး မူဆယ်ကို ထွက်လာခဲ့တယ်။ လမ်းခရီးက မဆိုးလှဘူး။ တောင်တက်တောင်ဆင်းများတယ်။ လားရှိုးကနေ ကွတ်ခိုင်မြို့ကို အရင်သွားခဲ့တယ်။ ကွတ်ခိုင်ကိုလည်း ကျွန်တော်က ရောက်ဖူးချင်ခဲ့တာ။ လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ ကျော်တုန်းက ဖခင်က ကွတ်ခိုင်မှာ တာဝန်ကျခဲ့တာ။ ဒီတုန်းက ကယားခြေလျင်တပ်ရင်းမှာ သူကတပ်ရင်းမှူး။ ဖေဖေက ကွတ်ခိုင်မှာ တာဝန်ကျပေမယ့် ကျွန်တော်တို့ မိသားစုက ရန်ကုန်မှာပဲနေခဲ့ရတာ။ ဖေဖေနဲ့ အတူလိုက်ခွင့်မရခဲ့ဘူး။

ဒီတုန်းက တိုင်းပြည်အခြေအနေတွေက မငြိမ်သက်ဘူး။ ဖေဖေကွတ်ခိုင်မှာ တာဝန်ကျရင်း "ဝ"နယ်၊ ကိုးကန့်နယ်ကိုသွားခဲ့တာကို သူပြောလို့ မှတ်မိနေတယ်။ ရိုးရာ ခလေ့ထုံးစံလေးတွေ ဖေဖေကပြောခဲ့တယ်။ ထူးထူးခြားခြားမှတ်မိတာက ဒီတုန်းက စစ်တိုင်းကြီးနှစ်တိုင်းပဲ ရှိသေးတာ။ တောင်ပိုင်းတိုင်းက ရန်ကုန်မှာ အခြေစိုက်ပြီး မြောက်ပိုင်းတိုင်းကတော့ မန္တလေးမှာ။ တိုင်းမှူးက ဗိုလ်မှူးချုပ် ဘလိုင်။ မန္တလေးကို ကွတ်ခိုင်ကကိုယ်တိုင်မောင်းပြီး သွားခဲ့တာကို ဖေဖေက ဖောက်သည်ချခဲ့တယ်။ ဟိုတုန်းက အခုလောက် လမ်းတွေကောင်းမှာမဟုတ်ဘူး။ ကွတ်ခိုင်မြို့ ရောက်တော့ ကယားတပ်ရင်းကို ရှာသေးတယ်။ မတွေ့ရဘူး။ အောင်ချမ်းသာစားသောက်ဆိုင်မှာ ခရီးတစ်ထောက်နားခဲ့တယ်။ ဒေသအစားအစာတွေ စုံစုံလင်လင်ပဲ။ ဟင်းမျိုးစုံကို ကြိုက်တာရွေးချယ်ပြီး ငွေကျပ် ၂၀၀၀ပဲပေးရတယ်။ ရှမ်းစာတွေကလည်း အမျိုးမျိုး၊ ကွတ်ခိုင်ကနေ မူဆယ်ကို လမ်းကအတတ်အဆင်းများတယ်။ လမ်းတွေကို ခက်ခက်ခဲခဲ ဖောက်ထားတာ အံ့သြစရာပါပဲ။ ခရီးအကွာအဝေးက ဒီလောက်မဝေးလှပေမယ့် စုစုပေါင်း ၆ နာရီလောက် ကြာမြင့်ခဲ့တာ။ ရောက်ချင်တဲ့စိတ်က စောနေလို့ ထင်ပါရဲ့။ တော်တော်နဲ့ မရောက်နိုင်ခဲ့ဘူး။ ၁၀၅ မိုင် မရောက်မီ မိုင် ၂၀ ကျော်ကတည်းက လမ်းနံဘေးမှာ ကုန်တင်ကားကြီးတွေ တန်းစီနေတာတွေ့ခဲ့ရတယ်။ ဖရဲသီးတင်တဲ့ကားတွေ၊ ဆန်တင်တဲ့ကားတွေ၊ ကားတွေကလည်းအကြီးကြီး။ ဘီး ၂၀ ကျော်တဲ့ ကားတွေလည်း မြင်ခဲ့ရတယ်။ ကားကြီးတွေ လမ်းနံဘေးမှာ အခုလို တန်းစီထားတော့ ကျွန်တော်တို့ ကားတွေ လှုပ်ရှားရတာ အတော်သတိထားရတယ်။

ဒီအထဲက မျက်နှာချင်းဆိုင်ကားတွေကလည်း လာနေတော့ ရန်ကုန်လမ်းတွေကို သတိရနေမိတယ်။ ရန်ကုန်မှာဖြစ်တာက ယာဉ်တွေကခပ်သေးသေး။ အခုတော့ ယာဉ်ကြီးတွေနဲ့ ကြောက်စရာပါ။ ဒီလိုနဲ့သည်းထိတ်ရင်ဖိုစွာနဲ့ပဲ မူဆယ်ကို ခရီးဆက်ခဲ့တယ်။ ယာဉ်တန်းတွေ ကျပ်တည်းနေတာကို အခုလို တွေ့မြင်ရပြီး ကုန်သွယ်မှုလုပ်ငန်းအတွက် ဘယ်လောက်ထိခိုက်နိုင်မလဲဆိုတာကို စဉ်းစားမိတယ်။ ယာဉ်တွေတန်းစီနေတာဟာ ရယ်စရာ ကိစ္စမဟုတ်တော့ဘူး။ ဘာကြောင့် ဒီလိုဖြစ်နေရသလဲလို့ သုံးသပ်ပြန်တော့ ကုန်တင်ယာဉ်တွေကို တစ်စီးချင်း စစ်ဆေးနေရလို့၊ နည်းပညာအားနည်းမှုကြောင့်ရော၊ လမ်းကလည်း ကျဉ်းတာမို့ အခုလိုဖြစ်နေရတာ။ ယာဉ်တစ်စီးချင်းစစ်၊ မစစ်ပြန်လည်း မသမာမှုတွေကလည်း ရှိနေပြန်တော့ မစစ်လို့ကလည်း မဖြစ်ပြန်၊ မုန့်လုံးစက္ကူကပ်နေတာ။ ဒီကိစ္စကို တာဝန်ရှိသူတွေကအဖြေထုတ်ဖို့ ကြိုးစားနေတယ်လို့ ကျွန်တော့်ကို ပြောကြပါတယ်။ ဒါပေမယ့် ပြဿနာက အမြန်ဆုံးဖြေရှင်းရမယ့် ကိစ္စတစ်ခုဖြစ်တယ်။

ဒီလိုနဲ့ မူဆယ်မြို့ကို နီးကပ်လာခဲ့တယ်။ ကားကြီးတွေအကြား သွားရတာကတော့ ထိတ်လန့်စရာပါ။ ကျွန်တော်က စိတ်မရှည်စွာနဲ့ ယာဉ်မောင်း ကိုကျော်စိန်ထွန်းကို ဝေးဝေးကမြင်ရတဲ့ အလင်းရောင်တွေကို လက်ညှိုးထိုးရင်း မူဆယ်ရောက်ပြီလားလို့ မေးတော့ သူက ရယ်ရင်း ဆရာကြီး ဒါကမူဆယ်မဟုတ်ဘူး။ တရုတ်ပြည်လို့ ပြောတယ်။ အဝေးကလှမ်းကြည့်လိုက်တော့ မီးတွေထိန်ထိန်လင်းနေတာ တရုတ်ပြည်ဖြစ်နေတယ်။ အံ့သြစရာတော့ကောင်းပါတယ်။ မူဆယ်မြို့ဝင်ပြီး ကျွန်တော်တို့ မူဆယ်မြို့ ဗဟိုစီးပွားရေးဇုန်ရုံးကို သွားခဲ့ကြတယ်။ အဲဒီစီမံချက်ရဲ့အကြောင်း ကျွန်တော်က အရင်တုန်းက ပုံစံ ငယ်မှာ မြင်တွေ့ခဲ့ရဖူးတယ်။ အခုလို မျက်ဝါးထင်ထင် မြင်လိုက်ရတော့ အံ့သြသွားမိတယ်။ လမ်းမကြီးကလည်း ဖြူးနေတာပဲ။ အဆောက်အအုံတွေကလည်း အစီအရီ၊ ရုံးချုပ်မှာ ဦးကျော်ကျော်ဝင်း၊ ဒေါ်သန်းသန်းအေးနဲ့ အဖွဲ့သားတွေ ကြိုဆိုနေကြတယ်။ ရုံးခန်းကလည်း ခမ်းခမ်းနားနား။ ညစာမစားမီ နောက်တစ်နေ့မှာ ဟောပြောပွဲလုပ်မယ့်ခန်းမကို ဦးကျော်ကျော်ဝင်းက လိုက်ပြတယ်။ ခန်းမကအကြီးကြီးပဲ။ ညစာကိုတော့ရုံးမှာပဲ စားကြတယ်။ ဖွယ်ဖွယ်ရာရာနဲ့ လိုလေသေးမရှိအောင် ဧည့်ခံပါတယ်။ ထမင်းစားတော့ ခဏနားပြီး မူဆယ်မြို့မှာ တည်းခိုမယ့်ဟိုတယ်ကိုသွားခဲ့ကြတယ်။ ရာသီဥတုက လားရှိုးထက်အေးတယ်။ အအေးကြောက်တဲ့ ကျွန်တော်က အပူစက်မရှိဘူးလားလို့ ဟိုတယ်ကိုမေးတော့ အပူစက်ကတော့မရှိဘူး။ အအေးစက်ကို အပူဆုံးတင်လိုက်ရင် အဆင်ပြေမှာပဲလို့ပြောလို့ အခန်းထဲမှာ အအေးစက်နဲ့ ပူအောင်ဆောင်ရွက်ခဲ့ပါတယ်။

အင်တာနက်က ဖွင့်ဖို့ကြိုးစားပေမယ့်မရခဲ့ဘူး။ လားရှိုးမြို့တုန်းကလည်း အဆင်မပြေခဲ့ဘူး။ အခုလည်း မရတော့ အီးမေးလ်တွေ မဖတ်ရဘူး။ တစ်နည်းပြောရရင် အပြင်လောကနဲ့ အဆက်အသွယ် ပြတ်ခဲ့တာ သုံးရက်ကျော်ခဲ့တယ်။ နောက်တစ်နေ့ နံနက်မှာ ဟောပြောပွဲလုပ်မယ့်ခန်းမကိုထွက်ခဲ့ကြတယ်။ ခန်းမရှေ့ ကချင်တိုင်းရင်းသားဝတ်စုံအပြည့်နဲ့ ဝတ်ထားတဲ့ အမျိုးသား၊ အမျိုးသမီးတွေက အကတွေ၊ အတီးအမှုတ်တွေနဲ့ ဧည့်သည်တွေကို ကြိုဆိုနေကြတယ်။ ကျွန်တော်ဟောပြောပွဲတွေလုပ်ခဲ့တာ

အမှန်တော့ မူဆယ်မြို့ဟာ အလွန်အချက်အချာကျတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ နယ်စပ်မြို့ဖြစ်တာမို့ တစ်ဖက်နိုင်ငံနဲ့ ကုန်သွယ်မှုအခွင့်အရေးတွေ အများကြီးရှိပါတယ်။ ပထဝီအနေအထားအရ အလွန်ကောင်းမွန်တဲ့ အရပ်ဒေသတစ်ခုအနေနဲ့ ရလာနိုင်တဲ့ အခွင့်အရေးတွေကို ရနိုင်အောင်ကြိုးစားကြဖို့ လိုအပ်တယ်။

များခဲ့ပါပြီ။ ဒီတစ်ချိန်က ပထမဆုံးအကြိမ် အခုလို ဧည့်ကြိုတာကို တွေ့ကြုံခဲ့ရတာ။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းတဲ့သဘောဖြစ်တယ်။ ကချင်တိုင်းရင်းသားတွေ အခုလို ကြိုဆိုတာ ကြည်နူးမိပါတယ်။ ရှမ်းပြည်နယ်မှာနေပေမယ့် ကချင်တိုင်းရင်းသားတွေနဲ့ အခုလို တီးကြ၊ မှုတ်ကြ၊ ကကြ၊ ခုန်ကြနဲ့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးကို သရုပ်ဖော်နေသလိုပါပဲ။

ခန်းမထဲမှာ ဧည့်သည်တွေက တဖွဲဖွဲရောက်လာကြတယ်။ လူငယ်တွေ၊ လူလတ်တွေ၊ လူကြီးတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေလည်းပါတယ်။ အစိုးရဌာနက ဝန်ထမ်းတွေလည်းပါဝင်တယ်။ ကျောင်းသား ကျောင်းသူတွေလည်း ပါကြတယ်။ မျိုးစုံပါ။ ခရိုင်အုပ်ချုပ်ရေးမှူးနဲ့ ဦးကျော်ကျော်ဝင်းတို့က နှုတ်ခွန်းဆက်စကားတွေ ပြောကြတယ်။ ကျွန်တော်တို့အဖွဲ့ အခုလိုမူဆယ်မြို့ကို ရောက်လာတာ ကို ဝမ်းပန်းတသာကြိုဆိုကြတယ်။

ကျွန်တော့်အလှည့်ရောက်တော့ ပြင်ဆင်ခဲ့တဲ့ Slides တွေသုံးပြီး ဟောပြောပွဲကို တစ်နာရီကျော်ကျင်းပပေးခဲ့ပါတယ်။ ကျွန်တော့်ရဲ့ ခေါင်းစဉ်ကတော့ "နယ်စပ်ဒေသကုန်သွယ်မှုရဲ့ အခွင့်အရေးများ" ဆိုပြီး ဒေသခံတွေအတွက် ဦးတည်ပြီးဟောခဲ့ပါတယ်။ အမှန်တော့ မူဆယ်မြို့ဟာ အလွန်အချက်အချာကျတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ နယ်စပ်မြို့ဖြစ်တာမို့ တစ်ဖက်နိုင်ငံနဲ့ ကုန်သွယ်မှုအခွင့်အရေးတွေ အများကြီးရှိပါတယ်။ ပထဝီအနေအထားအရ အလွန်ကောင်းမွန်တဲ့ အရပ်ဒေသတစ်ခုအနေနဲ့ ရလာနိုင်တဲ့အခွင့်အရေးတွေကို ရနိုင်အောင် ကြိုးစားကြဖို့ လိုအပ်တယ်။

အမှန်စင်စစ် အများသိကြတာက အေအီးစီ(၂၀၁၅) ဖြစ်ပါတယ်။ အာဆီယံနိုင်ငံ (၁၀)နိုင်ငံ ပူးပေါင်းဖွဲ့စည်းထားတဲ့ အာဆီယံစီးပွားရေးအသိုက်အမြုံဟာ ဈေးကွက်ပမာဏအရသန်း ၆၀၀ ကျော်ရှိတယ်။ ဒါပေမယ့် အာဆီယံနဲ့ပတ်သက်လာရင် အာဆီယံအပေါင်းသုံးဆိုတာကို တစ်ခါတစ်ရံမေ့ပျောက်နေကြတယ်။ အပေါင်းသုံးလို့ ပြောရတာက တရုတ်၊ ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံတို့ ပါဝင်ပါတယ်။ မြန်မာနိုင်ငံဟာ တရုတ်နဲ့ အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်တာမို့ အခွင့်အလမ်းတွေ များပါတယ်။ ဒါကြောင့် နယ်စပ်ကုန်သွယ်ရေး အချက်အချာကျတဲ့ မူဆယ်မြို့မှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် အခွင့်အလမ်းတွေကအများကြီးပါ။ ဒါကြောင့် ရှိနေတဲ့ အခွင့်အရေးကို ရနိုင်အောင် ဘယ်လိုဆောင်ရွက်သင့်တာကို ကျွန်တော်က စီးပွားရေးရှုထောင့်ကနေ ထုတ်ဖော်ပြီး ဟောခဲ့ပါတယ်။ နယ်စပ်ကုန်သွယ်မှုနဲ့ ပတ်သက်တဲ့အခြေခံအယူအဆက Win-Win နှစ်ဦးနှစ်ဖက် အကျိုးရရှိအောင်ဖော်ထုတ်ဖို့သာ ဖြစ်ပါတယ်။ ဒီလိုလုပ်နိုင်ဖို့ နိုင်ငံတော်အစိုးရအနေနဲ့ လိုအပ်တဲ့ ပံ့ပိုးမှုတွေ အကူအညီတွေ ဆောင်ရွက်ပေးနိုင်ဖို့ အရေးကြီးလှပါတယ်။ စီးပွားရေးလုပ်ငန်းများ ကြီးထွားလာစေဖို့ လိုအပ်တဲ့အထောက်အပံ့တွေ အစီအစဉ်တွေဆောင်ရွက်နိုင်ဖို့လိုအပ်မှာဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်မှုကို တွန်းအားပေးဖို့ နိုင်ငံတော်အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် မိဘပြည်သူများအားလုံး ပူးပေါင်းရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ယှဉ်ပြိုင်မှုအားသာချက်ကို အခြေခံပြီး အခွင့်အရေးကိုရအောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်ဟောပြီးတဲ့အချိန်မှာ အမေးအဖြေအစီအစဉ်ကို လုပ်ပေးခဲ့ပါတယ်။ မူဆယ်မြို့မှာ အခုလို ဟောပြောပွဲကို ပထမဆုံးကျင်းပခဲ့ခြင်းဖြစ်တယ်။ ဒီနေရာမှာ ကျွန်တော်တစ်ခုသတိထားမိတာ ရှိပါတယ်။ ဟောပြောပွဲတွေကို အခုခေတ်နေရာတိုင်းမှာ ပုဂ္ဂိုလ်အမျိုးမျိုးက ကျင်းပနေကြတယ်။ အခုလိုကျင်းပတဲ့ ဟောပြောပွဲတွေအနက် စာပေဟောပြောပွဲတွေနဲ့ ပညာရပ်ဆိုင်ရာ ဟောပြောပွဲဆိုပြီး အခြေခံနှစ်မျိုးရှိပါတယ်။ စာပေဟောပြောပွဲက ထင်ရှားတဲ့ စာရေးဆရာ ဆရာမတွေက ဟောကြတယ်။ အထူးသဖြင့် စာဆိုတော်နေ့တွေမှာ ဟောကြတာတွေ့ရတယ်။ စာရေးဆရာတွေနဲ့ စာဖတ်ပရိသတ်တွေ ထိတွေ့ရတဲ့ပွဲမျိုး။ ဒီဟောပြောပွဲမျိုးက နေရာအနှံ့မှာ ပြုလုပ်ကြပါတယ်။ ကျွန်တော်လုပ်တာက ဒါမျိုးမဟုတ်ပါဘူး။ ကျွန်တော်လေ့လာထားတဲ့ စီးပွားရေးပညာ၊ စီမံခန့်ခွဲမှုပညာကိုအခြေခံပြီး ခေါင်းစဉ်အမျိုးမျိုးနဲ့ ဟောခဲ့တာဖြစ်ပါတယ်။ တစ်နည်းပြောရရင် ပညာဖြန့်ဖြူးတဲ့စေတနာနဲ့ ပြုလုပ်ခြင်းဖြစ်ပါတယ်။ ပရိသတ်နှစ်သက်မယ့် ကြိုက်မယ့် အရာတွေကိုရွေးပြီး မဟောခဲ့ပါဘူး။ ပညာကို အခြေခံပြီးဟောခဲ့တာပါ။ ဘေးပတ်ဝန်းကျင်မှာဖြစ်တဲ့ အကြောင်းအရာတွေကို မှတ်ချက်ပေးတာမျိုးမပြုဘဲ ဘာသာရပ်ကိုပဲ အာရုံထားခဲ့ပါတယ်။ မိမိကိုယ်မိမိ သတိထားရပါတယ်။ ကိုယ်သိတာ ကိုယ်နားလည်တာကိုပဲ အာရုံထားပြီး မိမိတစ်ဦးချင်း အမြင်အယူအဆတွေကို မထုတ်ဖော်ဖို့ သတိထားပါတယ်။

မေးတဲ့မေးခွန်းတွေကများသလို အလွန်လည်း စိတ်ဝင်စားစရာကောင်းပါတယ်။ မေးတဲ့သူတိုင်းက သိချင်လို့၊ နားလည်ချင်လို့ ရိုးရိုးသားသားနဲ့မေးကြတာ တွေ့ရတယ်။ တစ်ခါတလေ ကျွန်တော်ကြုံဖူးတာက သိချင်လို့မေးတာမျိုးမဟုတ်ဘဲ မိမိတတ်တာ သိတာတွေထုတ်ဖော်ချင်တဲ့ ဆန္ဒနဲ့မေးကြတာဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်တော် နားလည်ပါတယ်။ လူတိုင်းမှာ ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိကြတယ်။ ဆန္ဒကိုယ်စီရှိကြတာပါပဲ။ မေးခွန်းတစ်ခုက အရှည်ကြီး။ ဖြေရရင် အတော်ခက်ခဲမှာ ကံကောင်းတာက မေးတဲ့သူက မေးရင်းမေးရင်းနဲ့အဖြေကိုလည်း တစ်ပါတည်းပြောသွားတယ်။ တော်သေးတာပေါ့။ ကိုယ်သာဖြေရရင်လွယ်မှာမဟုတ်ဘူး။ ပရိသတ်တစ်ဦးရဲ့ တင်ပြချက်ကတော့ ရင်ထဲမှာခံစားရတယ်။ တရုတ်နိုင်ငံကဝန်ထမ်းတွေဟာ ကုန်သွယ်မှုကို အားပေးတယ်။ အဆင်ပြေ အောင် ပံ့ပိုးတယ်။ လိုအပ်ရင်ကုန်တွေကို ကိုယ်တိုင် ဝင်ထမ်းပြီး ပို့ပေးတဲ့ ဥပမာကိုပေးသွားတယ်။ ဒါကို ကြားရတော့ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ နိုင်ငံ့ဝန်ထမ်း တွေ ဒီစိတ်ထားတွေ၊ ပေါ်လာအောင် ကြိုးစားကြရမှာ ဖြစ်ပါတယ်။ ဟောပြောပွဲက အောင်အောင်မြင်မြင်နဲ့ ပြီးဆုံးသွားခဲ့ပါတယ်။ ပွဲပြီးတဲ့အချိန် ဦးကျော်ကျော်ဝင်းတို့ မိသားစု တည်ခင်းတဲ့နေ့လယ်စာကို စားကြတယ်။ ကျွန်တော်က အသားမစားလို့ သက်သတ်လွတ်ဟင်းမျိုးစုံကျွေးပါတယ်။ ဦးကျော်ကျော်ဝင်း ဦးစီးနေတဲ့ မူဆယ် ဗဟိုစီးပွားရေးဇုန်စီမံချက်ဟာ ပြည်နယ်အစိုးရရဲ့အကူအညီနဲ့ ဆောင်ရွက်တဲ့ စီမံချက်တစ်ခုဖြစ်တယ်။ ရွှေလီမြစ်ကမ်းနံဘေးမှာ စီးပွားရေးလုပ်နိုင်တဲ့ အဆောက်အအုံတွေ၊ လူနေအိမ်တွေကို ဧက ၃၀၀ နီးပါး ဖော်ထုတ်နေတာ၊ ထူးခြားတာက စီမံချက်ကို အကောင်အထည်ဖော်ရာမှာ လိုအပ်တဲ့လမ်းတွေ၊ မီးတွေကို အရင်စီစဉ်ဆောင်ရွက်နေတယ်။ Infrastructure ကို ဦးစားပေးပြီး စီမံကိန်းကို လုပ်နေတာ အတုယူစရာကိစ္စ၊ ဒီစီမံချက်ကို နိုင်ငံတော် အကြီးအကဲတွေ ကိုယ်တိုင်လာရောက် ကြည့်ရှုအားပေးခဲ့ကြတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုလိုက်တဲ့ စီမံချက်တစ်ခုဖြစ်တာဖို့ ကျွန်တော်နဲ့ပါလာတဲ့ ကော်မရှင်အဖွဲ့ဝင် ဒေါ်ခိုင်ခိုင်နွယ်တို့အတွက်က အခုလို ခွင့်ပြုချက်ရပြီး စနစ်တကျ စီစဉ်ဆောင်ရွက်နေတာ တွေ့မြင်ရတော့ အားရမိတာအမှန်ပါပဲ။

နေ့လယ်စာစားပြီး ကျွန်တော်တို့အဖွဲ့မူဆယ်မြို့က တစ်ဆင့် တရုတ်ပြည် ရွှေလီမြို့ကို ခရီးထွက်ခဲ့ကြတယ်။ နယ်စပ်ကိုဖြတ်သန်းရတာက စိတ်လှုပ်ရှားစရာ အတွေ့အကြုံတစ်ခုပါ။ တစ်နေ့စာ နိုင်ငံကူးလက်မှတ်ယူပြီး ကူးခဲ့ရတာ။ ကျွန်တော်တို့အဖွဲ့က ၁၅ ဦးပါတော့ လူဝင်မှုကြီးကြပ်ရေးစခန်းကထွက်ပြီး ရွှေလီမြို့ကို လည်ပတ်ဖို့ ဘတ်စ်ကားငယ်တစ်စီးကို ငှားခဲ့ပါတယ်။ ဒီကားနဲ့ပဲ ပထမဆုံးရွှေလီမြို့မှာထင်ရှားတဲ့ ရေပူစမ်းရှိတဲ့ ဟိုတယ်နဲ့နားနေခန်းကို သွားခဲ့ကြတယ်။ ဒီစခန်းကိုလည်း ရောက်တာနဲ့ လားရှိုးမြို့မှာရှိတဲ့ ရေပူစမ်းကို သွားအမှတ်ရမိတယ်။

လားရှိုးမြို့ရေပူစမ်းက မြစ်ငယ်လေးတစ်ခု၊ အခု ရွှေလီမှာရှိတာက ရေကန်လေး ခပ်သေးသေး၊ ဒါပေမယ့် အခြေအနေက အတော်ကွာခြားတာ။ ရေကန်လေးကို လှပအောင်လုပ်ထားတယ်။ ကန်အလယ်က ရေတွေကို ပွက်ပွက်ဆူပြီး ရေနွေးတည်ထားတဲ့အိုးထဲကိုကြည့်ရသလိုပဲ။ အောက်ခြေမှာ အပြာရောင်ကြွေပြားတွေနဲ့ ခင်းထားတာကြည့်ရတာကလည်း သိပ်လှတာ။ ရေကန်နံဘေးမှာ ကန်အသေး လေးတစ်ကန်ရှိတယ်။ ဒီကန်ထဲမှာတော့ ကြက်ဥတွေကို ဆန်ခါနဲ့ထည့်ထားတယ်။ ရေပူစမ်းကရေနဲ့ပြုတ်ထားတာ။ ပြုတ်ထားတဲ့ရက်စွဲကိုလည်း မှတ်သားထားတော့ ဒီကြက်ဥကို ဘယ်နှစ်ရက်ကြာကြာပြုတ်ထားတယ်ဆိုတာ သိနိုင်တာ။ ကြက်ဥကို ကျွန်တော်တို့အဖွဲ့တွေက အလုအယက်စားကြတာ။ အနံ့က ရေပူစမ်းက ကန့် အနံ့ရပြီး ပြုတ်ထားတဲ့အတွက် ကြက်ဥအရောင်က အညိုရောင်ပြောင်းသွားတယ်။ ကြက်ဥနဲ့အတူစားဖို့ ဆားနဲ့လုပ်ထားတဲ့အမှုန့်ကိုလည်း ပေးပါတယ်။ ရေပူစမ်းကိုမြင်ပြီး လားရှိုးမှာ အခုလို လုပ်နိုင်ရင် အတော်ကောင်းမယ်ဆိုတာကို သတိပြုမိတယ်။ ရွှေလီကို နမူနာယူနိုင်မှာ ဖြစ်ပါတယ်။

ရေပူစမ်းကတစ်ဆင့် ကျွန်တော်တို့အဖွဲ့ ရွှေလီမြို့ရဲ့တောင်ကုန်းမှာတည်ထားတဲ့ စေတီနဲ့ ကျောင်းဆောင်ကြီးရှိရာကို သွားခဲ့ကြတယ်။ လိုက်ပြပေးတဲ့သူတွေကတော့ထိုင်းဘုရင့်သမီးက ပုံစံဖော်ပေးတယ်လို့ပြောကြတယ်။ ထူးခြားတာက စေတီပုထိုးဖြစ်ပေမယ့် ကိုးကွယ်တဲ့သူမရှိတာပါ။ မြန်မာပြည်မှာ မြင်နေကြဖြစ်တဲ့ ဘုရားပန်းတွေ၊ အမွှေးတိုင်တွေ၊ ဖယောင်းတိုင်တွေ မရှိပါဘူး။

ဘုရားဖူးပြီးလို့ မြို့ထဲကိုလျှောက်လည်ကြတယ်။ တရုတ်ပြည်သာဆိုတယ်၊ ဆိုင်တွေမှာ မြန်မာစာတွေ ရေးပြီး ကြော်ငြာထားတာတွေ့ရတယ်။ ကျောက်စိမ်းရောင်းတဲ့ ရတနာဆိုင်တွေကလည်း အများကြီးပဲ။ ကုန်ကြမ်းအားလုံးက မြန်မာပြည်က။ ဒီလိုပဲ ဧရာမသစ်လုံးကြီးတွေနဲ့ထုလုပ်ထားတဲ့ ရုပ်တုတွေ မြင်ရတယ်။ မြန်မာပြည်က သယ်ယူလာတာတွေ။ ဈေးဆိုင်တွေလျှောက်ကြည့်တော့ ထူးခြားချက်တစ်ခုက ရောင်းချတဲ့ အဝတ်စားတွေအားလုံးက တရုတ်အမှတ်တံဆိပ်တွေ၊ နိုင်ငံခြားအမှတ်တံဆိပ်တွေ မမြင်ရဘူး။ ဆိုင်တွေရှေ့လမ်းတစ်လျှောက်မှာ ခုံအသေးတွေခင်းပြီး အမျိုးသမီးငယ်တွေက အစားသောက်တွေ စားနေကြတာမြင်ရတယ်။ ဘာကြောင့် ဆိုင်အပြင်မှာ အခုလို စားပွဲတွေခင်းပြီး စားသောက်နေကြသလဲလို့ မေးကြည့်တော့ ဆိုင်ထဲမှာအနံ့အသက်မစွဲအောင် အပြင်ထွက်ပြီး စားကြတာတဲ့။

စာမျက်နှာ ၁၁ သို့

စာမျက်နှာ (၁၀) မှ

လမ်းဘေးဆိုင်တစ်ခုမှာ သရေစာမုန့်ကိုဝယ်ရင်း ဈေးသည်ကလေးမတွေကို စကားပြောတော့ မြန်မာတွေဖြစ်နေတာတွေ့ရတယ်။ သူတို့နဲ့စကားလက်ဆုံကျရင်း တစ်ယောက်က မိုးညှင်းမြို့က၊ တစ်ယောက်က မြစ်ကြီးနားက ရွှေလီမှာ အလုပ်လုပ်နေတာ နှစ်နှစ်နဲ့ လေးနှစ်ရှိပြီ၊ တစ်မြို့လုံးမှာ အခုလိုပဲ အလုပ်လာလုပ်နေကြသူတွေက အများကြီးပါပဲ။

ရွှေလီကအပြန် မူဆယ်ဗဟိုစီးပွားရေးဇုန်မှာ တည်ခင်းတဲ့ညစာစားကြတယ်။ ကိုကျော်ကျော်ဝင်းနဲ့ မိသားစုက ကချင်မနောအကအဖွဲ့ကို ဖိတ်ကြားထားတယ်။ ဒါနဲ့ ကျွန်တော်လည်း မနောအကကို ဝင်ပြီးဆင်နွှဲခဲ့တယ်။ ငွေခေါ်ကိုလွယ်ပြီးကခဲ့တာ ပျော်စရာကောင်းလှပါတယ်။

နောက်တစ်နေ့မူဆယ်က လားရှိုး၊ လားရှိုးက ရန်ကုန်ပြန်ရမှာမို့ သိပ်ညဉ့်နက်အောင်မနေဘဲ ည ၁၀ နာရီလောက် ဟိုတယ်ပြန်ခဲ့တယ်။ နောက်တစ်နေ့မနက် လားရှိုးကအပြန် အလာတုန်းကလို ယာဉ်ကြောပိတ်ဆို့မှုဖြစ်မှာစိုးရိမ်လို့ ခရိုင်အုပ်ချုပ်ရေးမှူးလုပ်သူက ရဲကားကို ကျွန်တော်တို့ယာဉ်တွေ အရှေ့ကသွားစေခဲ့တယ်။ ရဲကားရှိလို့ ခရီးကသွက်ခဲ့ပါတယ်။ အလာတုန်းကလိုပဲ အောင်ချမ်းသာစားသောက်ဆိုင်မှာ ခဏနားပြီး လားရှိုးကိုထွက်ခဲ့တယ်။ လားရှိုးရောက်တော့ ရှမ်းအစားအစာရောင်းတဲ့ဆိုင်မှာ နေ့လယ်စာစားကြတယ်။ စားပြီး လေယာဉ်ကွင်းကိုသွားခဲ့ပြီး လားရှိုးကတစ်ဆင့် မန္တလေး၊ မန္တလေးကတစ်ဆင့် ရန်ကုန်ကိုပြန်ခဲ့တယ်။ မူဆယ်ခရီးစဉ်က ကျွန်တော့်အဖို့ ထူးခြားတဲ့ ခရီးတစ်ခုဖြစ်ပါတယ်။

နယ်စပ်ဒေသတစ်ခုရဲ့ အခြေအနေကို မျက်ဝါးထင်ထင်မြင်ခဲ့တယ်။ ကျွန်တော်က ဖွံ့ဖြိုးမှုစီးပွားရေးပညာကိုစိတ်ဝင်စားတယ်။ လေ့လာတယ်။ နိုင်ငံတွေရဲ့စီးပွားရေးဖွံ့ဖြိုးမှုကို နှိုင်းယှဉ်မှုမှာအကောင်းဆုံးပေတံက နယ်စပ်ဒေသတွေဖြစ်တယ်။ ဥပမာကျွန်တော်တာဝန်အရ ရှစ်နှစ်နီးပါးနေခဲ့တဲ့ အီတလီနိုင်ငံနဲ့ အိမ်နီးနားချင်းနိုင်ငံက ပြင်သစ်ရယ်၊ ဆွစ်ဇာလန်ရယ်၊ အီတလီ ကတစ်ဆင့် ပြင်သစ်နိုင်ငံကို သွားတဲ့အခါ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဖွံ့ဖြိုးမှု အဆင့်အတန်းမကွာခြားတာမို့ အသိသာဆုံး ဆွစ်ဇာလန်နဲ့လည်း ဒီလိုပါပဲ။ အမေရိကန်ပြည်ထောင်စုမှာ အိမ်နီးနားချင်းနိုင်ငံ နှစ်နိုင်ငံရှိတယ်။ ကနေဒါနိုင်ငံနဲ့ မက္ကဆီကိုနိုင်ငံ၊အမေရိကန်နဲ့ ကနေဒါနယ်စပ်မှာ ဘာမှမကွာခြားပေမယ့် မက္ကဆီကိုနိုင်ငံနဲ့တော့ အတော်ကွာခြားတယ်။ တရုတ်ပြည်နဲ့ မြန်မာနိုင်ငံတို့ရဲ့ ကွာခြားမှုကို မူဆယ်မြို့မှာ တွေ့မြင်ရပါတယ်။ ဒီဘက်မှာ ယာဉ်တန်းတွေ တန်းစီပိတ်ဆို့နေပေမယ့် ဟိုဘက်မှာတော့ ယာဉ်တွေ ချောချောမွေ့မွေ့ သွားလာနေတာတွေ့ရတယ်။ ဘာပဲဖြစ်ဖြစ် ဒီလိုအခြေအနေကို သုံးသပ်ပြီး ကိုယ့်နိုင်ငံတိုးတက်အောင် ကြိုးစားသွားကြရမှာဖြစ်ပါတယ်။ ဗဟိုရဲ့စီးပွားရေးဇုန် စီမံချက်များကိုအားပေးပြီး value-added တန်ဖိုးတက်စေမယ့်လုပ်ငန်းတွေ မြန်မာပြည်မှာ ဖော်ဆောင်သွားရမှာဖြစ်ပါတယ်။ ကုန်ကြမ်းတွေတင်ပို့မယ့်အစား မူဆယ်မှာပဲ ကုန်ချောဖြစ်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီလိုတာဝန်တွေလုပ်နေတဲ့ ဒေသခံတွေကို အားပေးဖို့ လိုအပ်ပါတယ်။

ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ တွင် **"သမဝါယမအသင်းဝင်များက ချေးငွေအပြေအကျေ ပြန်ဆပ်ကြ၍ အသေးစားအရင်းအနှီးချေးငွေအဖြစ် ထပ်မံထုတ်ချေးလျက်ရှိ"** ခေါင်းစဉ်ပါ သတင်းတွင် အတိုးနှုန်း ၁ ကျပ် ၅ ပြား အစား ၁ ကျပ်၊ ပြား ၅၀ နှင့် ၂ ကျပ် ၅ ပြား အစား ၂ ကျပ်၊ ပြား ၅၀ ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

(စာတည်းအဖွဲ့)

ပြည်တွင်းသတင်း

ကော့သောင်းမြို့၌ မီးလောင်မှုဖြစ်ပွား

ကော့သောင်း ဖေဖော်ဝါရီ ၈

ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက် စိန်ပန်းလမ်း၌ ဖေဖော်ဝါရီ ၇ ရက် ည ၉ နာရီ ၁၀ မိနစ်က လူနေအိမ်သုံးလုံးမီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေဇင်ယော်ရပ်ကွက် စိန်ပန်းလမ်း အိမ်အမှတ် ၃၃၄ ဒေါ်ငွေးနေအိမ် အစွန်ခန်းမီးဖိုမှ စတင်မီးလောင်ကျွမ်းရာ အနီးအနားရှိ အခြားနေအိမ်နှစ်လုံးသို့ ကူးစက်လောင်ကျွမ်းသဖြင့် ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ ရပ်ကွက်ပြည်သူများက မီးသတ်ယာဉ်နှစ်စီး ရေသယ်ယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ၉ နာရီ မိနစ် ၄၀ တွင် မီးညွန့်ကျိုး၍ ငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရမှုမရှိဘဲ နေအိမ် သုံးလုံး မီးလောင်ဆုံးရှုံးကာ အိမ်ထောင်စု ငါးစု အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သည်။ မီးဘေးသင့် အိမ်ထောင်စုငါးစုအား ကော့သောင်း ခရိုင်နှင့် မြို့နယ်က ထောက်ပံ့ငွေကျပ် ၂၀၀၀၀စီ နှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနက ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးကို ချက်ချင်းထောက်ပံ့ ပေးအပ်ခဲ့၍ မီးဘေးသင့် မိသားစုများကို ယာယီနေရာချထားပေးသည်။ မီးစတင်လောင်ကျွမ်းသည့် အိမ်ရှင်အား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

တံတားအဆင်း အရှိန်လွန်ယာဉ်တိုက်

ရန်ကုန် ဖေဖော်ဝါရီ ၈

မြောက်ဥက္ကလာပမြို့နယ်၌ ဖေဖော်ဝါရီ ၆ ရက် ညနေ ၆ နာရီက ဗိုလ်မှူး ဗထူးတံတားလမ်းအတိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်မှ မြောက်ဥက္ကလာပမြို့နယ်သို့ ယာဉ်မောင်း ဦးသိန်းဇော် (၅၀ နှစ်) မောင်းနှင်လာသော ၂၀/.... ကမ်တာအငှားယာဉ်သည် တံတားအဆင်းတွင် အရှိန်လွန်ကာ ရှေ့မှ မောင်းနှင် နေကြသော 3D---Belta ကိုယ် ပိုင်ယာဉ်၊ 3I---AD Van အငှား ယာဉ်နှင့် EE--- Probox အငှားယာဉ်တို့ကို ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်လေးစီးပျက်စီးခဲ့သဖြင့် ၂၀/--- ကမ်တာ ယာဉ်မောင်းဖြစ်သူ ဦးသိန်းဇော်ကို မြောက်ဥက္ကလာပမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်လှမောင်

ကျောက်တံခါးမြို့တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

ကျောက်တံခါး ဖေဖော်ဝါရီ ၈

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ မြို့မရဲစခန်းတွင် ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ ရဲအုပ် လင်းထက်မောင်၊ စခန်းမှူး ဒုရဲမှူး သိန်းထိုက်ကို သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၇ ရက် ညနေ ၆ နာရီခွဲက ကျောက်တံခါးမြို့နယ် ရင်းတိုက်ကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် ၁၁၇/၄ အနီး ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း အောင်မျိုးလွင် (၃၇နှစ်) ကျွန်းလှမြို့ စစ်ကိုင်းတိုင်းဒေသကြီးနေသူ မောင်းနှင်သည့် ယာဉ်အမှတ် ၉၁/----- ၁၂ဘီးယာဉ်သည် အင်ဂျင်ဝိုင်ပီပါနှင့် စက်ပစ္စည်းများ တင်ဆောင်လာစဉ် ယာဘက်ခြမ်း ရှေ့ဘီးပေါက်၍ လမ်း၏ယာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်ဦးခေါင်းပိုင်းမှာ ပျက်စီးခဲ့ကြောင်း သိရသည်။

အရေးယူ

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ အောင်မျိုးလွင်ကို ကျောက်တံခါးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

အမက(၁၀) ဒဂုံမြို့နယ်၊ အာစရိယပူဇော်ပွဲ

ဆရာ၊ ဆရာမကြီးများကို ပူဇော်ကန်တော့ရန်အတွက် ကျောင်းသား၊ ကျောင်းသူများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကိုလည်း ပါဝင်လှူဒါန်းနိုင်ပါရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

နေ့ရက် - ၁၂-၂-၂၀၁၅ ရက် (ပြည်ထောင်စုနေ့)
အချိန် - နံနက် ၁၀:၀၀ နာရီ
နေရာ - အမက (၁၀) ဒဂုံမြို့နယ်

ဖုန်း-၃၈၃၅၈၇၊ ၀၉-၅၁၀၇၁၀၅၊ ၀၉-၅၁၁၂၆၆၀၊ ၀၉-၅၁၉၉၇၀၈၊ ၀၉-၅၀၁၆၄၆၄၊ ၀၉-၅၁၂၉၇၂၆

ပခုက္ကူမြို့ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး နယုန်လပွဲတော်နှင့် ရုံမြေနေရာ၊ ပျော်ပွဲရှင်ပွဲမြေနေရာ လေလံပွဲ

၁။ ပခုက္ကူမြို့ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး၏ နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သော ယခုနှစ်တွင် ကျရောက်သည့် ၈၉၈ ကြိမ်မြောက် ဗုဒ္ဓပူဇနိယနယုန်လပွဲတော်ကြီးကို ၁၃၇၇ ခုနှစ် နယုန်လဆန်း ၁၀ ရက်မှ နယုန်လပြည့်ကျော် ၁၂ ရက်အထိ (၂၇-၅-၂၀၁၅ ရက်မှ ၁၃-၆-၂၀၁၅ရက်အထိ) ၁၈ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆိုင်ခန်းများရရှိရေးအတွက် ၁၃၇၇ ခုနှစ် ကဆုန်လဆန်း(၁)ရက်မှ လကုန်အထိ ဂေါပကအဖွဲ့နှင့် ဆက်သွယ်ပြီး ဆိုင်ခန်းခနှင့် လျှပ်စစ်မီးကြေးပါ ငွေအပြေအကျေပေးသွင်းလျက် ကြိုတင်ဖြတ်ယူထားကြပါရန် နှိုးဆော်ပါသည်။
၂။ ကန့်သတ်ရက်ကျော်လွန်ပါက ဆိုင်ခန်းရရှိရန် တာဝန်မယူပါ။
၃။ ဇာတ်ရုံဘားဆပ်ကပ်ရုံနှင့် အခြားပျော်ပွဲရှင်ပွဲရုံများအတွက် မြေနေရာလေလံပွဲကို ၁၃၇၆ ခုနှစ် တပို့တွဲလပြည့်ကျော်(၁၁)ရက် (၁၄-၂-၂၀၁၅)ရက် စနေနေ့ နံနက် ၉ နာရီတွင်လည်းကောင်း၊ ချား၊ ရဟတ်၊ ပင်လယ်ဓားပြနှင့် ကလေးကစားကွင်းတို့အတွက် မြေနေရာလေလံပွဲကို ၁၃၇၇ ခုနှစ် ကဆုန်လပြည့်ကျော် (၈)ရက်၊ (၁၀-၅-၂၀၁၅)ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင်လည်းကောင်း ဘုရားကြီးတန်ဆောင်းအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လာရောက်ဆွဲဝယ်နိုင်ပါကြောင်း-

မှတ်ချက်။ (၁) ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်နှင့် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ပခုက္ကူမြို့)တို့၏ ညွှန်ကြားချက်အရ လောင်းကစားဝိုင်းများ၊ကံစမ်းမဲဆိုင်များနှင့် အရက်သေစာဆိုင်များ လုံးဝခွင့်မပြုပါ။
(၂) ဘီး၊ ပုတီးဆိုင်များနှင့် ဗေဒင်ခန်းများအား ဂေါပကအဖွဲ့မှ သင့်လျော်သောနေရာတွင် ချထားပေးမည်ဖြစ်ပါသည်။
(၃) ကြေးနန်း၊ တယ်လီဖုန်းဖြင့်အကြောင်းကြားပြီး အချိန်မီမရောက်လာက ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
(၄) ဇာတ်ရုံ၊ ဘားဆပ်ကပ်ရုံ၊ ပျော်ပွဲရှင်ပွဲရုံမြေနေရာများ၊ ချားရဟတ်-ပင်လယ်ဓားပြနှင့် ကလေးကစားကွင်းမြေနေရာများသည် ဂေါပကအဖွဲ့မှ ချထားသတ်မှတ်သောနေရာနှင့် အကျယ်အဝန်းသာ အတည်ဖြစ်ပါသည်။
(၅) ဂေါပကအဖွဲ့မှ သက်ဆိုင်ရာလေလံအလိုက် ချမှတ်ထားသော လေလံစည်းကမ်းချက်များကို ဝယ်ယူထားသူများသာ လေလံဆွဲဝယ်ခွင့်ပြုပါမည်။

ဂေါပကအဖွဲ့၊ ပခုက္ကူမြို့
ဖုန်း-၀၆၂-၂၁၀၆၄၊ ၂၃၇၁၆

Job Vacancy Announcement UCL

United Courier Services Co.,Ltd (For local service only)
We are looking for below candidates.(Int'l Express Service)

1. Courier (10) posts (Male)
2. Security Guard (5) posts (Male)

Post (1) Age under (35), any graduate, Preferably having (2) years experience in delivery services,good communication skills both in English and Myanmar, Positive working attitude and willing to hard work to meet deadline.
Post (2) One year experience in security field. Must be in healthy condition. Willing to work day and night duties.

Please submit CV and a photo to (UCL) HR department not later than 28.02.2015, No.148 (Z), A-1 Street, Mayangone Tsp, Yangon. (09 2540 22793 / 01 661 229)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ မကြီးကြီးလမ်း၊ အမှတ် (၅၆)ဟု ခေါ်တွင်သည့် ခုနစ်ထပ်တိုက် အဆောက်အအုံ၏ ပထမထပ်၊ အကျယ်အဝန်း (၂၅ ပေ ×ပေ ၅၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လက်ရှိပိုင်ဆိုင်စီမံရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်ဇော်ဟန် ၁၂/ကတတ(နိုင်)၀၀၈၈၃၀ထံမှ ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို (စရန်ငွေ)အဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အိမ့်ဖြူနိုင်
LL.B, D.B.L, D.M.L
(စဉ်-၉၈၇၇)
တရားလွှတ်တော်ရှေ့နေ

ဒေါ်ရတနာနွေး
LL.B, D.B.L
(စဉ်-၃၈၄၉၇)
အထက်တန်းရှေ့နေ

အာရှမြေအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ
အမှတ် (၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၀၉-၇၃၁၅၀၆၄၀၊ ၀၉-၇၃၁၆၉၃၀၀

ဝန်ထမ်းအလိုရှိသည်

(၁) ညှပ်-ဘက်စုံ-ကျွမ်းကျင် ကျား(သို့)မ (၁)ဦး ၁၈၀၀၀၀ိ/-(နေစားငြိမ်း)
(၂) လျှော်ကျွမ်းကျင်- မ(၂)ဦး ၁၀၀၀၀၀ိ/-(နေစားငြိမ်း)
(၃) ကျားညှပ် (၁)ဦး

ထာဝရအလှပြုပြင်ရေး မြို့မဈေး (နေပြည်တော်)
ဖုန်း-၀၆၇-၄၂၀၉၅၂

CLAIMS DAY NOTICE
M.V HOEGH CHENNAI VOY:NO(9)

Consignees of cargo carried by M.V HOEGH CHENNAI VOY: NO.(9) are here by notified that the vessel will arrive on about 12-2-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပြင်ဆင်ဖတ်ရှုပါရန်

၅-၂-၂၀၁၅ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၂၉)ပါ တရားလို ဦးမြင့်ထွေး (ခ)ဝမ်ကျိန်းချန်း၏ ငြင်းချက်ထုတ်ရန်သမ္မန်စာ ကြော်ငြာတွင် ရုံးချိန်းရက် ၁၃၇၆ ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက်အစား ၁၃၇၆ ခုနှစ် တပေါင်းလဆန်း ၃ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မွေးသက္ကရာဇ်အမှန်

မော်ဘီမြို့၊ တပ်ကြီးကုန်းကျေးရွာနေ ဦးကိုကိုမောင်၏သား အထက တပ်ကြီးကုန်း၊ သတ္တမတန်း(က)မှ မောင်ထက်အောင်လှိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၆-၂၀၀၂ ဖြစ်ပါသည်။

ပြည်တွင်းသတင်း

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သေနတ်သံများချုပ်ငြိမ်းမှသာ ပြည်ထောင်စု၏အနှစ်သာရပေါ်လွင်နိုင်မည်ဟု ငြိမ်းချမ်းရေးအတွက် လူထုလှုပ်ရှားမှုပွဲ တက်ရောက်သူများက ပြောကြား

သွန်းဝဿန် - ရေးသည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဗိုလ်စိန်မှန်အားကစားကွင်းသို့ ဖေဖော်ဝါရီ ၇ရက် မွန်းလွဲ ၂ နာရီကတည်းက လူများတဖွဲဖွဲရောက်နေကြသည်။ အေးချမ်းသည့်အသွင်ဖြင့် တည်ငြိမ်သောမျက်နှာထားကို ပိုင်ဆိုင်ထားကြသည့် သံဃာတော်များ၊ လူ့ဘောင်လောကကို မိမိတို့တတ်စွမ်းသမျှသောအရာများဖြင့် တစ်ထောင့်တစ်နေရာပါဝင်လိုသူ မသန်စွမ်းအဖွဲ့ဝင်များနှင့် ပဋိပက္ခအပေါင်းတို့မှ ကင်းဝေးပြီး သေနတ်သံဆိတ်ငြိမ်ရာ အေးချမ်းသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ကို ဖော်ဆောင်လိုကြသည့် အမျိုးသမီးများ၊ နိုင်ငံတကာ အဆင့်မီပညာရေးကို အေးချမ်းစွာ သင်ယူလိုကြသော ကျောင်းသားလူငယ်များ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ မြို့နယ်အသီးသီးတို့မှ အရွယ်မျိုးစုံတို့ ညနေ ၃ နာရီခန့်တွင် စည်းကမ်းသေဝပ်စွာဖြင့် လမ်းလျှောက်ဆန္ဒပြပွဲကို စတင်သည်။

ငြိမ်းချမ်းရေး ဖော်ဆောင်သူများက အစွမ်းကုန် ကြိုးပမ်းသော်လည်း မတင်မကျဖြစ်နေရသော တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးအတွက် တိုင်းရင်းသား အဖွဲ့အစည်းများအားလုံးနှင့် နိုင်ငံတော်အစိုးရ၊ မြန်မာ့တပ်မတော်တို့အကြား အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေး လှုပ်ရှားမှုတစ်ရပ်အနေဖြင့် လူထုကစုဝေးခဲ့ခြင်းဖြစ်သည်။

"အားလုံးအေးချမ်းစွာ လမ်းလျှောက်ဆန္ဒထုတ်ဖော်ခဲ့ကြပါတယ်။ အမျိုးသမီးတွေနဲ့ လူငယ်တွေ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်ကြပါတယ်။ ကျွန်မတို့အနေနဲ့ ကိုယ့်ပြည်တွင်းက စစ်မီးခိုးတွေကို လုံးဝမမြင်လိုတော့ပါဘူး။ အစိုးရနဲ့ လက်နက်ကိုင်တပ်တွေအကြား အပြန်အလှန်နားလည်မှုရှိရှိနဲ့ စားပွဲပေါ်မှာ လက်မှတ်ထိုးဖို့ ရည်ရွယ်ပြီး အခုလို ပြည်ထောင်စုငြိမ်းချမ်းရေး လူထုလှုပ်ရှားမှုကို ပါဝင်ဖြစ်ခဲ့တယ်"ဟု ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက်မှ မအိအိသူက ပြောကြားသည်။

ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်စိန်မှန်အားကစားကွင်းမှ တာမွေ မြို့နယ်ကျိုက္ကဆံကွင်းအတွင်းရှိ ဟတ်တိုင်သို့ ဗိုလ်တေဇလမ်း၊ ဗိုလ်စိန်မှန်လမ်းနှင့် ဦးချစ်မောင်လမ်းတို့မှတစ်ဆင့် လမ်းလျှောက်ဆန္ဒဖော်ထုတ်ခဲ့ကြပြီး လူထုအင်အား သုံးထောင်ဝန်းကျင်နှင့်အတူ တက်ရောက်လာခဲ့သည့် အမျိုးသားနိုင်ငံရေးအင်အားစုများက ဟောပြောပွဲများ ဆက်လက်ကျင်းပခဲ့သည်။

"အပစ်အခတ် ရပ်စဲရေးက ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပထမဆုံးသော လမ်းကြောင်းတစ်ရပ် ဖြစ်ပါတယ်။ အမှန်ကန်ဆုံး ဆောင်ရွက်ပေးကြဖို့နဲ့ တစ်ဖက်နဲ့ တစ်ဖက် အကောင်းမြင်နားလည်ပြီး ယုံကြည်မှုတည်ဆောက်ဖို့ လိုအပ်ပါတယ်။ စားပွဲဝိုင်းမှာ ထိုင်ဆွေးနွေးနေပေမယ့် တကယ့်မြေပြင် အနေအထားမှာ အခိုင်အမာ တပ်စွဲနေတာတွေ၊ တစ်ဖက်နဲ့တစ်ဖက် ကတိမတည်တဲ့ လုပ်ရပ်တွေကို အမြန်ဆုံးလျှော့ချရမှာဖြစ်ပါတယ်။ ယုံကြည်မှု တည်ဆောက်ဖို့အတွက် အပေါ်ပိုင်းမှာ ပြင်ဆင်နေသလို အောက်ခြေအဆင့်အထိလည်း နားလည်မှုရှိဖို့နဲ့ လိုက်နာဆောင်ရွက်ဖို့ လုပ်ဆောင်သင့်ပါတယ်"ဟု အဆိုပါအခမ်းအနားသို့သဝဏ်လွှာပေးပို့သူ ၈၈ မျိုးဆက်သစ် ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သည့် ဦးကိုကိုကြီးက ပြောကြားသည်။

အဆိုပါ ဟောပြောပွဲအတွင်း မျိုးချစ် ရဟန်းတော်များသမဂ္ဂမှ တာဝန်ရှိသူများက ငြိမ်းချမ်းရေး သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ပြည်ထောင်စု နေ့ထူးနေ့မြတ် အခမ်းအနားကို (၆၈) နှစ်မြောက်အဖြစ် အနယ်နယ်အရပ်ရပ်၌ ကျင်းပကြတော့မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုဟူသော ဝေါဟာရသည် တိုင်းရင်းသားလူမျိုးအားလုံးနှင့် သက်ဆိုင်မှုရှိကြောင်း၊ တစ်နိုင်ငံလုံး သေနတ်သံများကင်းဝေးကာ ငြိမ်းချမ်းမှသာ ပြည်ထောင်စုနေ့၏ အဓိပ္ပာယ်မှာ သက်ဝင်မည် ဖြစ်ခြင်းကြောင့် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အားလုံးသို့ ပြည်ထောင်စုငြိမ်းချမ်းရေး လူထုလှုပ်ရှားမှု အခမ်းအနားမှတစ်ဆင့် မေတ္တာရပ်ခံလိုကြောင်း ငြိမ်းချမ်းရေးမြတ်နိုးသူများအဖွဲ့မှ ကိုအေးမင်းကျော်က ပြောကြားသည်။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး စာချုပ် အမြန်ဆုံး လက်မှတ်ရေးထိုးနိုင်ရန်အတွက် လူထုအင်အား ၃၀၀၀ ကျော်က စုပေါင်းကာ ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။

"အပစ်အခတ်ရပ်စဲရေးက ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပထမဆုံးသော လမ်းကြောင်းတစ်ရပ်ဖြစ်ပါတယ်။ အမှန်ကန်ဆုံးဆောင်ရွက်ပေးကြဖို့နဲ့ တစ်ဖက်နဲ့ တစ်ဖက် အကောင်းမြင်နားလည်ပြီး ယုံကြည်မှုတည်ဆောက်ဖို့ လိုအပ် "

ကျိုက်ထီးရိုး
09-8630301
09-73494339

In the Footsteps of Jesus
အစ္စရေး၊ အီဂျစ်၊ ဂျော်ဒန် - သုံးနိုင်ငံ (၁၁) ရက်
BUSINESSPLUS
BUSINESS PLUS TRAVEL & TOURS
Tel : 01-518 147, 09 731 94 300, 09 7300 3527

ရွှေရတုမင်္ဂလာ

မေမေ ဦးကျော်မြိုင်(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း) မြန်မာ့သစ်လုပ်ငန်း၊ ဥက္ကဋ္ဌ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးနှင့် မေမေ ဆရာမကြီး ဒေါ်မြိုင်မြိုင်ထွန်း (ပညာရေးတက္ကသိုလ်-ငြိမ်း)တို့၏ ၉-၂-၂၀၁၅ ရက်နေ့တွင်ကျရောက်သော နှစ် (၅၀)ပြည့်ရွှေ ရတုမင်္ဂလာရက်မြတ်မှသည် နှောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ယခုဆက်ပို၍ဆောင်ရွက်နိုင်ပါစေကြောင်း သား၊ သမီး၊ မြေးတို့မှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သား၊ သမီး၊ မြေးတစ်စု
(၁၁၇)တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်မြို့။

မြေကွက်အမြန်ရောင်းမည်

သန်လျင်မြို့တွင်း၊ နာရီစင်အကျော်၊ အမှုထမ်းရပ်ကွက်၊ (အမှတ် ၃၊ စပယ်လမ်း) (မ၊ယ၊ က ရုံးဘေး)၊ ကျောက်တန်းလမ်းမကြီးမှဝင်လျှင် စက္ကန့်(၂၀)၊ လမ်းကျယ်၊ ပေ၄၀×ပေ၆၀ (ဂရန်အမည်ပေါက်)၊ အရှုပ်အရှင်းကင်း၊ နေထိုင်ရန်၊ ရင်းနှီးမြှုပ်နှံရန် နေရာကောင်း၊ ပတ်ဝန်းကျင်ကောင်း၊ ရန်ကုန်နှင့်အနီးဆုံး၊ လက်ရှိဖွံ့ဖြိုးနေသည့် သီလဝါနှင့်အနီးဆုံး။ သိန်း ၁၂၀၀ (ညှိနှိုင်း)။ ဖုန်း-၀၉-၈၅၅၂၇၂၄

မြေကွက်ရောင်းရန်ရှိသည်

လှိုင်တက္ကသိုလ်နယ်မြေ၊ MICT Park အနီး၊ အကျယ် (၈၀'×၈၀')၊ ဂရန်အမည်ပေါက် မြေကွက်နှစ်ကွက် ရောင်းရန်ရှိသည်။ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ (ပွဲစားမလို)

ဖုန်း-၀၉-၂၅၂၆၃၈၂၄၆

အထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီး မြောက်ဥက္ကလာပ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးဝင်းအတွင်း ပတ်လမ်း (ပေ ၁၉၀၀)အား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၂-၂၀၁၅ရက်မှ ၁၈-၂-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းသို့ လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၂-၂၀၁၅ ရက် ညနေ (၁၆း၀၀)နာရီတွင် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၉၆၉၀၂၅၉၊ ၀၁-၉၆၉၉၄၁၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ရေးကော်မတီ၊ မြောက်ဥက္ကလာပဆေးရုံကြီး

ပြည်တွင်းသတင်း

❒ ရှေ့ဖုံးမှ

၂၀၁၅-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်၊ တနင်္လာနေ့မှစ၍လည်းကောင်း၊

(၂) ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ကျောင်းသား/ ကျောင်းသူများသည် မိမိတို့၏စာမေးပွဲဝင်ခွင့်ကတ်ပြား (Identity Card) များကို **၂၀၁၅-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့**မှစ၍ လည်းကောင်း စာမေးပွဲရက်မတိုင်မီ အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူကြရန် ဖြစ်ပါသည်-

(က) အခြေခံပညာအထက်တန်းကျောင်း (ကျောင်းခွဲ)နှင့် (တွဲဖက်) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား/ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့် ကတ်ပြား (Identity Card) များကို မိမိတို့ကျောင်းအုပ်ကြီးများထံမှ လည်းကောင်း၊

(ခ) ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲဝင်ခွင့်ကတ်ပြား (Identity Card) များကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှလည်းကောင်း အသီးသီးထုတ်ယူနိုင်ကြပါသည်။

(၃) ကျောင်းသား/ကျောင်းသူများအနေဖြင့် စာမေးပွဲဝင်ခွင့်ကတ်ပြား (Identity Card) များ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာစာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

မိခင်ဖြစ်သူက ကျောင်းသားသပိတ်အဖွဲ့အတွင်းရောက်ရှိနေသော ဒသမတန်းကျောင်းသူအား ပြန်လည်ခေါ်ဆောင်

ရန်ကုန် ဖေဖော်ဝါရီ ၈

ပညာရေးဝန်ကြီးဌာန၏ ကြေညာချက်နှင့် ကျောင်းသားမိဘများသို့ပန်ကြားချက်များအရ ဧရာဝတီကျောင်းသားသပိတ်အဖွဲ့တွင်လိုက်ပါနေသော အထက(၁) ပုသိမ်မှ ဒသမတန်းကျောင်းသူ မချောစုစံ၏မိခင် ဒေါ်သီငီသည် ဖေဖော်ဝါရီ ၇ ရက် ညနေပိုင်းတွင် မအူပင်မြို့သို့ ရောက်ရှိလာသည်။

ယနေ့နံနက် ၁၀ နာရီခွဲတွင် မအူပင်ခရိုင်ပညာရေးမှူး ဦးဆောင်သောပညာရေးဌာနမှ တာဝန်ရှိသူများနှင့် ကျောင်းသူ၏မိဘများသည် ဧရာဝတီကျောင်းသားသပိတ်အဖွဲ့နှင့် သွားရောက်တွေ့ဆုံပြီးနောက် မချောစုစံကို ပြန်လည်ခေါ်ဆောင်လာခဲ့သည်။

မအူပင်ခရိုင် ပညာရေးမှူးရုံးမှ လိုအပ်သည်များ ကူညီပံ့ပိုးပေးခဲ့ပြီး မချောစုစံနှင့် မိသားစုဝင်များအား မအူပင်မြို့မှ ပုသိမ်မြို့သို့မော်တော်ကားဖြင့် ဆက်လက်ပို့ဆောင်ပေးခဲ့သည်။

ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းမှမချောစုစံအနေဖြင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးတို့က စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားကတ်ပြား ပြုလုပ်ဆောင်ရွက်

မုံရွာ ဖေဖော်ဝါရီ ၈

မုံရွာခရိုင် မုံရွာမြို့နယ် ဇီးတောကျေးရွာအုပ်စု ခဝဲကျင်းကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ မိုးပွင့်အထူးစီမံချက်ဖြင့် အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခြင်းနှင့် မိဘပြည်သူများအား အသိပေးဟောပြောခြင်းကို ဖေဖော်ဝါရီ ၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ မြို့နယ်ဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ၊ ကျေးရွာနိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျောက်ခဲနှင့် အဖွဲ့ဝင်များ၊ ကျေးရွာသူ/ကျေးရွာသားများတက်ရောက်ခဲ့ပြီး ပြည်သူများအား တိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က စိစစ်ရေးကတ်ပြားများ စစ်ကိုင်းတိုင်းတစ်တိုင်းလုံးအတွင်း ကျေးရွာအားလုံးကွင်းဆင်း၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြို့နယ်အားလုံး၊ ကျေးရွာအားလုံး ကွက်ပြည့်နှင်း၍ ဆောင်ရွက်သွား မည်ဖြစ်ကြောင်းနှင့် မိုးပွင့်အထူးစီမံချက်နှင့်ပတ်သက်၍ မိဘပြည်သူများ သိသင့်သည်များအား အသိပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုနေ့အကြို မြန်မာ့ရိုးရာ ခြင်းအလှခတ်ပွဲကျင်းပ

တောင်ငူ ဖေဖော်ဝါရီ ၈

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူမြို့ (၁၈) ရပ်ကွက်ရှိ ချစ်မေတ္တာ ခြင်းဝိုင်းအသင်းနေရာတွင် ဖေဖော်ဝါရီ ၇ ရက် ညနေ ၄ နာရီက မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲ ကျင်းပသည်။ **(ဓါပုံ)**

ခြင်းလုံးအစ မြန်မာကဆိုသည့်အတိုင်း တောင်ငူမြို့ မျိုးမေတ္တာ+ချစ်မေတ္တာဝါသနာရှင် ခြင်းအဖွဲ့မှ ဦးမျိုးနိုင် ဦးစီးကျင်းပသော ခြင်းအလှခတ်ပွဲတွင် ကြာနီကန် လူငယ်၊ အချစ်လေးဝါသနာရှင်၊ ထန်းတပင် လူငယ်၊ တက်သစ်စ ၊ မြန်မာ့အားမာန်၊ နေမျိုးနွယ်၊ ဇေယျာလူငယ်၊ ပြည်တော်သာလူငယ်၊ စိန်ခြင်းလုံး ဟာသာ(ရန်ကုန်)၊ ခြင်းလူမိုက် (အုတ်တွင်း)၊ မြန်မာပြည်သား၊ ကြည်း၊ ရေ၊ လေ လက်ရွေးစင်၊ ကေတုမောင်၊ ခြင်းနှင့် ရွှဲ(ဝိဇ္ဇာ)၊ ဆီးဂိမ်းပြန် နေမျိုးနွယ်၊ ခြင်းမင်းသားလေး နန္ဒကျော်(ဒိုက်ဦး)၊ စတိုင်ကောင်းထက် ကိုကိုညီညီ(ရန်ကုန်) စသည့် ခြင်းလုံးအသင်း ၂၀ က မြန်မာ့ရိုးရာဆိုင်းဝိုင်းကြီးဖြင့် ပရိသတ်အကြိုက် ခြင်းအလှခတ်ပြခဲ့ကြပြီး ဒေသခံများနှင့် ခြင်းလုံးဝါသနာအိုးများ လာရောက်အားပေးခဲ့ကြောင်း သိရှိရသည်။ **သူရ(တောင်ငူ)**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့
စည်ပင်သာယာရေးဝန်ကြီးဌာန
ရွှေဘိုမြို့နယ် စည်ပင်သာယာရေးကော်မတီ
ကုန်းဘောင်ဈေးတည်ဆောက်ခြင်းလုပ်ငန်းအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ ရွှေဘို-ကျောက်မြောင်းလမ်းပေါ်ရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီပိုင် ကုန်းဘောင်ဈေးအား လက်ရှိအနေအထားမှ မြို့အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်မည့် မြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများကို အောက်ပါအတိုင်း ရောင်းချသွားပါမည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၉ရက်

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံးတင်ပြရမည့်ရက်** - ၂၀၁၅ ခုနှစ် မတ် ၁၀ ရက်၊ ၁၆ နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၂၀၁၅ ခုနှစ် မတ် ၁၁ ရက်၊ ၁၀ နာရီ

(ဃ) **တင်ဒါလျှောက်လွှာပုံစံဝယ်ယူရန်နှင့် တင်ရမည့်နေရာ** - မြို့နယ်စည်ပင်သာယာရေးကော်မတီရုံး၊ ရွှေဘိုမြို့

၃။ တင်ဒါတင်သွင်းလိုသူသည် လျှောက်လွှာပုံစံနှင့် ဆောက်လုပ်မည့်ပုံစံဒီဇိုင်းများအား တစ်စုံလျှင် (၅၀၀၀ဝိ/)နှင့် ဝယ်ယူနိုင်ပြီး သတ်မှတ်ထားသော တင်ဒါအားမခံကြေးပေးသွင်း၍ သတ်မှတ်နေ့ရက်အမီ တင်ပြရမည်ဖြစ်ပါသည်။ သတ်မှတ်ရက်အချိန်ထက် နောက်ကျ၍တင်ပြလာသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၅-၂၁၀၃၁၊ ၀၉-၆၄၆၀၈၅၃၊ ၀၉-၄၉၂၄၂၅၂၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါရောင်းချရေးအဖွဲ့

CLAIMS DAY NOTICE
M.V MALACCA HIGHWAY VOY:NO(2)

Consignees of cargo carried by M.V MALACCA HIGHWAY VOY: NO.(2) are here by notified that the vessel will arrive on about 11-2-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

CLAIMS DAY NOTICE
M.V SPRING SKY VOY:NO(45)

Consignees of cargo carried by M.V SPRING SKY VOY: NO.(45) are here by notified that the vessel will arrive on about 11-2-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပြည်တွင်းသတင်း

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အတန်းပေါင်းစုံ ပြေးခုန်ပစ် ပြိုင်ပွဲများ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၈

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အတန်းပေါင်းစုံ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများနှင့် အခြားအားကစားပြိုင်ပွဲများကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၇ နာရီခွဲက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အားကစားကွင်းအတွင်း၌ကျင်းပခဲ့ရာ ပထမဦးစွာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားအဓိဋ္ဌာန်ရွတ်ဆိုပြီးနောက် ပြိုင်ပွဲများ စတင်ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ ၊ ၂၀၀၊၄၀၀ ၊ မီတာ ၁၀၀ - ၄၀၀ လက်ဆင့်ကမ်း စသည့်အပြေးပြိုင်ပွဲများ၊ အခုန်ပြိုင်ပွဲများ၊ အပစ်ပြိုင်ပွဲများအပါအဝင် ပြိုင်ပွဲ ၂၄ မျိုး ကျင်းပခဲ့သည်။ အမျိုးသားတံခွန်စိုက်ဒိုင်းဆု၊ အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုနှင့် အတန်းလိုက်တံခွန်စိုက်ဒိုင်းဆုများကို တတိယနှစ်အသင်းက ဆုတံဆိပ်များ ရရှိခဲ့သည်။ ထို့နောက် အသင်းလိုက်နှင့် တစ်ဦးချင်းဆုရရှိသူများကို ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်း-ဇူလိုင်မိုး၊ ဓာတ်ပုံ-ချစ်သမီး**

ကျပ်သိန်းပေါင်း ၃၉၁၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ သိန်းကျော် လွိုင်လင်၌ဖမ်းမိ

လွိုင်လင် ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့မှ ပင်လုံမြို့အထွက် လမ်းအသုံးပြုခကောက်ခံရေးစခန်း (သစ်တောပျိုးဥယျာဉ်) ရှေ့ဂိတ်၌ ဖေဖော်ဝါရီ ၈ ရက်နံနက် ၆ နာရီက မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ ဒုတိယရဲမှူး တင်စိုး ဦးစီးတပ်ဖွဲ့ဝင်များ၊ ခရိုင်မှူခင်းနှိမ်နင်းရေးဌာနမှ ဒုရဲအုပ်ကျော်သူ၊ လွိုင်လင်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ငွေအောင်နှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မော်တော်ယာဉ်များအား ရှောင်တခင်စစ်ဆေးမှုပြုလုပ်သည်။

ထိုသို့ပြုလုပ်စဉ် ပင်လုံဘက်မှ လွိုင်လင်ဘက်သို့ ယာဉ်မောင်း မြင့်စိုးမောင်းနှင်လာသည့် HILUX VIGO အမျိုးအစားအဖြူရောင်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်၏နောက်ခန်းတွင် SOYNG BOX ဖြင့်ထိုင်ခုံပြုလုပ်၍ အတွင်း၌အပြာရောင်ပလတ်စတစ် ကပ်ခွာအိတ်အတွင်း၌ WY နှင့် R ရေးရာစာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ အထုပ်ငယ် ၂၈၆၀၊ ဆေးပြား ၅၇၂၀၀၀ ကိုလည်းကောင်း၊ မော်တော်ယာဉ်၏ ဘော်ဒီဘေးခြမ်းနှစ်ဖက်နှင့် နောက်ပိတ်အံဝှက်အတွင်းမှ အပြာရောင်ပလတ်စတစ် ကပ်ခွာအိတ်အတွင်းတွင် WYနှင့် Rရေးရာစာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ အထုပ်ငယ် ၃၆၇၀ ၊ ဆေးပြား ၇၃၄၀၀၀ အား လည်းကောင်း၊ စုစုပေါင်းဆေးပြား ၁၃၀၆၀၀၀၊ အလေးချိန် ၁၃၀ဒသမ ၆ကီလိုကို ဖမ်းဆီးရမိပြီး ကာလတန်ဖိုး စုစုပေါင်းမှာကျပ်သိန်းပေါင်း ၃၉၁၈၀ ဖြစ်ကြောင်း သိရ သည်။

အဆိုပါ မူးယစ်ဆေးပြားများ ဖမ်းဆီးရရှိမှုနှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူ မြင့်စိုးကို ဥပဒေအရ အရေးယူ ဆောင်ရွက်ထားရှိပြီး ဆက်စပ် ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးလွင်ဦး(လွိုင်လင်)

မသင်္ကာဖွယ်တွေ့ရှိသူအား စစ်ဆေးရာက ခိုးမှုပေါ်ပေါက်

နေပြည်တော် ဖေဖော်ဝါရီ ၈

ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အမှတ် (၁၁)နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း မှုခင်းကျဆင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ချမ်းမြသာစည်တောင်ရပ်ကွက်ရွာလယ်လမ်း၌ ချမ်းမြသာစည်မြို့နယ် ကဋ္ဌနမဟီရပ်ကွက်နေ ငြိမ်းချမ်းအောင် (၁၈ နှစ်)အား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် သက်သေများနှင့်အတူ စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ငြိမ်းချမ်းအောင်သည် ဖေဖော်ဝါရီ ၅ ရက် နံနက် ၂ နာရီက ချမ်းမြသာစည်တောင်ရပ်ကွက် ကံရွာရှိ နေအိမ်တစ်အိမ်၏ အပေါ်ထပ်အိပ်ခန်းအတွင်းမှ SAMSUNG အမျိုးအစား အနက်ရောင်လက်ကိုင် ဖုန်းတစ်လုံး၊ Huawei အမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် ၁၇၀၀၀၀ တို့ကို ခိုးယူခဲ့ကြောင်း သိရှိရ၍ သက်သေခံပစ္စည်းများလိုက်လံသိမ်းဆည်းပြီး ၎င်းအား အမှတ်(၁၁) နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၆) ရပ်ကွက် [illegible]

၄/၁၄၇၃/၂၀၁၅

[illegible]

LADY WEAR [illegible]

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

LL.B, D.M.A, D.B.L, D.M.L, D.A (Psy)
WIPO, D.I.P (Switzerland)
Diploma in International Law
High Court Advocate & Legal Adviser

ရုံးခန်း: အမှတ် [illegible] Winner Firm

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကို၃ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁

ဦးစိန်ဝမ်း ပါ-၃ (၎င်းတို့၏အခွင့်ရကိုယ်စားလှယ် ဦးစိုးညွှန့်) နှင့် ဦးလှဟန် ပါ ၈၂ ဦး

တရားလိုများ **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြာကန်လမ်း၊ ကျောက္ကဒင်းကျေးရွာအုပ်စု၊ ထွေးကုန်းအုပ်စုအတွင်းရှိ ကွင်းအမှတ် ၁၀၀၈၊ ဦးပိုင်အမှတ် ၄/၂တွင်နေထိုင်သူများဖြစ်ကြသော တရားပြိုင် အမှတ်(၆၁) မဆုသဇင်မောင်၊ (၆၆) ဒေါ်ခင်မြ၊ (၆၇) ဒေါ်စိန်စိန်၊ (၆၉)ဒေါ်ရွှေ၊ (၇၀)ဒေါ်သန်းသန်းအေး၊ (၇၁)ဦးမျိုးဝင်း၊ (၈၀)ဦးပိန် (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ကျူးကျော်သူများအား နှင်ထုတ်၍ မြေကွက်လက်ရောက်ရလိုမှု လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂၇ရက် (၁၃၇၆ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဒေါ်ချို)

ဒုတိယခရိုင်တရားသူကြီး(၁)၊ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁၀၆)ရပ်ကွက်၊ သီရိဇရာလမ်း၊ အမှတ် ၆၈၃ ဟုခေါ်တွင်သော (အလျား ပေ၄၀×အနံပေ၆၀)ရှိ ပါမစ်မြေကွက်နှင့် မြေပေါ်ရှိအိမ်တို့ကို မူလအမည်ပေါက်ပိုင်ရှင် ဦးသန်းဆွေထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရောက်ဝယ်ယူထားသူ ဒေါ်သိင်္ဂီလွင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်ခင်	ဦးဇော်လင်းထွန်း(ဥပဒေဘွဲ့)	ဒေါ်သွယ်သွယ်အေး LL.B,LL.M
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ
စဉ်(၆၈၃၆)	စဉ်(၂၄၉၅၅)	စဉ်(၂၉၇၂၉)

တိုက်အမှတ် ၁၇၊ E(4)လေးလွှာ၊ ဗိုလ်ကံညွန့်ရပ်ကွက်၊ လေးထောင့်ကန်လမ်းမကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၃၁၅၈၂၃၁၉

ဆောင်းပါး

သိမှတ်ဖွယ်ရာအင်္ဂလိပ်စာအဖြာဖြာ

{အပိုင်း - ၁၉}

ပါမောက္ခခင်မောင်ဝင်း (အသည်း)

Comma (ကော်မာ) သုံးနှုန်းမှုမှာ ဆင်ခြင်စရာ (အဆက်)

ပြီးခဲ့တဲ့အပတ်က ကော်မာသုံးနှုန်းပုံအကြောင်းလေးတွေပြောနေတာတွေကို ဒီတစ်ပတ်မှာလည်း ကော်မာသုံးနှုန်းပုံအကြောင်းကိုပဲ ဆက်ရေးလိုက်ပါတယ်။

၄။ စကားပြောဆိုရာမှာ ကိုယ်ရည်ညွှန်းတဲ့သူ သို့မဟုတ် သူ့ရဲ့နာမ်စားကို ကျန်တဲ့ ဝါကျနဲ့ခွဲခြားတဲ့နေရာမှာ ကော်မာကို သုံးပါတယ်။ Sir နဲ့ Madam တို့ဟာလည်း ရည်ညွှန်းပုဂ္ဂိုလ်တွေလို့ မှတ်ယူရမှာဖြစ်ပြီး ကော်မာခံသုံးရပါမယ်။

Gentlemen, the time have come to declare war.

လူကြီးမင်းများခင်ဗျား၊ စစ်ကြေညာဖို့အတွက် အချိန်ကရောက်လာပါပြီ. .

Is that you, Mary?

မေရီ၊ မင်းလား?

Will you come this way, Sir?

လူကြီးမင်းခင်ဗျား၊ ဒီဘက်ကို ကြွပါလား?

ရည်ညွှန်းပုဂ္ဂိုလ်နောက်မှာ အထူးပြုစကားစုတွေ တွဲပါလာခဲ့ရင် တစ်တွဲလုံးကို ရည်ညွှန်းမှုလို့သတ်မှတ်ပြီး ကော်မာနဲ့ ခွဲခြားပေးရပါမယ်။

ဥပမာ- Fellow citizens of this great city, I stand before you today... ရည်ညွှန်းပုဒ်ဟာ ဝါကျရဲ့အလယ်မှာ ဖြစ်ခဲ့ရင်တော့ စကားညှပ် (Parenthesis)လို သဘောထားပြီး ကော်မာနှစ်ခုနဲ့ ခွဲရပါမယ်။

ဥပမာ - And now, ladies and gentlemen, welcome to the most exciting part of the show.

၅။ သီးခြားဖော်ပြမထားတဲ့ အသုံးအနှုန်း(non-defining)နဲ့ သတ်မှတ်ဖော်ပြထားတဲ့ (defining) အသုံးအနှုန်းတွေကို ကော်မာသုံးပြီး ခြားနားပြပါတယ်။ ဒီလိုအသုံးပြုရာမှာ ကော်မာရဲ့ကဏ္ဍဟာ အလွန်အရေးကြီးပါတယ်။ နားလည်နိုင်အောင် ဥပမာလေးတွေနဲ့ ရှင်းပြပါမယ်။ အထူးသတိပြုလေ့လာစေချင်ပါတယ်။

My brother who is an engineer has gone to America.

ဒီစာကြောင်းမှာ အဓိပ္ပာယ်ပေါက်တာက ညီအစ်ကိုတွေရှိတဲ့ထဲက အင်ဂျင်နီယာဖြစ်တဲ့တစ်ယောက်ကို သီးသန့်ဖော်ညွှန်းပြီးပြောတာ။ (defining) လို့ ခေါ်ပါတယ်။

My brother, who is an engineer, has gone to America.

ဒီစာကြောင်းမှာကျတော့ "Who is an engineer" ဆိုတဲ့ နာမဝိသေသနစကားစုဟာ တခြားသူတွေနဲ့ သီးသန့်ခွဲခြားဖော်ပြတဲ့သဘောမဟုတ်တော့ဘူး။ ဆိုလိုတာက ညီအစ်ကိုတစ်ယောက်တည်းပဲ ရှိတယ်။ ဒါမှမဟုတ် ကျန်တဲ့သူက ဒီတစ်ယောက်ကိုပဲ သိတဲ့အခါ သူ့ကို အထူးပြုတဲ့ သာမန်ဝိသေသနစကားဖြစ်လို့ (non-defining) ဖြစ်သွားပြီး တခြားညီအစ်ကိုတွေနဲ့ခွဲခြားဖို့ မဟုတ်တော့ဘူး။ ဖော်ပြပါ ဝါကျနှစ်ခုလုံးဟာ သဒ္ဒါနည်းနဲ့တော့ မှန်နေတာပဲ။ သီးသန့်ဖော်ညွှန်းပြီး (defining) အနေနဲ့ သုံးချင်တာလား သာမန်ဝိသေသနပုဒ်အဖြစ် (non-defining) အနေနဲ့ သုံးမှာလားဆိုတာ ကော်မာပါတာ မပါတာမှာ ကွာသွားပါတယ်။ ဒါကြောင့် ဒီနေရာမျိုးမှာ ကော်မာသုံးတာကို အထူးသတိထားဖို့ လိုပါတယ်။

၆။ ဝါကျတစ်ခုထဲမှာ ကတ္တား (subject)နဲ့ ဝါစက (predicate) သီးခြားပါဝင်တဲ့ နောက်ဆက်တွဲ ဝါကျကဏ္ဍ (continuative clause)ကို သူ့ရှေ့မှာပါတဲ့ clause နဲ့ ခွဲခြားတဲ့နေရာမှာ ကော်မာသုံးပါတယ်။

ဥပမာ - He gave the answer paper to the teacher, who took it to examine. (who= and he)

Go to the corner of the street, where you will find a taxi waiting. (where= and there)

၇။ သို့မဟုတ် (or) ဆိုတာနဲ့ ဆက်သွယ်ထားတဲ့စကားလုံးနှစ်လုံး။ စကားစုနှစ်စုဟာ အကြောင်းအရာတစ်ခုတည်းအတွက် ဖော်ပြတာဆိုရင် ကော်မာနှစ်ခုနဲ့ ခွဲပြရပါတယ်။

Yangon, or Rangoon, is the capital of Myanmar.

Yangon နဲ့ Rangoon နှစ်ခုလုံးဟာ မြို့တစ်မြို့တည်းကို ပြောတာဖြစ်ပါတယ်။

၈။ သီးသန့်တည်ဆောက်ထားတဲ့စကားစုတစ်ခုကို ဝါကျရဲ့ ကျန်တဲ့အစိတ်အပိုင်းနဲ့ ခွဲခြားတဲ့နေရာမှာလည်း ကော်မာကို သုံးရပါတယ်။

Between you and me, I think he knows very little about it.

မင်းနဲ့ ငါကြားပဲပြောရအုန်းမယ်၊ ငါထင်တာတော့ သူဒီအကြောင်း ဘာမှသိပုံမပေါ်ဘူး။

He leads a very active life, considering his age.

သူ့အသက်အရွယ်နဲ့စဉ်းစားကြည့်မယ်ဆိုရင် သူနေထိုင်ပုံဟာ အလွန်သွက်လက်ဖျတ်လတ်နေတာပဲ။

၉။ စာဖတ်တဲ့အခါ အဆင်ပြေစေဖို့ နားသင့်တဲ့နေရာတွေမှာ နားနိုင်ဖို့ ကော်မာကို သုံးလို့ရပါတယ်။ အထူးသဖြင့် အသံကျယ်နဲ့ ဖတ်ရမယ့်နေရာမှာ ကော်မာနဲ့ ဖြတ်ပေးတာဟာ ပိုပြီးအဆင်ပြေတယ်။ ဒီနေရာမှာ သိရမှာက (subject) ကတ္တားနဲ့ (verb) ကြိယာကိုပုံမှန်အားဖြင့် ကော်မာနဲ့ခြားလို့မရဘူးလို့ သဒ္ဒါနည်းအရဆိုထားပေမယ့် စာကြောင်းဟာ သိပ်ရှည်လျားပြီး ရှုပ်ထွေးတဲ့ဟာမျိုးဆိုရင် အဆုံးသတ်ကြိယာ (verb) မရေးမီ ကော်မာခံရေးတာဟာ တရားဝင်ပါတယ်။ ဒီလိုသုံးခြင်းအားဖြင့် ခေတ္တနားလို့ရတဲ့အပြင် ရှေ့ပိုင်းက ကတ္တားပုဒ်တခုလုံးကို စုစည်းမှုမှာ ပိုပြီးအကျိုးသက်ရောက်ပါတယ်။

- နောက်တစ်ခုက ခုလိုနားရမယ့် နေရာမှာ မနားခဲ့ရင် အဓိပ္ပာယ်တစ်မျိုးပြောင်းလဲသွားနိုင်တာမျိုးလည်းရှိတယ်။ အောက်ဖော်ပြပါ ဝါကျနှစ်ခုကို ကြည့်ပါ။

Would you like San Htoo or Nyunt Win to go with you?

Would you like San Htoo, or Nyunt Win, to go with you?

ပထမဝါကျမှာက ကိုယ့်ဟာကို သွားမလား၊ ဒါမှမဟုတ် ဖော်ပြပါနှစ်ယောက်ထဲက တစ်ယောက်ယောက်ကို ခေါ်သွားချင်သလားဆိုတဲ့ အဓိပ္ပာယ်ရပါတယ်။ ဒါမှမဟုတ် တစ်ယောက်တည်းသွားချင်သလား ဆိုတဲ့သဘောပါပါတယ်။ ဒုတိယဝါကျအလိုအရ တစ်ယောက်ယောက်ကို ခေါ်သွားစေချင်တဲ့သဘောရှိပြီး ဖော်ပြပါနှစ်ဦးထဲက ဘယ်သူ့ကို ခေါ်သွားချင်သလဲလို့ မေးတဲ့သဘောပါ။ ကာယကံရှင်က တစ်ဦးဦးကို ခေါ်သွားချင်တယ် ဆိုတဲ့သဘောပါပါတယ်။

ဥပမာ ထပ်ပေးပါဦးမယ်။

We did not come early because we thought it would be inconvenient to you.

ဒီနေရာမှာပြောတဲ့သူတွေက စောပြီးရောက်တယ်၊ ဘာလို့ စောရောက်ရတယ်ဆိုတာ အကြောင်းပြတာက အိမ်ရှင်အဆင်မပြေမှာစိုးလို့ဆိုတဲ့ သဘောပါ။

We did not come early, because we thought it would be inconvient to you.

ဒီလို ကော်မာခံရေးလိုက်တော့ အဓိပ္ပာယ်ကတစ်မျိုးဖြစ်သွားတယ်။ ပြောတဲ့သူတွေက အစောရောက်မလာဘူး။ ဘာကြောင့် ဆိုတာကို အကြောင်းပြတာက အိမ်ရှင်အဆင်မပြေမှာစိုးလို့ ဆိုတဲ့သဘောပဲ။

ဒီဝါကျနှစ်ခုမှာ ကွာခြားတာက ဝါကျတစ်ခုက စောပြီးရောက်တာဆိုပြီး နောက်တစ်ခုက စောပြီးရောက်မလာတာဘဲ။ အကြောင်းပြချက် နှစ်ခုလုံးကတော့ အတူတူပါ။ အိမ်ရှင် ဒါမှမဟုတ် ဖိတ်ကြားသူ အဆင်မပြေမှာစိုးလို့ တစ်ခုက စောရောက်လာကြတာ၊ နောက်တစ်မျိုးက စောစောရောက်မလာတာ။

(ဆက်လက်ဖော်ပြပါမည်)

ဟိုင်းကြီးကျွန်းတံတားဖွင့်လှစ်

ပုသိမ် ဖေဖော်ဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ (၅)မှ တည်ဆောက်ပြီးစီးသော ပေ ၁၈၀အထက်တံတား ၈၁ စင်းမြောက်ဟိုင်းကြီးကျွန်းတံတားဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်က တံတားတည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဟိုင်းကြီးကျွန်းတံတားကို ဆောက်လုပ်ရေး ဒုတိယဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

မြင့်ဟန်(iprd)

ကွမ်းလုံမြို့နယ်တွင် အရန်သားဖွားသင်တန်းဆင်း

ကွမ်းလုံ ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့တွင် အရန်သားဖွားဆရာမသင်တန်း (၁/၂၀၁၄) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၆ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိန်းမြို့က အရန်သားဖွား ဆရာမများအနေဖြင့် ကိုယ်ဝန်ဆောင်နှင့်သားဖွားမိခင်များ၏ ကျန်းမာရေးကို ထိရောက်စွာ ကူညီစောင့်ရှောက်သွားကြရန်နှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

(၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကျင်းပ

မဘိမ်း ဖေဖော်ဝါရီ ၈

၂၀၁၅ ခုနှစ် (၆၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့တွင် ဖေဖော်ဝါရီ ၇ ရက်က မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော (၆၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဌေး ကလည်းကောင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၏ (၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းလွင်ကလည်းကောင်း ဖတ်ကြားကြသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဆရာ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဧရာဝတီမြစ်ကြောင်းပြောင်းလဲလာခြင်းနှင့် သဲသောင်ဖြစ်ထွန်းမှု မြင့်တက်လာ

ကသာ ဖေဖော်ဝါရီ ၈

နွေဦးကာလမရောက်သေးသော်လည်း ဧရာဝတီမြစ်ကြောင်း ပြောင်းလဲပြတ်ရွေ့လာခြင်းနှင့် သဲသောင်ဖြစ်ထွန်းမှုမြင့်တက်လာခြင်းနှင့်အတူ စီးပွားရေးရင်းနှီးမြှုပ်နှံသောလုပ်ငန်းရှင်များ ကချင်ပြည်နယ်ကို ဗဟိုပြု၍ စက်သုံးဆီ ရောင်းဝယ်ဖြန့်ဖြူးသော ရေယာဉ်တွန်း စီပီသင်္ဘောများ ကသာမြို့နယ်သို့ ဝင်ရောက်မှုများ ပြားလျက်ရှိလာကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံ အထက်ပိုင်းဒေသ ကချင်ပြည်နယ်ရှိ ကျောက်စိမ်းထွက်ရှိရာ တူးဖော်ရေးလုပ်ငန်းတွင် စက်ယန္တရားများအား ထည့်သွင်းအသုံးပြုရန်အတွက် မရှိမဖြစ်လိုအပ်နေသော စက်သုံးဆီများတင်ပို့နိုင်ရန် ရောက်ရှိလာသော ရေယာဉ်များစွာမှာ မြစ်ကြမ်း မြင့်တက်လာမှုကြောင့် ဆိပ်ကမ်းကို လွယ်ကူစွာ ကပ်နိုင်သော ရေထုအနေအထားမရှိသဖြင့် ရေထဲမှနေပြီး သယ်ဆောင်လာသော စက်သုံးဆီများကို ကမ်းပေါ်သို့ ရောက်ရှိလာစေရန် ပီပါပုံးများအတွင်းသို့ ပြောင်းလဲပြီး ရေယာဉ်ငယ်ဖြင့်ကူးပို့ခြင်းလုပ်ဆောင်နေကြပြီး ကမ်းကပ်နိုင်သည့်အနေအထား ရောက်ရှိမှ ကမ်းသို့ကပ်ကာ နော်ဇယ်ပိုက်များတပ်၍ တိုက်ရိုက်တပ်ဆင်ကာ အသင့်စောင့်ကြိုနေသော ကားကြီးများထံ ထည့်သွင်းရ၍ အနည်းငယ်ကြန့်ကြာခြင်းဖြစ်ပြီး ရွေ့လျားပြောင်းရွှေ့ကြသော သယ်ယူပို့ဆောင်ရေယာဉ်ကားများလည်း ကုန်းတွင် ရပ်နားစောင့်ရမှု ရက်ကြာလာလျက်ရှိသည်ဟု စက်သုံးဆီဖြန့်ဖြူးသူတစ်ဦးထံမှ သိရသည်။

ရေယာဉ်များ စက်သုံးဆီအနံ့များကြောင့် ငါးမျိုးပွားမှုကို ထိခိုက်လာစေနိုင်ကြောင်း အထူးသဖြင့် ရေလမ်းကြောင်းမှာ တချို့နေရာများတွင် ပေ အကျယ်ကျဉ်းမြောင်း၍ ညအခါတွင် ခက်ခဲစွာ မောင်းနှင်နေရသည့်အတွက် မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေးလိုအပ်လာလျက်ရှိပြီး စက်သုံးဆီရောင်းဝယ်ဖြန့်ဖြူး ရေယာဉ်တွေ မီးဘေးအန္တရာယ် စိုးရိမ်စရာအခြေအနေမရှိအောင် ကြပ်မှတ်ရန်အထူးလိုအပ်လျက်ရှိကြောင်း ရေယာဉ်မောင်းတစ်ဦးက သုံးသပ်ပြောကြားသည်။

ငွေအိုး(ကသာ)

ပြည်တွင်းသတင်း

ကုန်စည်သယ်ယူပို့ဆောင်မှုကိုအကျိုးပြုစေမည့် ရမည်းသင်း-ရွာတန်း-စည်းခုံလမ်း

သတင်းဆောင်းပါး-
မောင်စိန်လွင်(မြန်မာ့အလင်း)

ရမည်းသင်း ဖေဖော်ဝါရီ ၈

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အဆင့်မြှင့်တင်ဖောက်လုပ်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် ကုန်စည်သယ်ယူပို့ဆောင်မှုကို အထောက်အကူပြုမည့် ရမည်းသင်း- ရွာတန်း-စည်းခုံလမ်းမှာ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်၍ မကြာမီလုပ်ငန်းများ အဆုံးသတ်နိုင်တော့မည်ဖြစ်ကြောင်း ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ သိရသည်။

ယခုအဆင့်မြှင့် ဖောက်လုပ်လျက်ရှိသော ရမည်းသင်း-ရွာတန်း-စည်းခုံလမ်းမှာ ရန်ကုန်-မန္တလေးအမြန်ခွဲနှင့် ရွာတန်း- စည်းခုံ မြေသားလမ်း ၁၄ မိုင်တို့ကို ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်လျက်ရှိပြီး ယခုနှစ် ဘတ်ဂျက်မကုန်မီ နေ့စဉ်လုပ်သား ၁၂၀ ဖြင့် လုပ်ဆောင်လျက်ရှိသည်။

"ကျွန်တော်တို့ ဒီရမည်းသင်း-ရွာတန်း-စည်းခုံလမ်းကို အခုလို အဆင့်မြှင့်လုပ်ဆောင်ပေးရတဲ့ ရည်ရွယ်ချက်ကတော့ ဒီကျေးရွာဒေသတွေမှာရှိတဲ့ပြည်သူတွေ ကုန်စည်ပို့ဆောင်သယ်ယူတဲ့အခါမှာ လွယ်လွယ်ကူကူ၊ လျင်လျင်မြန်မြန်နဲ့ ပို့ဆောင်သယ်ယူနိုင်စေဖို့ ကျွန်တော်တို့ ရမည်းသင်းခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လုပ်ဆောင်ပေးတာပါ။ ဒီလမ်းကြီးက ရန်ကုန်-မန္တလေးအမြန် လမ်းမကြီးနဲ့လည်း ဆက်သွယ်ထားတာဆိုတော့ ပြောရရင် အရင်မန္တလေး-ရန်ကုန် လမ်းဟောင်းကြီးနဲ့ နောက်ဖောက်လုပ်ထားတဲ့ လမ်းသစ်ကြီးကို တိုက်ရိုက်ဆက်သွယ် ဖောက်လုပ်ထားတာကြောင့် နောင်ဒီလမ်းကြောင်းမှာရှိတဲ့ ပြည်သူတွေအတွက် အမှန်တကယ် အကျိုးပြုစေမှာဖြစ်ပါတယ်" ဟု ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဦးကျော်မင်းဦး (အင်ဂျင်နီယာမှူး) က ပြောကြားသည်။

> **ကုန်စည်ပို့ဆောင်သယ်ယူတဲ့အခါမှာ လွယ်လွယ်ကူကူ၊ လျင်လျင်မြန်မြန်နဲ့ ပို့ဆောင်သယ်ယူနိုင်စေဖို့ဖြစ်**

အဆင့်မြှင့်ကတ္တရာ လမ်းခင်းဆောင်ရွက်နေသည့် ရမည်းသင်း-ရွာတန်း-စည်းခုံလမ်း။ ဓာတ်ပုံ- မင်းထက်

လမ်းမကြီး မိုင်တိုင်အမှတ် ၂၅၄ မိုင် ၄ ဖာလုံတွင် သွားဆုံမည်ဖြစ်ပြီး ရမည်းသင်းမြို့မှ စုစုပေါင်း ၂၂ မိုင် ရှည်လျားမည်ဖြစ်သည်။ ရမည်းသင်းမြို့မှ ရွာတန်းအထိ ရှစ်မိုင်ရှည်ပြီး ရွာတန်းမှ စည်းခုံ(ရန်ကုန်- မန္တလေးအမြန်လမ်းမကြီး)အထိ ၁၄ မိုင် ရှည်လျားကြောင်း သိရသည်။ ရမည်းသင်း-ရွာတန်းလမ်းသည် ယခင်မူလမြေသားလမ်း သုံးမိုင် လေးဖာလုံ၊ မူလကျောက်လမ်း ခုနစ်မိုင် တစ်ဖာလုံ

ရမည်းသင်း-ရွာတန်း-စည်းခုံလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်မှုကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဘတ်ဂျက်မှ ငွေကျပ် ၁၀၂ ဒသမ ၆ သန်း အကုန်အကျခံ လုပ်ဆောင်ခြင်းဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မကုန်မီ ယခုလာမည့် မတ်လတွင် အပြီးလျာထား ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်း၏ ငါးမိုင်လေးဖာလုံကိုလည်း ယခင်လမ်း အကျယ် ၁၂ ပေမှ ၃၄ ပေအထိ အဆင့်မြှင့်တိုးချဲ့ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရာတွင်လည်း ပြည်သူများရေရှည်အသုံးပြုနိုင်ရန် လမ်းသုတေသနအဖွဲ့၏ သတ်မှတ်လမ်းလွှာပုံစံအတိုင်း ကတ္တရာများကို အသုံးပြုခင်းပေးလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

" ဒီရမည်းသင်း-ရွာတန်း- စည်းခုံလမ်းကို အဆင့်မြှင့်တင် လုပ်ဆောင်ပေးတာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကလို့ ပြောတယ်။ အရင်ဒီလမ်းက တော်တော်ကိုဆိုးတာ။ မိုးနည်းနည်းရွာတာနဲ့ စက်ဘီး၊ ဆိုင်ကယ်ကအစ သွားလို့ကိုမရဘူး"ဟု ရွာတန်းနယ်မှ ဒေသခံ ကိုအုန်းကျော်က ပြောကြားသည်။

ရမည်းသင်း-ရွာတန်း ကျောက်လမ်းအရှည် ရှစ်မိုင်ကို ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးကော်မတီက ၁၉၉၆-၁၉၉၇ ဘဏ္ဍာရေးနှစ်က စတင်ဖောက်လုပ်ခဲ့ပြီး ရွာတန်း-စည်းခုံလမ်းအရှည် ၁၄ မိုင်ကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်က စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခင်က လမ်းခွန်ကောက်ခံမှုရှိသော်လည်း အခုနောက်ပိုင်းတွင် လမ်းခွန်ကောက်ခံမှုမပြုလုပ်တော့ဘဲ လမ်းပြုပြင်ထိန်းသိမ်းမှုများကို ရမည်းသင်းပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြို့တွင်းလေ့လာရေး ကလေးများအား ပို့ဆောင်ပေး

စစ်ကိုင်း ဖေဖော်ဝါရီ ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းမှ ကလေးငယ်များအား စစ်ကိုင်းမြို့ရှိ ဗိုလ်ချုပ်ပန်းခြံနှင့် ဆင်မျှားရှင်ဘုရားသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဝန်ထမ်းများက ဇန်နဝါရီ ၆ ရက်က လေ့လာရေး ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

"ပြင်ပဗဟုသုတများ မြင်တွေ့ရပြီး မိမိတို့ကိုယ်တိုင် ယုံကြည်မှုရှိစေရန် ရည်ရွယ်ချက်များနဲ့ ကလေးငယ်တွေက စာရွက်ထဲမှာမြင်တွေ့နေရတဲ့ ဗိုလ်ချုပ်အောင်ဆန်းပုံနဲ့ အခုလို ကြေးရုပ်တုကြီး ခန့်ခန့်ညားညား မြင်တွေ့ရတော့ သူတို့လေးတွေစိတ်ထဲမှာ ခံစားမှုတစ်မျိုးရရှိသွားအောင်၊ နောက်ပြီး ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို သိမြင်သွားအောင် မွေးဖွားလာပြီး မြန်မာနိုင်ငံလွတ်လပ်ရေးရအောင် ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့အကြောင်းအရာတွေကို သူတို့လေးတွေ နားလည်သဘောပေါက်နိုင်မယ့် စကားလုံးများနဲ့ သွန်သင်ပြောဆိုပေးရတာပါ။

အခုလိုသွန်သင်လိုက်လို့ သူတို့လေးတွေ အနာဂတ်တောက်ပလာပြီး လူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ နိုင်ငံတော်ကြီးအတွက် တစ်ဖက်တစ်လမ်းကနေ အင်အားတစ်ရပ်အဖြစ် ရပ်တည်သွားနိုင်မှာပါ"ဟု ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဦးက ပြောကြားသည်။ **ဇော်မြင့်နိုင်**

ကျေးလက်ဖွံ့ဖြိုးရေး ကုန်းတန်းကြီးရေလှောင်ဆည်နှင့် ရေပေးတူးမြောင်းများ တည်ဆောက်ပြီးစီး

မိုးညှင်း ဖေဖော်ဝါရီ ၈

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်တွင် ဆည်မြောင်းလုပ်ငန်းမှတည်ဆောက်ပြီးစီးသော ကျေးလက်ဖွံ့ဖြိုးရေး ကုန်းတန်းကြီး ရေလှောင်ဆည်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပသည်။

အဆိုပါဖွင့်ပွဲကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်နှင့်အဖွဲ့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကုန်းတန်းကြီးရေလှောင်ဆည်မှာ ကျောက်စီပန်းရန် သံကူကွန်ကရစ်အမျိုးအစားဖြစ်၍ ပင်းဘောချောင်းပေါ်တွင် ရေလှောင်ဆည်အလျားပေ ၁၅၀၊ ရေလှောင်ဆည်အမြင့် လေးပေနှင့် အလျား ၇၂ ပေ၊ အမြင့် ၁၀ ပေစီရှိ ကျောက်စီမြေထိန်းနံရံနှစ်ဖက်ကို တည်ဆောက်ထားခြင်းဖြစ်သည်။ ကုန်းတန်းကြီးရေလှောင်ဆည်မှ (လက်ယာ) ရေပေးတူးမြောင်းအလျားပေ ၃၆၀၀နှင့် (လက်ဝဲ)ရေပေးတူးမြောင်း အလျားပေ ၁၉၀၀ ကို တူးဖော်ထားခြင်းကြောင့် မိုးစပါးစိုက်ပျိုးရာသီတွင် ကုန်းတန်းကြီးကျေးရွာအုပ်စုမှ လယ်မြေ ၇၅၂ ဧကနှင့်ပင်းဘောကျေးရွာမှ လယ်မြေ ၅၆၁ ဧက စုစုပေါင်း လယ်မြေ ၁၃၁၃ ဧကကို ရေလုံလောက်စွာ အကျိုးပြုရရှိနိုင်မည်ဖြစ်သည်။

ကုန်းတန်းကြီးရေလှောင်ဆည် ရေပေးတူးမြောင်းများ တည်ဆောက်နိုင်ရန်အတွက် ၂၀၁၄-၂၀၁၅ ခုနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၁၉၁ ဒသမ ၂၅ သန်းဖြင့် ၁-၁၀-၂၀၁၄ ရက်တွင် ဆည်မြောင်းဦးစီးဌာနမှ လုပ်ငန်းများစတင် ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

(ဝ၆၃)

ရေကြောင်းသတိပေးချက်ထုတ်ပြန်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo International Corporation (Myanmar E&P) သည် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းလုပ်ငန်းမှ ထွက်ရှိသောသဘာဝဓာတ်ငွေ့များကို ၃၂ လက်မ ပိုက်လိုင်းဖြင့်ဆက်သွယ်၍ တင်ပို့ရောင်းချလျက်ရှိရာ ၃၂ လက်မ ပိုက်လိုင်းစစ်ဆေးခြင်းလုပ်ငန်းများကို ကမ်းနီးရေတိမ်ပိုင်းတွင် Supporting Vessel "MV. PACIFIC RAPIER" ဖြင့် ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၂ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

၂။ 32 Inches Pipeline Inshore Inspection ဆောင်ရွက်မည့် ဧရိယာတည်နေရာများမှာ Point(A) မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၈ မိနစ် ၄၃. ၇၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၇ မိနစ် ၂၂. ၅၀ စက္ကန့်၊ Point (B) မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၈ မိနစ် ၁၈. ၇၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၈ မိနစ် ၅၀. ၂၂ စက္ကန့်၊ Point (C) မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၂၃. ၉၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၁ မိနစ် ဝ၆. ၆၇ စက္ကန့်၊ Point (D) မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၁၀. ၉၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၂၆. ၅၇ စက္ကန့်၊ Point (E) မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၂၂. ဝ၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၈ မိနစ် ၁၅. ၇၄ စက္ကန့်နှင့် Point (F) မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၄၄. ၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၆ မိနစ် ၅၅. ၉၆ စက္ကန့်အတွင်းဖြစ်သည်။

၃။ သို့ဖြစ်ပါ၍ ၃၂ လက်မပိုက်လိုင်းစစ်ဆေးခြင်းလုပ်ငန်းအား ကမ်းနီးရေတိမ်ပိုင်းတွင် Supporting Vessel "MV.PACIFIC RAPIER" ဖြင့် ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

နိုင်ငံ့တာဝန်ကျေပွန်အောင် ကျသင့်အခွန် မှန်မှန်ဆောင်

သတင်းတို

ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်

ဘားအံ

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်နှင့် ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀) ပြည့် မွေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကို ဘားအံမြို့၊ စိုက်ပျိုးရေးသိပ္ပံ(ဇွဲကပင်)၌ ဖေဖော်ဝါရီ ၆ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။ အဆိုပါပြပွဲတွင် ပြန်/ဆက် ဒုတိယဦးစီးမှူးက (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်နှင့် ဗိုလ်ချုပ်၏မွေးနေ့ နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် အကြောင်းအရာများကို ဟောပြောခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ပေါင်

ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်(၁၀၀) ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်၏ ရှားပါးသော မှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်၏ မိန့်ခွန်းကောက်နုတ်ချက်များ၊ (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အကြိုဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲကို ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပန်းကုန်းကျေးရွာ အမက (မူလွန်) အင်းပိုင်းကျောင်း၌ ဖေဖော်ဝါရီ ၅ ရက်က ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **စိုးစိုးအေး**

မုံရွာ

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံပန်းချီပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က မုံရွာမြို့ သလ္လာရပ်ကွက် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း စိန်ရတနာခန်းမဆောင်၌ ကျင်းပသည်။ ပန်းချီပြိုင်ပွဲတွင် မုံရွာမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များ၊ အခြေခံပညာအလယ်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၆ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လှိုင်းဘွဲ့

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်နှင့် ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀) ပြည့် မွေးနေ့အထိမ်းအမှတ် စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကို လှိုင်းဘွဲ့မြို့နယ် ပြန်/ဆက်ရုံးတွင် ဖေဖော်ဝါရီ ၃ ရက်မှ ၁၃ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

နံရံကပ်ဓာတ်ပုံနှင့် စာအုပ်ပြပွဲကို လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကော့လှိုင်းကျေးရွာ၊ ဝင်းစိန်ကျေးရွာ၊ လှိုင်းဘွဲ့မြို့ပေါ်ရှိ အမက (၁) ကျောင်းတို့၌ ကျင်းပပြီး စာစီစာကုံး၊ ပန်းချီ၊ အားကစားမျိုးစုံ ပြိုင်ပွဲများပြုလုပ်ကာ ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကလေး

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀) ပြည့်မွေးနေ့ကို ဖေဖော်ဝါရီ ၁ ရက်မှ ၁၃ ရက်အထိ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ ပူးပေါင်းကာ ကျင်းပလျက်ရှိသည်။

အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ မြန်မာ့တပ်မတော်ဖခင်ကြီးအတွက် ဆုတောင်းခြင်းများကို ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာဝင်များက အလှည့်ကျဆုတောင်းပွဲပြုလုပ်ကြမည်ဖြစ်ကြောင်း သိရသည်။

ကလေးမြို့ အဖွဲ့အစည်းစုံမှ ပူးပေါင်းကျင်းပမည့် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ အထိမ်းအမှတ်ကျင်းပနိုင်ရေး နှီးဆော်ယာဉ်ဖြင့် လှည့်လည်နှိုးဆော်အလှူခံရာ သုံးရက်အတွင်း ရန်ပုံငွေကျပ် ၉၃ သိန်းကျော် ရရှိခဲ့ကြောင်း ပွဲဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။ **သျှင်နေမင်း**

ရမည်းသင်းမြို့နယ် ဝကုန်းရွာတွင် အလှူ့ဝတ်ဆံလှည့်လည်ရာ မြန်မာမှု လှည်းယာဉ်များတွေ့ရ

ရမည်းသင်း ဖေဖော်ဝါရီ ၈

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ဒေသအသီးသီးတွင် ရက်ကောင်းရက်မြတ်ရွေးကာ သာသနာ့အမွေခံ ရှင်ပြု၊ နားသအလှူတော်မင်္ဂလာပွဲများ ဆင်နွှဲကျင်းပလျက်ရှိကြောင်း သိရသည်။

ယင်းသို့ အလှူတော်မင်္ဂလာပွဲများကျင်းပရာ အလှူပွဲအဝင်ရက်များတွင် ကျောင်းကန်တော့၊ နတ်ပြအလှူ့ဝတ်ဆံ လှည့်လည်ခြင်းဓလေ့ကို စည်ကားသိုက်မြိုက်စွာ လှည့်လည်ကြသည်။ အလှူတွင်ပါဝင်သည့် သာမဏေဝတ်ကြမည့် မောင်ရှင်လောင်း၊ နားသလေးများအား ဆင်၊ မြင်း၊ ဝေါ အစရှိသည်တို့ပေါ်တွင် တင်ဆောင်၍လှည့်လည်ကြသည့်နည်းတူ ရမည်းသင်းမြို့နယ် ဝကုန်းကျေးရွာ အလှူပွဲတစ်ပွဲတွင်ထူးခြားစွာဖြင့် လှည်းယာဉ်လေးများအလှဆင်ကာ တင်ဆောင်လှည့်လည်ကြသည်ကို ထူးခြားစွာတွေ့ရှိရသည်။ ယင်းလှည်းယာဉ်များမှာ ဝကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှဖြစ်ကာ အလှူပွဲအတွက် အလှူဝင်ကူညီခြင်းဖြစ်သည်ဟု သိရသည်။

လှည်းယာဉ်များတွင် ဂုံးချည်ထုတ်အရုပ်များ၊ ဆောင်ပန်းများပါရှိကာ ချူလုံးများ၊ ပန်းဖွားများ၊ ပန်းလိပ်စက္ကူများ၊ သာသနာ့အလံများ တပ်ဆင်ထားပြီး နွားများတွင်လည်း နွားအလှဆင်ရန်များ တပ်ဆင်ပေးထားသည်။

မြန်မာမှုလှည်းယာဉ်လေးများဖြင့် မောင်ရှင်လောင်း၊ နားသများတင်ဆောင်၍ အလှူ့ဝတ်ဆံလှည့်လည်ခြင်းမှာ ထူးခြားမှုရှိပြီး ယခုကဲ့သို့ မြန်မာမှုကို ဖော်ဆောင်နေသော လှည်းယာဉ်များမှာ ကျေးလက်ဒေသတချို့တွင် ကွယ်ပျောက်လုနီးပါး ဖြစ်သည်ဟု သိရသည်။

အတ်ကလေး(ရမည်းသင်း)

တီဘီရောဂါတိုက်ဖျက်ရေး ပညာပေးဆွေးနွေး

စစ်တွေ ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအနက် ရခိုင်ပြည်နယ် မြို့နယ်များတွင် တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်း အသိပညာပေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက်က ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တီဘီရောဂါ တိုက်ဖျက်ရေး စီမံချက်သည် ကျန်းမာရေးဝန်ကြီးဌာနက ကြီးကြပ်၍ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းနှင့် UNDOPS တို့ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး တီဘီသံသယ လူနာများအား ရှာဖွေခြင်း၊ လူနာတွေ့ရှိပါက ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးဌာနသို့ လွှဲအပ်ပေးပို့ခြင်း၊ တီဘီလူနာများအား ခရီးစရိတ်၊ အာဟာရနှင့် ကျန်းမာရေးသုံးပစ္စည်းများ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

အဆိုပါစီမံချက်ကို စစ်တွေ၊ ရသေ့တောင်၊ ပေါက်တော၊ မြောက်ဦးနှင့် မင်းပြားမြို့နယ်များတွင် တောရောမြို့ပါ ဒေသမရွေး ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံချက်ကာလမှာ ၂၀၁၅ ဇန်နဝါရီ ၁ ရက်မှ ၂၀၁၆ ဒီဇင်ဘာ ၃၁ ရက်အထိ တစ်နှစ်ကြာမြင့်မည်ဖြစ်ကြောင်း၊ +စေတနာ့ဝန်ထမ်းများကို လည်း ဒေသအလိုက်ခန့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကြီးစော**

ကွန်ပျူတာနှင့်ရုံးလုပ်ငန်း အခြေခံသင်တန်းဆင်းပွဲ ပြည်မြို့၌ ကျင်းပ

ပြည် ဖေဖော်ဝါရီ ၈

ပဲခူးတိုင်းဒေသကြီး ပြည်တွင်းအခွန်ဦးစီးဌာနမှူးရုံးမှ ကြီးမှူးဖွင့်လှစ်ခဲ့သည့် ကွန်ပျူတာနှင့်ရုံးလုပ်ငန်းအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၅) ဆင်းပွဲအခမ်းအနားကိုဖေဖော်ဝါရီ ၇ ရက်က ပြည်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး သင်တန်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအောင်က အမှာစကားပြောကြားပြီး သင်တန်းတွင်ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် သင်တန်းသားသင်တန်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၁၀၅)**

နွေရာသီ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ

မူဆယ် ဖေဖော်ဝါရီ ၈

မူဆယ်မြို့နယ်အတွင်းရှိ ဈေးများတွင် မီးဘေးလုံခြုံရေးဆောင်ရွက်ထားမှုများကို ဈေးသူ ဈေးသားများ မီးသတိမူစေရေးအတွက် မီးသုံးစွဲမှုများနှင့် လျှပ်စစ်သွယ်တန်းမှုများကို လိုက်လံစစ်ဆေးအကြံပြုခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းများကို ဖေဖော်ဝါရီ ၆ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မင်းဦး၊ ဈေးတာဝန်ခံနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က သရုပ်ပြကြကြောင်း သိရသည်။ **အယ်လ်စိုး (iprd)**

ပျောက်ဆုံးကြောင်း

အောင်သက်ခိုင် ၁၃/ကတန(နိုင်)၁၁၂၈၃၆ (ဘ)ဦးအောင်ခိုင်ထွေး၏ ပတ်စ်ပို့နံပါတ်(၉၄၀၄၆၃) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၈၂၂၇၄၄၁

ပျောက်ဆုံးကြောင်း

နန်းဖတ် ၁၃/တခလ(နိုင်)၀၀၉၅၉၆ (ဘ)ဦးအိုက်ခမ်း၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၃၆၁၀၅၇၁၉

ပျောက်ဆုံးကြောင်း

နန်းကျန်လီး ၁၃/တခလ(နိုင်)၀၆၄၂၃၆ (ဘ)ဦးခမ်းရှုန်၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၉၂၈၆၈၆၄

Belta Air con 09-5164285

အမည်ပြောင်း

ဦးဝင်းအောင်၏ သမီး မြိတ်မြို့၊ ကန်ဖျား၊ အလကကျောင်း(ခွဲ)၊ ပဥ္စမတန်းမှ မမြတ်မြတ်မွန်အား မမြင့်မြတ်ခင်ဟု ပြောင်းလဲခေါ်ပါရန်။ **မမြင့်မြတ်ခင်**

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/8338၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

အမည်ပြောင်း

ဦးသိန်းစိုး၏သား နေပြည်တော်၊ ပျဉ်းမနား၊ အထက(၂)၊ အဋ္ဌမတန်း(A)မှ မောင်မင်းသီဟကျော်အား မောင်အောင်မြင့်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်မြင့်ကျော်**

တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ ဘိုးသာအောင်ကုန်းအုပ်စု၊ ညောင်ပင်ကုန်းရွာနေ ဦးစံအုန်း၏သား ဦးခင်ဇော်(ခ)ဦးခင်မောင်မြင့် ၇/ပတတ(နိုင်)၀၀၈၇၉၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ မူလွန်ပေါင်းလောင်း၊ စတုတ္ထတန်း(ဂ)မှ မောင်ခန့်လင်းစည်၊ မောင်ခန့်လင်းညီတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်းမိုးနိုင် ၉/လဝန(နိုင်)၁၇၂၅၈၂ ဖြစ်ပါကြောင်း။ **ဦးကျော်ဆန်းမိုးနိုင်**

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၏ ဇနီး ဒေါ်ကျော့သိန်း ၁၁/မဥန(နိုင်)၀၀၇၄၆၄သည် မိမိသဘောဖြင့် အိမ်မှဆင်းသွားပြီး ယနေ့တိုင်ပြန်လည်ရောက်ရှိခြင်း မရှိသောကြောင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးကျော်စိန်ခန့် ၁၁/မဥန(နိုင်)၀၃၈၇၃၀**

အမည်ပြောင်း

ဦးကိုကိုဆွေ၏သမီး အထက(၅)ပြည်၊ သတ္တမတန်း(က)မှ မဆုရတီလင်းအား မဆုရတီရွှေဟု ပြောင်းလဲခေါ်ပါရန်။ **မဆုရတီရွှေ**

ပြည်တွင်းသတင်း

မြန်မာအလုပ်သမား ၁၀၀ ကျော် အခွင့်အရေးချိုးဖောက်ခံရသည့်ကိစ္စ ထိုင်းနိုင်ငံမှအလုပ်သမားပြဿနာဖြေရှင်းရေးရုံးက ညှိနှိုင်းဆောင်ရွက်ပေးမည်

မြန်မာအလုပ်သမားများအား MAT အဖွဲ့အတွင်းရေးမှူးက ထိုင်းအလုပ်သမားဥပဒေဆိုင်ရာများကို ရှင်းပြနေစဉ်။

မဟာချိုင် ဖေဖော်ဝါရီ ၈

ထိုင်းနိုင်ငံတွင် အလုပ်သမားဥပဒေချိုးဖောက်ခံနေကြရသည့် မြန်မာအလုပ်သမား ၁၀၀ ကျော်၏ ကိစ္စကို ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့(MyanmarAssociation inThailand-MAT)က မဟာချိုင် အလုပ်သမားပြဿနာ ဖြေရှင်းပေးရေးရုံး၌ ဖေဖော်ဝါရီ ၅ ရက်က အမှုစွဲတင်ပေးခဲ့ကြောင်းနှင့် အလုပ်သမားများ၏ တင်ပြချက်များမှာ မှန်ကန်နေသဖြင့် ပြဿနာပြေလည်အောင် ညှိနှိုင်းဆောင်ရွက်ပေးသွားရန် အဆိုပါရုံးမှ အရာရှိကြီးတစ်ဦးက အာမခံပြောကြားခဲ့ကြောင်း MAT ၏ ဆက်သွယ်ပြောကြားချက်အရ သိရသည်။

ထိုင်းနိုင်ငံ စမွတ်စာခွန်ခရိုင် မဟာချိုင်မြို့ရှိ ပုစွန်မုန့်များထုတ်လုပ်သည့် Crystal အလုပ်ရုံမှ မြန်မာအလုပ်သမားများအား ထိုင်းအစိုးရသတ်မှတ်ထားသည့် တစ်နေ့လုပ်အားခ ဘတ်ငွေ ၃၀၀ မပေးသည့်အပြင် အခြားအလုပ်သမား အခွင့်အရေးချိုးဖောက်မှုများရှိနေသဖြင့် အလုပ်သမား ၁၄၈ ဦးက MAT အဖွဲ့သို့ အကူအညီတောင်းခံခဲ့ခြင်း ဖြစ်သည်။

မြန်မာအလုပ်သမတစ်ဦးက “ထိုင်းအစိုးရသတ်မှတ်ထားတဲ့ အလုပ်ပိတ်ရက်တွေမှာ မနားရဘူး။ သမီးတို့ကို ဘောက်ချာမှာ ရှင်းပေးတာက တစ်မျိုး၊ ငွေထုတ်ပေးတာက တစ်မျိုးလုပ်တယ်။ အရင်တစ်နှစ်ကဆို အလုပ်သမားတစ်ယောက် ဓာတ်လှေကားညပ်ပြီးသေဆုံးသွားပါတယ်။ အလုပ်ရှင်ကဘာမှနစ်နာကြေးမပေးဘူး။ အခုလည်း အလုပ်သမားတစ်ဦးစီမှာ ဘတ်ငွေ ၁၀၀၀ ကျော်လောက်စီဖြတ်ထားပါတယ်။ ပိုက်ဆံပြန်ရရမရရ အကြောင်းမဟုတ်ဘူး။ အလုပ်သမားအခွင့်အရေးတွေ ချိုးဖောက်နေတာကို ရပ်တန့်ဖို့အတွက် သမီးတို့က သံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီဝင်ဖြစ်တဲ့ MAT အဖွဲ့ကို လာရောက်အကူအညီတောင်းခံရတာပါ”ဟု ပြောသည်။

MAT အဖွဲ့မှ အတွင်းရေးမှူး ကိုခိုင်ကြီးက “လုပ်အားခ အပြည့်ရှင်းမပေးတာတို့၊ အလုပ်သမားတွေကို ကာကွယ်စောင့်ရှောက်ရကောင်းမှန်းမသိတာတို့၊ ခေါင်းပုံဖြတ်တာတို့က ထိုင်းမှာမကုန်သေးဘူး။ မဟာချိုင်ဆိုတာ အလုပ်သမားအရေးလုပ်ကြတဲ့ အင်န်ဂျီအိုတွေရှိတဲ့နေရာပါ။ အလုပ်သမားတွေဘက်က တကယ်ထိထိရောက်ရောက် ပြတ်ပြတ်သားသားရပ်တည်ပြီး မှန်မှန်ကန်ကန်လုပ်ကြရမယ်။ ခုဆိုရင် မြန်မာအလုပ်သမားတွေက ရသင့်ရထိုက်တဲ့ ဥပဒေပါ အကြောင်းအရာတွေကို သိနေကြပြီ။ ဒါပေမယ့် ထိုင်းအလုပ်ရှင်တွေက လိုက်နာမှုမရှိကြသေးပါဘူး”ဟု ပြောသည်။

အမှုစွဲတင်ထားသည့် ကိစ္စနှင့်ပတ်သက်၍ အလုပ်သမားများ၏ တင်ပြချက်များမှာ မှန်ကန်နေသဖြင့် ပြဿနာပြေလည်စေရန် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ မဟာချိုင်အလုပ်သမားပြဿနာဖြေရှင်းပေးရေးရုံးမှ အရာရှိကြီးတစ်ဦးက MAT အဖွဲ့သို့ အာမခံပြောကြားခဲ့ကြောင်း MAT အတွင်းရေးမှူး၏ ဆက်သွယ်ပြောကြားချက်အရ သိရသည်။

စိုးဝင်း(SP)

ပြည်ထောင်စုနေ့အထိမ်းအမှတ် ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်

မကွေး ဖေဖော်ဝါရီ ၈

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၆၈)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးမြို့ ရွာသစ်ပွဲကြိုရပ်ကွက်ရှိ ရွာသစ် ၁၅ လမ်း ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပသည်။

ထပ်ပိုးလွှာခင်းကတ္တရာလမ်းကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်နိုင်က အခမ်းအနားမှုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ရွာသစ် ၁၅ လမ်းသည် ပြည်တော်သာလမ်းနှင့် နတ်မောက်လမ်းကြားတွင် တည်ရှိပြီး မူလလမ်းအရှည်ပေ ၁၈၀၀ ရှိသည့် အနက် မဲထီးလမ်းမှ နတ်မောက်လမ်းအထိ အရှည်ပေ ၁၂၃၀ ကို မြို့နယ်စည်ပင်သာယာရေးကော်မတီ ရန်ပုံငွေကျပ်၂၇၇ ဒသမ ၆ သိန်းဖြင့် အပိုင်းနှစ်ပိုင်းခွဲ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဇေယျာတု(မကွေး)

ထွန်စက်အမျိုးမျိုးဖြင့် ထွန်ရက်သရုပ်ပြ

ရေဦး ဖေဖော်ဝါရီ ၈

မန္တလေးမြို့တွင် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ လယ်ယာသုံးထွန်စက်အမျိုးမျိုးဖြင့် ထွန်ရက်သရုပ်ပြပွဲနှင့် အရစ်ကျစနစ်ဖြင့်ရောင်းချခြင်းကို မုတ်စီကျေးရွာ၌ ဖေဖော်ဝါရီ ၆ ရက်က ကျင်းပခဲ့သည်။

သရုပ်ပြပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးချစ်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းရွှေက လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် နယူးဟော်လန်ကုမ္ပဏီ၊ ဗန္ဓုလကုမ္ပဏီ၊ ရန်ကုန် TRACTOR ကုမ္ပဏီများမှ တာဝန်ရှိသူများက ထွန်စက်များ၏ စွမ်းရည်အကြောင်း၊ ထွန်စက်အမျိုးအစားတစ်ခုချင်းစီမှ စွမ်းဆောင်နိုင်သည့် မြင်းကောင်ရေအားများ၊ မြင်းကောင်ရေအလိုက်သတ်မှတ်နှုန်းထားများ၊ အရစ်ကျပေးဆပ်ရမည့် အချိန်ကာလနှင့် အတိုးနှုန်းထားများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသည့် တောင်သူများက သိလိုသည်များကိုမေးမြန်းရာ ကုမ္ပဏီတာဝန်ခံများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

သရုပ်ပြပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညိုဝင်းနှင့် ဦးစိုးတင့်အောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ စက်မှုလယ်ယာဦးစီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စု ၂၀ မှ တောင်သူများ တက်ရောက်ခဲ့ကြသည်။

သန်းထိုက်(ရေဦး)

လက်တွေ့မီးငြှိမ်းသတ်မှု မြင်းမူဈေးအတွင်းလေ့ကျင့်

မြင်းမူ ဖေဖော်ဝါရီ ၈

မီးဘေးလုံခြုံရေးနှင့် မီးလောင်မှုကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြင်းမူမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ မြို့မဈေး၌ လက်တွေ့မီးငြှိမ်းသတ်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၅ ရက်က သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

လက်တွေ့မီးငြှိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်ရာတွင် မီးဘေးအန္တရာယ်ကျရောက်ပါက မီးသတ်ကားများ အလျင်အမြန်ဝင်ရောက်နိုင်ရေးအတွက် လမ်းကြောင်းများရှင်းလင်းခြင်း၊ အပေါ့စားမီးသတ်စက်များဖြင့် မီးငြှိမ်းသတ်ခြင်း၊ မီးသတ်ပိုက်များသယ်ယူခြင်း၊ ဈေးအတွင်းရှိရေတိုင်များမှ ရေရယူ၍ မီးငြှိမ်းသတ်ခြင်းတို့ကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေမင်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

မီးငြှိမ်းသတ်ခြင်းသရုပ်ပြလေ့ကျင့်ရာသို့ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှအောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် ဈေးသူဈေးသားများ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

အောင်စိုးဖေ(iprd)

မကွေးကောလိပ်(၁၉၆၄-၇၆)ကျောင်းသား ကျောင်းသူများ၏ နဝမအကြိမ်မြောက်အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃၊ လူနေရပ်ကွက်အမှတ်စက်မှုဇုန်(၁)၊ မြေကွက်အမှတ် ၁၁၇၊ ဧရိယာ ၀ဒသမ၁၇၀ဧက၊ အကျယ်(၇၄၄၀)စ/ပ၊ နှစ် ၆၀ဂရန်မြေပေါ်ရှိ အမှတ် ၁၁၇၊ ဟားခါးလမ်း၊ စက်မှုဇုန်(၁)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်ရှုလိုင်(ခ)အွန်ရှုလျန် ၁၂/ကတတ(နိုင်)၀၂၃၉၁၁ အမည်ပေါက်လျက်ရှိပြီး ၎င်း၏မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၃၆၅/၂၀၁၅(၂၆-၁-၂၀၁၅)ဖြင့်ရရှိသူ ဦးမောင်ယုန် ၁၂/ကတတ(နိုင်)၀၁၀၇၃၁]က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန်စရန် ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော်
အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)

ဦးဟိန်းသူကောင်း
အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇)

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

၂၀-၁-၂၀၁၅ရက်စွဲဖြင့် ဦးစိုးလွင်ဦး(အိုကေဆောက်လုပ်ရေး) ကြော်ငြာချက်အပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းကြော်ငြာခြင်း

ဦးစိုးလွင်ဦးနှင့် ကျွန်ုပ်၏မိတ်ဆွေတို့သည် ၂၄-၉-၂၀၀၆ ခုနှစ်တွင် စာချုပ်ချုပ် ဆိုခဲ့သော်လည်း နှစ်များစွာကြာသည့်တိုင်အောင် စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရန် ဦးစိုးလွင်ဦးမှ ပျက်ကွက်ခဲ့သဖြင့် ဖော်ပြပါကတိစာချုပ်ကို ဖျက်သိမ်းကြောင်း ကျွန်ုပ်၏မိတ်ဆွေက သတင်းစာ၌ ကြော်ငြာခဲ့သည့်အပြင် အကြောင်းပြန်ကြားစာများ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ ၂၄-၉-၂၀၀၆ရက်စွဲပါ စာချုပ်အား ဖျက်သိမ်းခဲ့ပြီး ဖြစ်သောကြောင့် လူကြီးမင်း၏ကြော်ငြာချက်ကို ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် အများပြည်သူထင်ယောင်ထင်မှားဖြစ်သော ကြော်ငြာခြင်းမျိုးကိုလည်း ဆက်လက်မပြုလုပ်ရန်၊ အကယ်၍ ပြုလုပ်ခဲ့ပါက အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်နော်ဆာ(ခ)ဒေါ်တင်တင်မြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-ဦးတင်အောင်
B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၂)
အမှတ် ၆၇၊ လမ်း၁၂၀၊ ရေတွင်းကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သတင်းဆောင်းပါး

၂၀၁၅ စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်မှသည် . . . .

သတင်းဆောင်းပါး - မင်းရဲဥတ္တရ
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ယနေ့ကာလမှာ မြန်မာနိုင်ငံတော်သစ်ဆီသို့ ရောင်နီသမ်းလာသည့် နိဒါန်းဦးအဖြစ် မှတ်ယူနိုင်သည့်ကာလဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လက်ရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေအရပ်ရပ်မှာ ကောင်းမွန်သည့်ဘက်သို့ ဦးတည်တက်လှမ်းနေပြီဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍများတွင် ရှေ့သို့တက်လှမ်းမှုများ ထင်ရှားသိသာလျက်ရှိသကဲ့သို့ လူမှုရေးနယ်ပယ်တွင်လည်း အောင်မြင်မှုများရရှိနေပြီဟုဆိုနိုင်ပါသည်။ အထူးသဖြင့် မြန်မာ့အားကစားကဏ္ဍမှာ ယခင်အခြေအနေများထက် များစွာတက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

သိသာသော တက်လှမ်းမှုမှာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး အားကစားပိုင်းတွင်သာမက စီမံခန့်ခွဲမှုစွမ်းရည်မှာပါ နိုင်ငံတကာအဆင့်မီခဲ့သည်။ အရှေ့တောင်အာရှအားကစားပွဲတော်ကြီးမှာ နိုင်ငံတကာပြိုင်ပွဲတစ်ရပ်ဖြစ်၍ လူအင်အား၊ ငွေကြေးအင်အား၊ နည်းပညာအင်အားသာမက အတွေ့အကြုံပြည့်စုံဖို့များစွာလိုအပ်သည်။ ထိုသို့သော အားကစားပြိုင်ပွဲကြီး အတွေ့အကြုံမျိုးကို ယခင်ကကျင်းပခဲ့ဖူးသော ကျွန်းဆွယ်အားကစားပြိုင်ပွဲများ၌ ရရှိခဲ့ဖူးသော်လည်း နှစ်ပေါင်း ၄၄ နှစ်ဟူသောကာလအတွင်း အခြေအနေအရပ်ရပ်မှာ များစွာပြောင်းလဲသွားပြီး ထုထည်ပမာဏကြီးမားသော နိုင်ငံတကာအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ရေးအတွက် များစွာကြိုးစားခဲ့ကြရသည်။

ဤနေရာတွင် ယခင်ကကျင်းပခဲ့ဖူးသော အမျိုးသားအားကစားပွဲတော်များမှ ရရှိခဲ့သည့်အတွေ့အကြုံများက များစွာအထောက်အကူပြုခဲ့ပေသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကဲ့သို့သော ပြိုင်ပွဲများအတွက် မျှော်မှန်းကာ ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အမျိုးသားအားကစားပွဲတော်များကို ၁၉၉၂ ခုနှစ်၊ ၁၉၉၄ ခုနှစ်နှင့် ၁၉၉၇ ခုနှစ်များတွင် ကျင်းပပေးခဲ့သည်။ ထိုအားကစားပြိုင်ပွဲများကို စနစ်တကျ စီမံချက်များရေးဆွဲပြီး ပြင်ဆင်ဆောင်ရွက်ခဲ့၍လည်း စည်ကားသိုက်မြိုက်ကာ အောင်မြင်မှုများရခဲ့သည်။ ထိုအမျိုးသားအားကစားပွဲတော်များ ကျင်းပနိုင်မှုကြောင့် အားကစားမှာ လူထုလှုပ်ရှားမှုအသွင်ဖြင့် အရှိန်အဟုန်မြင့်တက်ခဲ့သည်။

အမျိုးသားအားကစားပွဲတော်မျိုး ကြိုတင်ကျင်းပသင့်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)မတိုင်မီကာလတွင် အဆိုပါအမျိုးသားအားကစားပွဲတော်ပုံစံမျိုးဖြင့် အရှိန်မြှင့်တင်ပြင်ဆင်သည့် ပြိုင်ပွဲကြီးများကို ကျင်းပစီစဉ်သင့်ခဲ့သည်မှာ အမှန်ပင်ဟုဆိုရပါမည်။ သို့သော် ဆီးဂိမ်းပြိုင်ပွဲကျင်းပရမည့်အချိန်တွင် ကြိုတင်ပြင်ဆင်စရာတွေက များပြားလှသည်။ အားကစားကွင်း/အားကစားရုံများ၊ ရေကူးကန်၊ မြားပစ်ကွင်းများ၊ အားကစားနယ်မြေများကို နိုင်ငံတကာအဆင့်မီ ပြင်ဆင်ရသည်။ ကစားသမားကောင်းများပေါ်ထွက်ရေးကို အပြင်းအထန်ကြိုးစားစုစည်း ဆောင်ရွက်ကြရသည်။ C သုံးလုံးဟု ခေါ်ဝေါ်သော Champion Challenge Cup ပြိုင်ပွဲများ၊ ဆီးဂိမ်းအကြို လက်ရည်စမ်းပွဲ၊ လက်ရည်စစ်ပွဲ၊ ဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပခဲ့ရသည်။

ထို့ကြောင့် ဆီးဂိမ်းပြိုင်ပွဲဝင်မည့် ကစားသမားများအတွက် ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲကဲ့သို့သော အားကစားပြိုင်ပွဲများကိုသာ အချိန်လုပြင်ဆင် ကြိုးပမ်းနိုင်ခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်မည့် အမျိုးသားအားကစားပြိုင်ပွဲမျိုးကို (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြိုကာလတွင် ကျင်းပနိုင်ခြင်းမရှိခဲ့သည်ကို တွေ့ခဲ့ရသည်။ အကယ်၍သာ ထိုသို့သော အမျိုးသားအားကစားပြိုင်ပွဲမျိုးကို ၂၀၁၂ ခုနှစ်လောက်တွင် ကျင်းပနိုင်ခဲ့သည်ဆိုလျှင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲ၏ အောင်မြင်မှုမှာ ယခုရခဲ့သော အောင်မြင်မှုရလဒ်များထက် ပိုမိုသာလွန်ကောင်းမွန်လာနိုင်သည်မှာ အသေအချာပင် ဆိုချင်မိသည်။

ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ပြုလုပ်ခဲ့သည့် Pre SEA GAMES ပြိုင်ပွဲများ၊ လက်ရည်စမ်းသည့် ဖိတ်ခေါ်ပြိုင်ပွဲများ၊ Champion Chellenge Cup ပြိုင်ပွဲ၊ ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲများတွင်ရရှိခဲ့သော အတွေ့အကြုံများဖြင့်ပင် မျှော်လင့်ထားသည်ထက်ပင် အောင်မြင်မှုရခဲ့သည်။ သို့သော် အားကစားဟူသည် ပြီးဆုံးသည်မရှိ၊ အားကစားပြိုင်ပွဲများသည် ရပ်တန့်သွားမည်မဟုတ်သဖြင့် မြန်မာ့အားကစား အောင်မြင်မှုအရှိန်အဟုန်ကို ဆက်လက် မြှင့်တင်နိုင်ရန် ကြိုးစားသွားသင့်ပြီး ဆက်လက်ကြိုးစားနေကြရမည်လည်းဖြစ်သည်။

သို့ဖြစ်ရာ မကြာမီကာလအတွင်း စင်ကာပူနိုင်ငံ၌ ကျင်းပတော့မည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် မြန်မာနိုင်ငံ၏ အားကစားရှင်သန်နိုးထလာမှု မည်မျှအားကောင်းမောင်းသန်ရှိနေပါသလဲဟူသောအချက်ကို စမ်းသပ်မည့် နိုင်ငံတကာပြိုင်ပွဲဖြစ်လာတော့မည်။ အားကစားဝန်ကြီးဌာနအနေဖြင့် ရရှိပြီးသောအောင်မြင်မှုများကို ထိန်းသိမ်းမြှင့်တင်ရန် အစွမ်းကုန် ကြိုးစားလိမ့်မည်ဟု ယုံကြည်သည်။ အားကစားသမားမျိုးဆက်သစ်များ ပေါ်ထွက်လာရေးကို ရှေးရှုထားသည့်အပြင် လက်ရှိလက်ရွေးစင်ကစားသမားများ၏ ကြိုးစားအားထုတ်မှုကို လျော့ကျမသွားအောင် ကြိုးစားဆောင်ရွက်နေကြသည်မှာ မျက်မြင်ဖြစ်သည်။

ကျင်းပတော့မည့် အမျိုးသားအားကစားပွဲတော်

အားကစားဝန်ကြီးဌာနအနေဖြင့် (၂၈)ကြိမ်မြောက် စင်ကာပူဆီးဂိမ်းအတွက် ပြင်ဆင်ရာတွင် ပြိုင်ပွဲအတွေ့အကြုံကောင်းများရရှိစေရန် ရည်ရွယ်ကာ ၂၀၁၅ ခုနှစ် နှစ်ဦးပိုင်းတွင်ကြိုတင်ပြင်ဆင်မှုအဖြစ် အမျိုးသားအားကစားပြိုင်ပွဲတစ်ရပ် ကျင်းပပေးရန် ဆုံးဖြတ်ခဲ့သည်။ အမျိုးသားအားကစားပြိုင်ပွဲသည် လာမည့်စင်ကာပူဆီးဂိမ်းကို မျှော်မှန်းပြင်ဆင်ခြင်းဖြစ်ရာ အားကစားမျိုးဆက်သစ်များ ဆက်လက်ပေါ်ထွန်းရေး၊ အားကစားသမားများ ရရှိထားပြီးဖြစ်သည့် စွမ်းဆောင်ရည် စံချိန်စံညွှန်းများကို ထိန်းသိမ်းမြှင့်တင်ရေးတို့ကို ရှေးရှုဦးတည်ထားမည်မှာ သေချာပါသည်။

ယခင်က ကျင်းပပြုလုပ်ခဲ့သော အမျိုးသားအားကစားပွဲတော်ကြီးများကဲ့သို့ ခမ်းနားထည်ဝါရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် အမြင်တင့်တယ်ခံ့ညားရေးတို့ကို ရှေးရှုမည်မဟုတ်ဘဲ အားကစားသမားကောင်းများ ပေါ်ထွက်လာရေး၊ အလားအလာကောင်းသည့် လက်ရွေးစင်ကောင်းများကို ဆက်လက်ပြုစုပျိုးထောင်နိုင်ရေးတို့ကို ဦးစားပေးစီစဉ်ဆောင်ရွက်ကြမည်ဟု ထင်မြင်ပါသည်။

လက်ရှိပြင်ဆင်ဆောင်ရွက်နေမှုများ

လက်ရှိကာလတွင်လည်း (၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ် ရရှိခဲ့ကြသူများနှင့် ဆုတံဆိပ်မရခဲ့ကြသော်လည်း အလားအလာကောင်းသည့် ကစားသမားများကို စုစည်း၍ အမျိုးသားအားကစားပွဲတော်အတွက် လေ့ကျင့်ပေးနေသည်မှာ အင်အား ၈၀၀ ခန့်အထိ ရှိနေသည်။ ထိုအားကစားသမားများကို ပြည်ပမှနည်းပြများ ငှားရမ်းပေးခြင်း၊ ခေတ်မီအားကစားနည်းစနစ်များဖြင့် လေ့ကျင့်စေခြင်းများအပြင် ထိုက်သင့်သော ထောက်ပံ့မှုများဖြင့်လည်း ချီးမြှင့်ထားသည်။

ပြီးခဲ့သော ဆီးဂိမ်းပြိုင်ပွဲတွင် ဆုတံဆိပ်ရသူများကို အလုပ်အကိုင်များ ပေးထားပြီးဖြစ်ရာ ပင်ရင်းလစာအပြင် ရွှေတံဆိပ်ရသူကို သီးခြားထောက်ပံ့ကြေးတစ်သိန်း၊ ငွေနှင့်ကြေးတံဆိပ်ရသူများကို လစာအပြင် အပိုထောက်ပံ့ကြေး ရှစ်သောင်း ထပ်ဆောင်းပေးပြီး ဆုတံဆိပ်မရခဲ့သော်လည်း အလားအလာကောင်းသူများကို လစာအပြင် ထောက်ပံ့ကြေး ငါးသောင်းစီ လစဉ်ထပ်ဆောင်းချီးမြှင့်ထားကြောင်း သိရသည်။

အားကစားသမားများအတွက် အလုပ်အကိုင်၊ လစာ၊ အပိုဆောင်းထောက်ပံ့ကြေးများ လစဉ်ပေးထားသည့်အပြင် နေ့စဉ် တစ်ဦးလျှင်ကျပ်သုံးထောင်နှုန်းဖြင့် အာဟာရပြည့်ဝစေမည့် လုံလောက်သည့် ကျွေးမွေးမှုများဖြစ်စေရေး ကြပ်မတ်စီမံပေးထားသည်။ တာဝန်ရှိပုဂ္ဂိုလ်များ၊ နည်းပြ၊ နည်းစနစ်မှူးများက နေ့စဉ်နည်းစနစ်မှန်မှန် ပြင်းပြင်းထန်ထန် လေ့ကျင့်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးလျက် ရှိကြသည်။ မိမိတို့ ရရှိထားသည့် အောင်မြင်မှုများကို စင်ကာပူဆီးဂိမ်းတွင် ဆက်လက်ထိန်းသိမ်းရေး ကြိုးစားကြရမည်မှာ အားလုံး၏တာဝန်ပင်ဖြစ်သည်။

နိုင်ငံတော်ပိုင်းနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့ကြသူများကို ထိုက်တန်စွာ ချီးမြှင့်ထောက်ပံ့မှုများပြုလုပ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ (၂၈)ကြိမ်မြောက် စင်ကာပူဆီးဂိမ်းတွင် အောင်မြင်မှုရရှိပါက ဆက်လက်၍ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ပေးကြဦးမည်မှာ မလွဲဧကန်သေချာလှပါသည်။ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်အသီးသီးအနေဖြင့်သာမက လူထုလူတန်းစားအဖွဲ့အစည်းများ၊ ပြည်သူများ၊ လုပ်ငန်းရှင်များကလည်း အားပေးဂုဏ်ပြုကြမည်ဖြစ်ရာ တာဝန်ရှိသည့် အားကစားသမားများအပိုင်းက အသီးသီးတာဝန်ကျေပွန်အောင် ကြိုးစားကြဖို့သာလိုမည်ဟု သုံးသပ်ယူဆမိသည်။

သို့ဖြစ်ရာ (၂၈)ကြိမ်မြောက် စင်ကာပူဆီးဂိမ်းတွင် မြန်မာ့အားကစားအဖွဲ့အနေဖြင့် ထိုက်တန်သည့်အဆင့်တစ်ခုကို ရရှိရေးအတွက် ကစားသမားကောင်းများရရှိရေးနှင့် ပြိုင်ပွဲအတွေ့အကြုံရရှိစေရေးကို ဦးစားပေးရှေးရှုမည့် အမျိုးသားအားကစားပြိုင်ပွဲမှာ ယခင်ကကျင်းပခဲ့သည့် အမျိုးသားအားကစားပွဲတော်ကြီးများကဲ့သို့ ခမ်းနားထည်ဝါသည့် ပကာသနဆန်သောအနေအထားမျိုးထက် အနှစ်သာရရှိရှိဖြင့် အားကစားဆိုင်ရာ အရည်အသွေးမြင့်မားထက်မြက်ရေးကို ပို၍ဦးစားပေးကာကျင်းပမည့် အမျိုးသားအားကစားပွဲတော်ဖြစ်လာလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ ။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ ကျပ်ငွေဖြင့် ခန့်ထားရန်)
Logistics & Distribution Company
၁။ Operation Manager
- Sales & Marketing
၂။ Accountant
- LCCI Level II, III
- Microsoft Excel
FUTURE LIGHT EXPRESS CO.,LTD
(203) Tower (A) Junction (8)

တာ့ဒေးစာအုပ်တိုက်
မြန်မာ့နိုင်ငံရေးနှင့် ဆက်စပ်အတွေးများ
မင်းဗထူး
အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပဒေသာကပွဲကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၈

(၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် တောင်ကြီးတက္ကသိုလ် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီက ကြီးမှူး၍ ဂီတဆည်းဆာနှင့် ပဒေသာကပွဲကို တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ ဖေဖော်ဝါရီ ၆ ရက်က ကျင်းပသည်။

ဂီတဆည်းဆာနှင့် ပဒေသာကပွဲတွင် တောင်ကြီးတက္ကသိုလ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီနာယက တောင်ကြီးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမူမူမြင့်က အမှာစကားပြောကြားသည်။ ထို့နောက် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် ရှမ်းတိုင်းရင်းသား အက၊ ပအိုဝ်းတိုင်းရင်းသားအက၊ အင်းတိုင်းရင်းသားအက၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအက၊ ရာမဇာတ်တော်သီချင်းအကနှင့် ရိုးရာအကများဖြင့် ဖျော်ဖြေခဲ့ကြသည်။

ဂီတဆည်းဆာနှင့်ပဒေသာကပွဲသို့ ရှမ်းပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်း၊ တောင်ကြီးတက္ကသိုလ်ပါမောက္ခချုပ်၊ ဘာသာရပ်ပေါင်းစုံ ပါမောက္ခများနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးခဲ့ကြပြီး တိုင်းရင်းသားအကအဖွဲ့ ခုနစ်ဖွဲ့နှင့် အဆိုဝါသနာရှင်များက ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)

သတင်းတို

အရန်သားဖွားသင်တန်းဆင်းပွဲနှင့် ဆေးသေတ္တာများပေးအပ်ပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျန်းမာရေးဦးစီးဌာနက ဖွင့်လှစ်ခဲ့သော အရန်သားဖွားဆရာမသင်တန်းအမှတ်စဉ် (၂/၂၀၁၄) ဆင်းပွဲနှင့် ဘက်စုံသုံးဆေးသေတ္တာ (Kit)ပုံးများ ပေးအပ်ပွဲကို မြို့နယ်ပြည်သူ့ဆေးရုံ၌ ဖေဖော်ဝါရီ ၃ ရက်က ကျင်းပရာ တိုင်းဒေသကြီးကျန်းမာရေးဦးစီးမှူး ဒေါက်တာသန်းဝင်းနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဝင်းတို့က ဘက်စုံသုံးဆေးသေတ္တာများနှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးလွင်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ဝင်းမောင်

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်နေ့တွင် စိုက်ထူမည့် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုကို ရုပ်တုထုဆစ်ရာ စကျင်ကျေးရွာမှ ရုပ်တုထားရှိမည့် မတ္တရာမြို့နယ် ဗိုလ်တေဇပန်းခြံသို့ ရုပ်တုဖြစ်မြောက်ရေးနှင့် ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများနှင့် မြို့ခံပြည်သူများ ဖေဖော်ဝါရီ ၆ ရက်က သယ်ဆောင်နေရာချစဉ်။

စိုးကျော်သူထွေး(မတ္တရာ)

အဆင့်မြင့်ဈေးသစ်ကြီးတွင် ပုံကျဈေးခုံများမဲစနစ်ဖြင့်နေရာချ

တာချီလိတ် ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းမြို့မ အဆင့်မြင့်ဈေးသစ်ကြီးတွင် ပုံကျဈေးခုံ ၂၉၀ အနက်မှ မဲနှိုက်ရန်ကျန်ရှိသည့် ပုံကျဈေးခုံ ၁၂၃ ခုံကို ဈေးသူဈေးသားများရှေ့တွင် မဲစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ နေရာချထားပေးခဲ့ကြောင်း သိရသည်။

အောင်မြတ်ခန်းမ၌ ဖေဖော်ဝါရီ ၆ ရက်က ပြုလုပ်ခဲ့သော မဲနှိုက်နေရာချမှုတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင် ဦးထိန်မင်းက ဈေးသူ ဈေးသားများ အဆင်ပြေစွာဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး အမှုဆောင်အရာရှိဦးကျော်ဇင်က ပုံကျဈေးခုံ ၂၉၀ အနက်မှ မဲနှိုက်ချထားပေးရန် ကျန်ရှိနေသည့် ပုံကျဈေးခုံ ၁၂၃ ခုံအား မဲစနစ်ဖြင့် နေရာချထားပေးမည့်အစီအစဉ်၊ သတ်မှတ်စည်းကမ်းချက်များ လိုက်နာရေး၊ ဈေးဆိုင်နေရာရရှိထားသူများအားလုံး ယခုလ ၁၇ ရက် နောက်ဆုံးထားပြီး သတ်မှတ်စည်းကမ်းချက်အတိုင်း ကော်မတီရုံးတွင် စာရင်းပေးသွင်းဆောင်ရွက်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုန်စိမ်းဟင်းသီးဟင်းရွက်ရောင်းချရန် ဈေးခုံနေရာ ၄၅ ခုံ၊ ငှက်ပျောသီးတန်းခုံ ၁၅ ခုံ၊ အသားငါးတန်းခုံ ၃၂ ခုံ၊ ယခင်မဲနှိုက်စဉ်က ကျန်နေရာ ရှစ်ခုံ၊ အတွင်းဘက် အေရုံတန်း ကိုးခုံ၊ အုတ်ခုတ်ထိပ်ဘက်ကပ်လျက် ခြောက်ခုံ၊ ကော်မတီပိုင် ရှစ်ခုံ စုစုပေါင်းနေရာ ၁၂၃ ခုံကို ဈေးသူ ဈေးသားများ၏ ရှေ့မှောက်တွင် မဲနှိုက်နေရာချထားပေးခဲ့ကြောင်း သိရသည်။

ဝေယံလင်း(iprd)

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လွှတ်တော်ရန်ပုံငွေပေးအပ်

မြင်းခြံ ဖေဖော်ဝါရီ ၈

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ်အတွင်း ကျေးရွာများတွင် ဆောင်ရွက်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ မှ ပထမအရစ်ကို ဖေဖော်ဝါရီ ၄ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ရန်ပုံငွေပေးအပ်ရာတွင် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်တို့က လွှတ်တော်ရန်ပုံငွေခွဲဝေ ပေးအပ်ခြင်းနှင့် လုပ်ဆောင်ရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြင်းခြံမြို့နယ်အတွင်း ကျေးရွာကိုးရွာတွင် ဆောင်ရွက်မည့် ရေရရှိရေးလုပ်ငန်း ကိုးခုအတွက် ရန်ပုံငွေနှင့် လမ်း၊ တံတားတည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်း ၃၅ ခုအတွက် ရန်ပုံငွေကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ ၃၅ ခုမှ အုပ်ချုပ်ရေးမှူးများနှင့် ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီများအား လွှဲပြောင်းပေးအပ်ခဲ့သည်။

ရန်ပုံငွေပေးအပ်ရာတွင် ပထမအရစ်အဖြစ် ၈၀ ရာခိုင်နှုန်းနီးပါးဖြစ်သော ငွေကျပ် ၇၇၇ ဒသမ ၂၃ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/4100, Si Thu L/T,P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကြည်လွင် HGU/136378 က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၃၃၂၉၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/2723 Honda Civic FD3 S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင် ၁၂/အလန(နိုင်)၀၀၉၈၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

မန်ယူတို့ခက်ခဲမယ့် ပရီမီယာလိဂ်ပွဲစဉ်(၂၅)

မိုးမြင့်လင်းလက်

ဒီတစ်ပတ်ရဲ့ ပရီမီယာလိဂ်ပွဲစဉ် (၂၅) ကို ကြားရက်ဖြစ်တဲ့ ဖေဖော်ဝါရီ ၁၁ ရက်နဲ့ ၁၂ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ပွဲစဉ် (၂၄) နဲ့ သုံးရက်သာခြားပြီး ကစားရတဲ့ ဒီပွဲစဉ်မှာ အသင်းကြီးတွေ အမှတ်ပြည့်ရဖို့ ကြိုးစားရမှာဖြစ်ပြီး အထူးသဖြင့် မန်ယူရဲ့ စွမ်းဆောင်မှုအနေအထား ဘယ်လောက်မြင့်မားနိုင်မလဲဆိုတာ ရင်ခုန်စရာကောင်းနေပါတယ်။

မန်ယူနဲ့ ဘန်လေ

ဘန်လေကွင်းမှာ သွားကစားရင်တော့ မန်ယူတို့ နိုင်ပွဲရဖို့ မလွယ်ပါဘူး။ နောက်ဆုံးကစားခဲ့တဲ့ ဘန်လေကွင်းနှစ်ပွဲရလဒ်ကိုကြည့်ရင် မန်ယူတို့ တစ်ပွဲမှ အနိုင်မရခဲ့ပါဘူး။ ဒါပေမယ့် အခုပွဲက အိုးထရက်ဖို့ဒ်မှာ ရင်ဆိုင်ရမှာမို့ မန်ယူတို့အတွက် အမှတ်ရသမျှယူဖို့ ကြိုးစားပါလိမ့်မယ်။ မန်ယူဟာ အဓိကကစားသမားတွေနဲ့ နည်းဗျူဟာမှန်မှန်ထုတ်သုံးခဲ့ရင်တော့ အမှတ်ပြည့်ရနိုင်ပါတယ်။ ဒါပေမယ့် လက်ရှိအနေအထားအရ မန်ယူအိမ်ကွင်းမှာ ခက်ခဲမယ့်ပွဲပါ။

ချယ်လ်ဆီးနဲ့ အဲဗာတန်

အဲဗာတန်ကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ ချယ်လ်ဆီးရဲ့ရလဒ်က ခြောက်ဂိုး-သုံးဂိုးနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အဲဗာတန်နဲ့ဆုံတိုင်း ချယ်လ်ဆီးတို့ နိုင်ပွဲရခဲ့ရတာချည်းဆိုပေမယ့် အခုပွဲမှာ ပေါ့ဆလို့တော့မရဘူး။ နိုင်ပွဲလိုအပ်နေတဲ့ ချယ်လ်ဆီးတို့ ခံစစ်ပိုင်းအားနည်းချက်ရှိနေတဲ့ အဲဗာတန်ကို အမှတ်ခွဲပေးဖို့ စိတ်ကူးရှိမှာမဟုတ်ပါဘူး။

စတုတ်နဲ့ မန်စီးတီး

စတုတ်နဲ့ဆုံတိုင်း မန်စီးတီးတို့ မွန်းကျပ်ခဲ့ရတာချည်းဖြစ်ပါတယ်။ စတုတ်ဟာ မန်စီးတီးကို ဘယ်လိုကစားရမယ်ဆိုတာ သိထားပြီး အနိုင်ရအောင်လည်း ကစားနိုင်ခဲ့တာတွေရှိပါတယ်။ ရလဒ်တွေ ဆက်တိုက်မကောင်းတဲ့ မန်စီးတီးတို့ အစွမ်းကုန်ကြိုးစားပြီး အမှတ်အပြည့်ယူဖို့ အားထုတ်ပါလိမ့်မယ်။

အာဆင်နယ်နဲ့ လက်စတာ

နိုင်ပွဲတွေ ဆက်တိုက်ရရှိနေတဲ့ အာဆင်နယ်တို့ လက်စတာကို ပေါ့ဆဆကစားလို့တော့ မရပါဘူး။ ပထမအကျော့ လက်စတာကွင်းမှာ သရေကစားထားလို့ အခုပွဲမှာ အာဆင်နယ်တို့ နိုင်ပွဲသိမ်းပိုက်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ ဒီပွဲမှာ အာဆင်နယ်နဲ့ ယုံကြည်စွာလက်တွဲရမှာဖြစ်ပါတယ်။

လီဗာပူးနဲ့ စပါး

အဝေးကွင်းမှာ နိုင်ပွဲတွေရအောင် အားထုတ်နိုင်တဲ့ စပါးရဲ့ စွမ်းဆောင်မှုကို အသိအမှတ်ပြုရမှာပါ။ ဒါပေမယ့် လီဗာပူးဟာ စပါးနဲ့ဆုံတိုင်း နိုင်ပွဲတွေချည်း ဖော်ဆောင်နိုင်တဲ့ အစဉ်အလာရှိထားပါတယ်။ လီဗာပူးကွင်းမှာ တည်ငြိမ်မှုကင်းမဲ့တဲ့ စပါးတို့ မျှော်လင့်ချက်ထားလို့ မရနိုင်တဲ့ပွဲပါ။

ဆောက်သမ်တန်နဲ့ ဝက်စ်ဟမ်း

အမှတ်လိုအပ်နေတဲ့ ဆောက်သမ်တန်တို့ ဒီပွဲမှာ ခြေကုန်ထုတ်ရမယ့်ကိန်းပါပဲ။ ဝက်စ်ဟမ်းဟာ ဆောက်သမ်တန်ကို ခြေရည်တူကစားပြီး အမှတ်ရအောင်ယူတတ်တဲ့ အစဉ်အလာရှိတာမို့ ဒီပွဲမှာ ညီမျှခြင်းကျသွားနိုင်တဲ့ အခြေအနေလည်း ဖြစ်သွားနိုင်ပါတယ်။

ဟားလ်စီးတီးနဲ့ ဗီလာ

ဗီလာတို့က အစဉ်အလာအရ ဟားလ်စီးတီးကို နိုင်ပွဲယူနေကျဖြစ်ပါတယ်။ ဒါပေမယ့် ပင်ပန်းကြီးစွာ ရှုန်းကန်ရတဲ့အခြေအနေနဲ့ပဲ အမြဲရင်ဆိုင်ခဲ့ရတဲ့ ဗီလာကို အခုပွဲမှာလည်း ခြေကုန်ထုတ်ရမှာဖြစ်ပြီး အမှတ်ရယူရမယ့်ပွဲပါပဲ။ ။

အာဖရိကဖလား နှစ်နှစ်ပိတ်ပင်ခံလိုက်ရတဲ့ မော်ရိုကို

မော်ရိုကိုအသင်းဟာ ဒီနှစ်အိမ်ရှင်ကျင်းပခွင့်ရခဲ့တဲ့အပေါ် အိမ်ရှင်ကျင်းပရန် ငြင်းဆိုခဲ့တဲ့အတွက် လာမယ့်အာဖရိကပြိုင်ပွဲ နှစ်ကြိမ်ပိတ်ပင်ခံခဲ့ရပါတယ်။ မော်ရိုကိုအသင်းဟာ ၂၀၁၇ ခုနှစ်နဲ့ ၂၀၁၉ ခုနှစ် ပြိုင်ပွဲတွေ ကျင်းပတဲ့အခါ ကစားခွင့်ရတော့မှာ မဟုတ်ပါဘူး။ ဒ့ါအပြင် မော်ရိုကိုဘောလုံးအဖွဲ့ချုပ်ကို အမေရိကန်ဒေါ်လာ တစ်သန်းဒဏ်ရိုက်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုအတွက် ယူရို ရှစ်သန်းပေးရမယ်လို့လည်းဆိုပါတယ်။ မော်ရိုကိုနိုင်ငံက အနောက်အာဖရိကတွင် ဖြစ်ပွားနေသော အီဘိုလာရောဂါဖြစ်ပွားမှုကို ရှောင်လွှဲနိုင်ရန် အိမ်ရှင်ကျင်းပခွင့်ကို ငြင်းဆိုလိုက်တာလို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ မော်ရိုကိုဘောလုံးအဖွဲ့ချုပ်က ၂၀၁၆ ခုနှစ်မတိုင်မီ ပြန်လည်ကစားခွင့်ရရေး တောင်းဆိုခဲ့ပေမယ့် အာဖရိကဘောလုံးအဖွဲ့ချုပ်က ငြင်းဆိုလိုက်ပါတယ်။ အီကွေတိုရီရယ်ဂီနီကို အိမ်ရှင်အဖြစ် အစားထိုးလိုက်ရပြီး အာဖရိကဖလား ကျင်းပခဲ့ရပါတယ်။

မန်စီးတီး ချန်ပီယံဖြစ်ခွင့်မရှိဟု မော်ရင်ဟိုဆို

လက်ရှိချန်ပီယံ မန်စီးတီးအသင်းအနေဖြင့် လက်ရှိအနေအထားတွင် ချန်ပီယံဖြစ်ခွင့်မရှိကြောင်း ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ မန်စီးတီးဟာ ဘဏ္ဍာရေးစည်းမျဉ်းအရ ချန်ပီယံဖြစ်ခွင့်မရှိဘူးလို့ မော်ရင်ဟိုက ပြောဆိုလိုက်တာပါ။

မန်စီးတီးအသင်းဟာ ပြီးခဲ့တဲ့ရာသီက ပရီမီယာလိဂ်ဖလား ဆွတ်ခူးခဲ့ပေမယ့် မေလမှာ ယူအီးအက်ဖ်အေရဲ့ ဘဏ္ဍာရေးစည်းမျဉ်းအရ ဒဏ်ရိုက်ခံရပါတယ်။ ပရီမီယာလိဂ်မှာ ကိုယ်ပိုင်ငွေကြေးဆိုင်ရာ စည်းမျဉ်းပုံစံရှိပါတယ်။ အပြစ်ပေးခံရတဲ့အသင်းဟာ ချန်ပီယံဖြစ်ခွင့်မရှိဘူးလို့တော့ ကျွန်တော်မထင်မိပါဘူးလို့လည်း ချယ်လ်ဆီးနည်းပြက ဆိုပါတယ်။ ဒါပေမယ့် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ဖြစ်တဲ့ အက်ဖ်အက်ဖ်ပီသို့ မေတ္တာရပ်ခံမှုမရှိခဲ့ရင်တော့ ပြဿနာရှိပါတယ်လို့လည်း သူက ဆိုပါတယ်။

ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးရနိုင်တဲ့ ပေါ့ဗ်ဘာ

ဂျူဗင်တပ်စ်မှာကစားနေတဲ့ ပေါ့ဗ်ဘာဟာ ချယ်လ်ဆီး၊ မန်ယူ၊ မန်စီးတီးတို့က ခေါ်ယူဖို့ စိတ်ဝင်စားနေကြရာ ၂၀၀၉ ခုနှစ်က မန်ယူမှ ရီးရဲလ်သို့ ပြောင်းရွှေ့သွားတဲ့ စီရိုနယ်ဒိုရဲ့ စံချိန်တင်ပြောင်းရွှေ့ကြေးပေါင်သန်း ၈၀ ကို ကျော်နိုင်တယ်လို့ သူ့ရဲ့အေးဂျင့်က ပြောဆိုလိုက်ပါတယ်။ ၂၀၁၂ ခုနှစ်က မန်ယူကနေ အီတလီကလပ် ဂျူဗင်တပ်စ်သို့ ပြောင်းခဲ့တဲ့ ပေါ့ဗ်ဘာဟာ စီးရီးအေမှာ ခြေစွမ်းပြနေပြီး ပွဲတိုင်းဂိုးသွင်းနေတဲ့ ကွင်းလယ်ကစားသမားဖြစ်ပါတယ်။ ပေါ့ဗ်ဘာရဲ့ ပြောင်းရွှေ့ကြေးဟာ ဂါရက်ဘေးလ်ရဲ့ ပြောင်းရွှေ့ကြေးပေါင် ၈၅ သန်းကိုလည်း ကျော်နိုင်တယ်လို့ သူ့ရဲ့အေးဂျင့် ဗီနိုးက ဆိုပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

ဆောင်းပါး

မြန်မာပြည်သူတို့၏ နိုင်ငံရေးအသိအမြင်

ဒေါက်တာသီတာတင်

နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးတန်ဖိုးများကို စံနှုန်းတိုင်းတာသတ်မှတ်ရေးတို့အတွက် အာရှဖောင်ဒေးရှင်းမှ ၂၀၁၄ ခုနှစ် မေလနှင့်ဇွန်လအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုရှိ လူပေါင်း ၃၀၀၀ ကျော်တို့နှင့် တွေ့ဆုံမေးမြန်းမှုပေါင်းများစွာပြုလုပ်၍ စစ်တမ်းကောက်ယူခဲ့ပါသည်။

အဆိုပါစစ်တမ်းတွင်ပြည်သူများအကြား အစိုးရနှင့်ပတ်သက်သော ဗဟုသုတ၊ ဥပဒေပြုကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍတို့နှင့်ပတ်သက်သော ဗဟုသုတ၊ နိုင်ငံရေးပါဝင်ဆောင်ရွက်မှုနှင့် ဒီမိုကရေစီအား နားလည်သဘောပေါက်မှု၊ မိမိကိုယ်ကို ခံယူသတ်မှတ်မှု၊ တန်ဖိုးထားမှုများနှင့်ယုံကြည်မှု၊ ကျား-မဆိုင်ရာ အကြောင်းအရာငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ပြည်သူလူထု၏ ရှုမြင်သုံးသပ်ချက်များနှင့် သတင်းအချက်အလက်များရရှိရာအရင်းအမြစ်များ အစရှိသည့် အကြောင်းအရာများနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့ပြီးစစ်တမ်းကောက်ယူသုံးသပ်တင်ပြထားပါသည်။

ဤသို့မေးမြန်းရာတွင် နိုင်ငံတော်အကြီးအကဲမှာ သမ္မတဖြစ်ကြောင်း ဖြေဆိုသူအားလုံး၏ ၈၇ ရာခိုင်နှုန်းက မှန်ကန်စွာဖြေကြားနိုင်သော်လည်း နိုင်ငံတော်၏ မဏ္ဍိုင်များနှင့်ပတ်သက်၍ မှန်ကန်စွာပြောဆိုနိုင်မှုမှာ အုပ်ချုပ်ရေးတွင် ၁၄ ရာခိုင်နှုန်း၊ ဥပဒေပြုရေးတွင် ၃ ရာခိုင်နှုန်းနှင့်တရားစီရင်ရေးတွင် ၂ ရာခိုင်နှုန်းသာရှိသဖြင့် ပြည်သူများအကြား အစိုးရနှင့်ပတ်သက်သော ဗဟုသုတများ နည်းပါးနေကြောင်း တွေ့ရပါသည်။

ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်များ၏ လုပ်ငန်းတာဝန်ကို တွေ့ဆုံမေးမြန်းခဲ့သူအားလုံး၏ ထက်ဝက်နီးပါးမသိရှိကြောင်း တွေ့ရှိရပါသည်။နိုင်ငံတော်ရှိ အမြင့်ဆုံး တရားရုံး၏အမည်ကို မေးမြန်းသူအားလုံး၏ ၅၆ ရာခိုင်နှုန်းက မသိရှိကြောင်း ပြန်လည်ဖြေကြားကြပါသည်။ ဤတွေ့ရှိချက်အရနိုင်ငံတော် မဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များအကြောင်းကို သိရှိသူပြည်သူများမှာ အနည်းအကျဉ်းသာရှိကြောင်း တွေ့ရမည်ဖြစ်ပါသည်။

နိုင်ငံတော်သည် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေသည့်အားလျော်စွာ နိုင်ငံသူနိုင်ငံသားများအနေဖြင့် နိုင်ငံအရေးတွင် ပါဝင်ဆောင်ရွက်မှုနှင့်အတူ ဒီမိုကရေစီကျင့်ဝတ်နှင့်စံများကို နားလည်သဘောပေါက်မှုမှာ အလွန်အရေးကြီးသောအချက်ဖြစ်ပါသည်။ ကိန်းဂဏန်းများအရနိုင်ငံရေးကို အမြဲတမ်းလိုလိုဆွေးနွေးသူ ၃ ရာခိုင်နှုန်း၊ တစ်ခါတစ်ရံမှ ဆွေးနွေးသူ ၃၇ ရာခိုင်နှုန်း၊ တစ်ခါမျှ မဆွေးနွေးသူ ၄၉ ရာခိုင်နှုန်းနှင့်မသိပါဟု ပြန်လည်ဖြေကြားသူ ၂ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရန်လိုသောသူများမှ မေးမြန်းသူအားလုံး၏ ၉၃ ရာခိုင်နှုန်းမျှရှိသဖြင့် စစ်တမ်းအရ ပြည်သူများအနေဖြင့် ဆန္ဒ မဲပေးခြင်းဖြင့် နိုင်ငံရေးအသိနှင့် စိတ်ဝင်စားမှုကိုတစ်နည်းတစ်ဖုံဖော်ပြနေသော်လည်း နိုင်ငံရေးတွင် များစွာစိတ်ဝင်စားကြောင်း ဖြေဆိုသူရှားပါးကြောင်းဖော်ပြထားပါသည်။

ဤနေရာတွင် "နိုင်ငံအရေးပါဝင်ဆောင်ရွက်မှု" ဆိုသည့် စကားအဓိပ္ပာယ်ကို အနည်းငယ်မျှ ရှင်းလင်းတင်ပြလိုပါသည်။ နိုင်ငံအရေးတွင် ပြည်သူများပါဝင်ဆောင်ရွက်မှုဆိုသည့် နိုင်ငံရေးပါတီတစ်ခုကိုထူထောင်၍ နိုင်ငံရေးလုပ်ဆောင်ခြင်းမျိုးကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ ဒီမိုကရေစီကျင့်ဝတ်နှင့်စံများနှင့်အညီ နိုင်ငံရေးရာများဖြစ်သည့် မဲပေးခြင်း၊ ကျင့်ဝတ်စည်းမျဉ်း၊ ဥပဒေများလေးစားလိုက်နာခြင်း၊ အခွန်များပေးဆောင်ခြင်း၊ နိုင်ငံ့သားကောင်းတစ်ဦးအဖြစ် နေထိုင်ကျင့်ကြံခြင်း အစရှိသည်များကို ဆိုလိုခြင်းဖြစ်ပါသည်။

အခြားနိုင်ငံများရှိ ပြည်သူများနိုင်ငံအရေးတွင် ပါဝင်ဆောင်ရွက်မှုအခြေအနေနှင့် နှိုင်းယှဉ်လေ့လာပါက ဒီမိုကရေစီစနစ်ကို ကျင့်သုံးသော ဂျပန်နိုင်ငံတွင် ၂၀၀၉ ခုနှစ် ရွေးကောက်ပွဲ၌ မဲပေးမှုမှာ ၆၉ ဒသမ ၂၈ ရာခိုင်နှုန်းသာရှိကြောင်း၊ ဂျပန်ရှိ The Association for Promotion of Fair Election ၏ မှတ်တမ်းများအရ သိရှိရပါသည်။ ထို့ပြင် Jiji Press ၏ ၂၀၁၅ ခုနှစ် လေ့လာတွေ့ရှိချက်အရ ဂျပန်နိုင်ငံတွင် မည်သည့်ပါတီကိုမျှ ထောက်ခံမှုမရှိသူ ရာခိုင်နှုန်းမှာ ၅၆ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရသဖြင့် ဂျပန်ပြည်သူများ၏ ထက်ဝက်ကျော်မှာ နိုင်ငံရေးတွင် စိတ်ဝင်စားမှုနည်းပါးကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။ ဗြိတိန်နိုင်ငံတွင် ၂၀၁၂ ခုနှစ်စာရင်းအရ ပြည်သူများပါဝင်မှုမှာ ၃၄ ရာခိုင်နှုန်း၊ ပြည်သူနှင့်ဆွေးနွေးညှိနှိုင်းမှုတွင် ပါဝင်သူမှာ ၁၇ ရာခိုင်နှုန်းနှင့် ပြည်သူ့ရေးရာ လှုပ်ရှားတက်ကြွမှုများတွင် ပါဝင်သူ ၁၀ ရာခိုင်နှုန်းရှိကြောင်း သိရပါသည်။

တစ်ဖန် ဒီမိုကရေစီဖခင်ဟု တင်စားခေါ်ဝေါ်ကြသည့် အမေရိကန်နိုင်ငံတွင် အမေရိကန်ပြည်သူများ မဲပေးမှုအခြေအနေကိုလေ့လာရာတွင် ၂၀၁၂ ခုနှစ် ကိန်းဂဏန်းအရ ၃၈ ရာခိုင်နှုန်းမျှသာရှိကြောင်း တွေ့ရပါသည်။ ယင်းကဲ့သို့ မဲပေးသူဦးရေနည်းရခြင်းအကြောင်းများဖြစ်သည့် အစိုးရအပေါ် ယုံကြည်မှုမရှိခြင်း၊ ပြည်သူများအကြား ပါတီ၊ ဂိုဏ်းဂဏ ကွဲပြားခြင်း၊ နိုင်ငံရေးစိတ်ဝင်စားမှု နည်းပါးခြင်း၊ မဲပေးရန် လုပ်ဆောင်မှု အခက်အခဲရှိခြင်း၊ အဆင်မပြေခြင်းနှင့် မဲပေးခြင်းဖြင့် ထိရောက်မှန်ကန်သော ပြောင်းလဲမှုများဖြစ်စေနိုင်မည်ဟု မယုံကြည်ခြင်းတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အဆိုပါအချက်များအနက် မဲပေးရန် လုပ်ဆောင်မှုအစီအစဉ် အခက်အခဲရှိရခြင်းမှာ အမေရိကန်ပြည်သူတစ်ဦးအနေဖြင့် မဲပေးရန် အဆင့်နှစ်ဆင့်ဖြစ်သည့် မှတ်ပုံတင်ခြင်းနှင့် မဲပေးခြင်းကို လုပ်ဆောင်ရမည်ဖြစ်ပါသည်။ အဆိုပါအဆင့်များသည် အခြားနိုင်ငံများရှိ လုပ်ဆောင်နည်းများကဲ့သို့ ရိုးရှင်းမှုမရှိဘဲ ရှုပ်ထွေးသော လုပ်ငန်းစဉ်များကြောင့်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံ၏အဓိပ္ပာယ်နှင့် ပတ်သက်၍မေးမြန်းရာ ဖြေဆိုသူအားလုံး၏ ၃၅ ရာခိုင်နှုန်းက မသိရှိဘဲ ၃ ရာခိုင်နှုန်းကသာလျှင် ပြည်သူ့အစိုးရဟု မှန်ကန်စွာဖြေဆိုနိုင်သဖြင့် နိုင်ငံအတွင်း ပြည်သူများအကြား ဒီမိုကရေစီ၏ အဓိပ္ပာယ်အနှစ်သာရကို သိရှိလာစေရန် ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ရန် လိုအပ်သေးကြောင်း တွေ့ရှိရပါသည်။ နိုင်ငံရေးအမြင်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်၍ ဆန်းစစ်ချက်တွင် မေးမြန်းသူအားလုံး၏ ၆၆ ရာခိုင်နှုန်းက လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်ရသည်ဟု ဖြေဆိုသော်လည်း ၂၃ ရာခိုင်နှုန်းက ယင်းသို့မဖြစ်ကြောင်း တွေ့ရပါသည်။ ယင်းမေးခွန်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မေးမြန်းသူများဟူ၍ ခွဲခြမ်းစိတ်စစ်ပါက ပြည်နယ်များ၌ ၅၃ရာခိုင်နှုန်း၊ တိုင်းဒေသကြီးများတွင် ၇၁ ရာခိုင်နှုန်းရှိပါသည်။ တိုင်းဒေသကြီးရှိ မေးမြန်းခံရသူများ၏အမြင်တွင် နိုင်ငံရေးကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရရှိသည်ကို ပိုမိုသိရှိနားလည်ကြောင်းတွေ့မြင်ရပြီး ပြည်နယ်များတွင် ထိုသို့သိမြင်သူ နည်းပါးနေသေးသဖြင့် နိုင်ငံ၏တိုးတက်ပြောင်းလဲလာမှုအခြေအနေကို သိရှိရန်လုပ်ဆောင်ဖို့ လိုအပ်နေကြောင်း တွေ့ရှိရပါသည်။

> **နိုင်ငံတော်သည် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေသည့်အားလျော်စွာ နိုင်ငံသူ နိုင်ငံသားများအနေဖြင့် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုနှင့်အတူ ဒီမိုကရေစီကျင့်ဝတ်နှင့် စံများကို နားလည်သဘောပေါက်မှုမှာ အလွန်အရေးကြီးသောအချက် ဖြစ်ပါသည်**

မိမိကိုယ်ကို ခံယူသတ်မှတ်မှု၊ တန်ဖိုးထားမှုနှင့် ယုံကြည်မှုတို့နှင့်ပတ်သက်၍ စစ်တမ်းတွေ့ရှိမှုမှာ ဖြေကြားသူအများစု ၉၁ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံတွင်နေထိုင်ရသည်ကို အလွန်ဂုဏ်ယူကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေထိုင်သူများအကြား အဆိုပါဖြေဆိုမှုမှာ အနည်းငယ်မျှသာကွာခြားမှုရှိသည်ကို တွေ့ရပါသည်။ လူ့အဖွဲ့အစည်းနှင့်အစိုးရဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ပြောင်းလဲရေးအတွက် ပြည်သူလူထုပါဝင်ဆောင်ရွက်မှုသည် အလွန်အရေးကြီးသည်ဟု ဖြေဆိုသူ၏ ၈၀ ရာခိုင်နှုန်းက ယုံကြည်ကြသော်လည်း ၁၈ ရာခိုင်နှုန်းကသာ ထိုလုပ်ငန်းများတွင် ၎င်းတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်လျက်ရှိသည်ဟု ဖြေဆိုကြောင်း တွေ့ရပါသည်။ လက်ရှိကိန်းဂဏန်းများအရ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပြည်သူများပါဝင်မှုမှာ အားနည်းနေသော်လည်း နိုင်ငံတော်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများအရ လူ့အဖွဲ့အစည်းများကို ပြဋ္ဌာန်းဥပဒေများနှင့်အညီ ဆောင်ရွက်ခွင့်ရှိခြင်း၊ ဥပဒေအရ မှတ်ပုံမတင်ဘဲ၊ တည်ဆဲဥပဒေများနှင့်အညီ လုပ်ဆောင်ခွင့်ရရှိနေပြီဖြစ်ရာ ပြည်သူများအနေဖြင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ဆတက်ထမ်းပိုးပါဝင် ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။ ယင်းကဲ့သို့ပါဝင်ဆောင်ရွက်ခွင့်များ ရှိနေပြီဖြစ်ကြောင်းကို ပြည်သူများ ထင်သာမြင်သာရှိစေရန်လည်း မီဒီယာများမှတစ်ဆင့် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

အစိုးရအဖွဲ့အစည်းနှင့် အရပ်ဘက်အဖွဲ့အစည်းများပေါ်တွင် ပြည်သူလူထု၏ ယုံကြည်မှုနှင့်ပတ်သက်၍ အဖွဲ့တစ်ခုချင်းအလိုက် (ဥပမာ- သမ္မတ၊ တပ်မတော်၊ ရဲတပ်ဖွဲ့) တွေ့ရှိချက်များကို စစ်တမ်းတွင် ဖော်ပြထားပါသည်။ သမ္မတအပေါ် ယုံကြည်မှုမှာ ၇၂ ရာခိုင်နှုန်းရှိပါသည်။ သို့သော် ဆိုင်ရာအုပ်စုအလိုက်ဖြစ်သည့် အုပ်ချုပ်ရေး၊ တရားဥပဒေပြုရေး၊ တရားစီရင်ရေး၊ အစရှိသဖြင့် မျိုးတူရာစု၍ ပြန်လည်သုံးသပ်တင်ပြလိုပါသည်။အုပ်ချုပ်ရေးအဖွဲ့အစည်း စုဝင်များဖြစ်သည့် သမ္မတရုံး၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တပ်မတော်၊ ရဲတပ်ဖွဲ့တို့နှင့် ပတ်သက်၍ ယုံကြည်မှုရာခိုင်နှုန်းမှာ ၄၉ ဒသမ ၃ရာခိုင်နှုန်း၊ တရားဥပဒေပြုရေးအဖွဲ့အစည်းဝင်၊ ပြည်ထောင်စုအဆင့်လွှတ်တော်များနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်နှင့်ပတ်သက်၍ ယုံကြည်မှုမှာ၊ ၄၁ရာခိုင်နှုန်း၊ တရားရုံးများနှင့်ပတ်သက်၍ ယုံကြည်မှုမှာ ၂၈ ရာခိုင်နှုန်း၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့များနှင့်ပတ်သက်၍ ယုံကြည်မှုမှာ ၅၇ ရာခိုင်နှုန်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပတ်သက်၍ ယုံကြည်မှု ၄၅ ရာခိုင်နှုန်းနှင့် သတင်းမီဒီယာနှင့်ပတ်သက်၍ ယုံကြည်မှုမှာ ၃၅ရာခိုင်နှုန်းရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။ လေ့လာသုံးသပ်ချက်အရ သမ္မတအပေါ် ယုံကြည်မှုမှာ အမြင့်မားဆုံးတွေ့ရှိရပြီး အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့များနှင့်ပတ်သက်၍ ယုံကြည်မှုမှာ ၅၇ ရာခိုင်နှုန်းရှိသဖြင့် ဒုတိယနေရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေးမှာတတိယနေရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပတ်သက်၍ ယုံကြည်မှုရာခိုင်နှုန်းမှာ စတုတ္ထနေရာတွင်လည်းကောင်းရှိကြောင်းတွေ့ရပါသည်။ သို့ဖြစ်၍ အုပ်ချုပ်ရေး၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအကြား အပြန်အလှန်နားလည်မှု တည်ဆောက်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များကိုဆတိုးပွား၍ လုပ်ဆောင်မည်ဆိုပါက ပိုမိုခရီးရောက်နိုင်မည်ဖြစ်ပါသည်။ တစ်ဖက်ကလည်း ပဉ္စမနေရာတွင် ယုံကြည်မှုရရှိသော တရားဥပဒေပြုရေးမှလည်း ပါဝင်အားဖြည့်ကာ ဟန်ချက်ညီညီလုပ်ဆောင်ပါက အထောက်အပံ့များပိုမိုရရှိနိုင်မည်ဖြစ်သည်။ ယုံကြည်မှုရာခိုင်နှုန်း ၄၀ အောက်ရောက်ရှိနေသော သတင်းမီဒီယာနှင့်တရားစီရင်ရေးကဏ္ဍများကလည်း ယုံကြည်မှုမြင့်မားစေနိုင်မည့် လုပ်ဆောင်မှုများကို ကြိုးစားလုပ်ဆောင်ခြင်းဖြင့်အဘက်ဘက်မှ ပိုမိုကောင်းမွန်သော နိုင်ငံရေးတိုးတက်မှုလမ်းစဉ်သို့ ရောက်ရှိနိုင်မည် ဖြစ်ပါသည်။

မိမိနိုင်ငံအပေါ် ယုံကြည်မှုအတိုင်းအတာများ၏ အခြေအနေကိုပိုမိုသိရှိနိုင်ရန်အခြားနိုင်ငံများ၏ အခြေအနေနှင့် ချိန်ထိုးကြည့်မှသာ ပို၍မြင်သာမည်ဖြစ်ပါသည်။ ဗြိတိန်နိုင်ငံတွင်အစိုးရအပေါ် ယုံကြည်မှုမှာ ၂၀၁၂ ခုနှစ် theguardian .com စာရင်းအရ ၂၁ ရာခိုင်နှုန်းနှင့်ပါလီမန်ခေါ် တရားဥပဒေပြုရေးအပေါ် ယုံကြည်မှုမှာ ၂၃ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။ ၂၀၁၄ ခုနှစ် gallup.com စာရင်းအရ အမေရိကန်သမ္မတအပေါ် ပြည်သူများယုံကြည်မှုမှာ ၂၉ ရာခိုင်နှုန်း၊ တရားလွှတ်တော်ချုပ်ရုံးအပေါ် ယုံကြည်မှု ၃၀ ရာခိုင်နှုန်း၊ တရားစီရင်ရေးအပေါ် ယုံကြည်မှု ၂၃ ရာခိုင်နှုန်း၊ သတင်းစာအပေါ် ယုံကြည်မှု ၂၂ ရာခိုင်နှုန်း၊ အင်တာနက်သတင်းအပေါ် ယုံကြည်မှု ၁၉ ရာခိုင်နှုန်း၊ ရုပ်မြင်သံကြားမှရရှိသောသတင်းအပေါ် ယုံကြည်မှု ၁၈ ရာခိုင်နှုန်း၊ တရားစီရင်ရေးစနစ်အပေါ် ယုံကြည်မှု ၂၃ ရာခိုင်နှုန်း၊ ကွန်ဂရက်လွှတ်တော်အပေါ် ယုံကြည်မှု ၁၀ ရာခိုင်နှုန်းပင် မပြည့်ကြောင်း တွေ့ရှိရပါသည်။ ဒီမိုကရေစီစနစ်ကိုမကျင့်သုံးသည့် နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများတွင် အစိုးရအပေါ် ပြည်သူများ၏ ယုံကြည်မှုမှာ ရာခိုင်နှုန်းအတော်အတန်ပင်မြင့်မားကြောင်း ကမ္ဘာ့တန်ဖိုးထားမှုများညွှန်းကိန်းများအရ သိရှိရသဖြင့် အစိုးရအပေါ် ပြည်သူများ၏ ယုံကြည်မှုမှာနိုင်ငံရေးစနစ်နှင့် တိုက်ရိုက်သက်ဆိုင်သည်ဟု တစ်ထစ်ချသုံးသပ်၍မရကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ကျား-မဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်၍ စစ်တမ်းကောက်ရာတွင်အမျိုးသားများသည် အမျိုးသမီးများထက် ပိုမိုထက်မြက်ကောင်းမွန်သော နိုင်ငံရေးနှင့် စီးပွားရေးခေါင်းဆောင်များဖြစ်နိုင်ကြသည်ဟု အမျိုးသားရော၊ အမျိုးသမီးပါ နှစ်ရပ်စလုံးက အခိုင်အမာယုံကြည်မှု ရာခိုင်နှုန်းမှာ ၄၂ ရာခိုင်နှုန်း(နိုင်ငံရေး)နှင့် ၄၁ ရာခိုင်နှုန်း (စီးပွားရေး)ရှိကြောင်း တွေ့ရှိရသည်။ အစီရင်ခံစာတွင် ထိုတုံ့ပြန်မှုများသည်အမြစ်တွယ်နေပြီဖြစ်သော ရှိရင်းစွဲယဉ်ကျေးမှုနှင့်လူမှုရေးအမြင်တို့က အမျိုးသားခေါင်းဆောင်မှုကို ဦးစားပေးကြောင်း၊ ညွှန်ပြနေကြောင်း မှတ်ချက်ပြုထားသည်ကိုတွေ့ရပါသည်။ အဆိုပါတွေ့ရှိချက်ကို လက်ရှိအခြေအနေတစ်ခုဖြစ်သော ပြည်ထောင်စုလွှတ်တော်တွင် အမျိုးသမီး အမတ်ဦးရေရာခိုင်နှုန်းဖြင့် ယှဉ်ထိုးတင်ပြလိုပါသည်။ Women in National Parliament ၏ စာရင်းအရ မြန်မာနိုင်ငံ၏ ပြည်သူ့လွှတ်တော်တွင် ၅ ဒသမ ၆ ရာခိုင်နှုန်းနှင့် အမျိုးသားလွှတ်တော်တွင် ၁ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်းနှင့် နိုင်ငံပေါင်း ၁၄၈ နိုင်ငံအနက် ၁၃၈ နံပါတ်တွင်ရှိသဖြင့် လွှတ်တော်တွင် အမျိုးသမီးပါဝင်မှုရာခိုင်နှုန်းမှာ နည်းပါးနေသေးသည်ဟု ယူဆ၍ရနိုင်သလို ယင်းသို့ဖြစ်ရခြင်းမှာလည်း အစီရင်ခံစာပါ သုံးသပ်ချက်နှင့်ဆက်နွှယ်မှုရှိနိုင်သည်ဟု ထင်နိုင်ပါသည်။

သို့သော် ၂၀၁၅ ခုနှစ် နိုင်ငံတချို့ရှိ လူဦးရေအချိုးဖြင့် ပြန်၍ နှိုင်းယှဉ်ကြည့်ပါက လူဦးရေ ၃၂၅ သန်းကျော်ရှိသော အမေရိကန်နိုင်ငံ၏ အောက်လွှတ်တော်တွင် အမျိုးသမီးဦးရေမှာ ၁၉ ဒသမ ၃ ရာခိုင်နှုန်း၊ အထက်လွှတ်တော်တွင် ၂၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ လူဦးရေ သန်း ၁၄၀၀ ကျော်ရှိ တရုတ်နိုင်ငံရှိ လွှတ်တော်တွင် အမျိုးသမီးဦးရေ ၂၃ ဒသမ ၄ ရာခိုင်နှုန်းကိုလည်းကောင်း၊ လူဦးရေ သန်း ၁၂၀၀ ကျော်ရှိသည့် အိန္ဒိယနိုင်ငံတွင် အမျိုးသမီး အမတ်ဦးရေမှာ အောက်လွှတ်တော်တွင်၁၁ ဒသမ ၄ ရာခိုင်နှုန်း၊ အထက်လွှတ်တော်တွင် ၁၂ ဒသမ ၈ ရာခိုင်နှုန်းကိုလည်းကောင်း၊ လူဦးရေ ၁၂၆ သန်းကျော်ရှိ ဂျပန်နိုင်ငံတွင် အောက်လွှတ်တော်၌ ၈ ဒသမ ၁ ရာခိုင်နှုန်းနှင့်အထက် လွှတ်တော်၌ ၁၆ ဒသမ ၁ ရာခိုင်နှုန်းကို လည်းကောင်း၊ လူဦးရေ ၆၇ သန်းကျော်ရှိ ထိုင်းနိုင်ငံရှိ လွှတ်တော်တွင် အမျိုးသမီးဦးရေ ၆ ဒသမ ၁ ရာခိုင်နှုန်းကို လည်းကောင်း၊ လူဦးရေ သန်း ၂၅၀ ကျော်ရှိ အင်ဒိုနီးရှားနိုင်ငံရှိ လွှတ်တော်တွင် အမျိုးသမီးဦးရေ ၁၆ ဒသမ ၉ ရာခိုင်နှုန်းကိုလည်းကောင်း လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်၍ (ဒီမိုကရေစီနိုင်ငံသို့ ကူးပြောင်းစ မြန်မာနိုင်ငံ၏နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်လာမှုရာခိုင်နှုန်းမှာ ဒီမိုကရေစီရင့်ကျက်နေပြီဖြစ်သည့် အထက်ဖော်ပြပါနိုင်ငံများ၊ တရုတ်နိုင်ငံ၊ ဒီမိုကရေစီနိုင်ငံမဟုတ်မှတစ်ပါး)၏ လူဦးရေနှင့် မြန်မာနိုင်ငံ၏ လူဦးရေ ၅၂ သန်းကျော်နှင့် အချိုးချလေ့လာကြည့်ပါက ရာခိုင်နှုန်းအားဖြင့် နည်းသည်ဟု မဆိုနိုင်ကြောင်းနှင့် ယခုအစတွင် ဤမျှသော ရာခိုင်နှုန်းသာ ပါဝင်နိုင်သေးသော်လည်း ဒီမိုကရေစီ ရင့်ကျက်လာသည်နှင့်အမျှ အမျိုးသမီးကိုယ်စားလှယ်များ ပါဝင်နိုင်မှုရာခိုင်နှုန်းမှာ ပို၍ပင်များနိုင်သည့် အလားအလာများ တွေ့ရှိရပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ စစ်တမ်းကောက်ချက်အရ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားရသည့် အကြောင်းအရင်းနှင့်ပတ်သက်၍ နိုင်ငံရေးအမြင်ကွဲပြားမှုကြောင့် ၃၀ ရာခိုင်နှုန်း၊ လူမျိုးရေးတင်းမာမှု ၂၇ ရာခိုင်နှုန်း၊ ဘာသာရေးတင်းမာမှု ၂၁ ရာခိုင်နှုန်း၊ တိုင်းရင်းသားလူနည်းစုများ၏ ခွဲထွက်ရေးဝါဒ ၈ ရာခိုင်နှုန်း၊ မသိပါ ၁၉ ရာခိုင်နှုန်းရှိကြောင်း တွေ့ရပါသည်။ "ဖက်ဒရယ်စနစ်" ဟူသော ဝေါဟာရကိုကြားဖူးသူမှာ ဖြေဆိုသူအားလုံး၏ ၁၄ ရာခိုင်နှုန်းသာရှိပြီး ထိုသို့ကြားဖူးသည်ဟု ဖြေသူ၏ ၄၅ ရာခိုင်နှုန်းက ၎င်းဝေါဟာရ၏အဓိပ္ပာယ်ကိုမသိသဖြင့် နိုင်ငံသားများအကြား မှန်ကန်သောနိုင်ငံရေးအသိအမြင် ဗဟုသုတများပြန့်ပွားပေးရန်လိုအပ်ကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံဦးတည်နေသော လမ်းကြောင်းသည် လမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေသည်ဟု ရှုမြင်သုံးသပ်သူမှာ ၆၂ ရာခိုင်နှုန်းရှိကြောင်း တွေ့ရပါသည်။ သတင်းအချက်အလက်များရရှိရာ အရင်းအမြစ်များနှင့်ပတ်သက်၍ စစ်တမ်းကောက်ယူရရှိမှု အခြေအနေအရ ရုပ်မြင်သံကြားမှ ၃၇ ရာခိုင်နှုန်း၊ မိတ်ဆွေများ၊ မိသားစုများနှင့် အိမ်နီးချင်းများမှ ၃၅ ရာခိုင်နှုန်း၊ ရေဒီယိုမှ ၃၅ ရာခိုင်နှုန်း၊ သတင်းစာများမှ ၁၃ ရာခိုင်နှုန်း၊ ဂျာနယ်များမှ ၁၁ ရာခိုင်နှုန်း၊ ကျေးရွာခေါင်းဆောင် (သူကြီး၊အုပ်ချုပ်ရေးမှူး)များထံမှ ၃ ရာခိုင်နှုန်း၊ အင်တာနက် (ကွန်ပျူတာ)မှ ၃ ရာခိုင်နှုန်းနှင့် မသိပါဟု ဖြေဆိုသူ ၁၄ ရာခိုင်နှုန်းရှိပါသည်။ စစ်တမ်းများအရ မြန်မာပြည်သူများအနေဖြင့် သတင်းအချက်အလက် အများဆုံးရရှိသော မီဒီယာမှာ ရုပ်မြင်သံကြားဖြစ်ပြီး ဒုတိယအနေဖြင့် မိတ်ဆွေများ၊ မိသားစုများနှင့် အိမ်နီးချင်းများနှင့် ရေဒီယိုမှဖြစ်ကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုကို တစ်နိုင်ငံလုံးဖြန့်ကြက်နိုင်ရန် Analogue စနစ်မှ Digitalစနစ်သို့ ပြောင်းလဲလျက်ရှိပြီး ရေဒီယိုအသံလွှင့်လုပ်ငန်းအတွက် FM များကို တိုးချဲ့တပ်ဆင်လျက်ရှိပါသည်။ ထို့အပြင် ဝင်ငွေနည်းမိသားစုများနှင့်အများပြည်သူနှင့်သက်ဆိုင်သော နေရာဌာနများတွင် Digital စနစ်ဖြင့် ထုတ်လွှင့်သော ရုပ်မြင်သံကြားထုတ်လွှင့်မှုကို ကြည့်ရှုနိုင်ရန် DVB -T2 Set Top Box များကို အခမဲ့ပေးလျက်ရှိရာ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း လုံးရေသုံးသိန်းကျော် ဖြန့်ဝေပြီးဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် Asia Foundation ၏ စစ်တမ်းကောက်နုတ်ချက် အစီရင်ခံစာနှင့် အခြားနိုင်ငံများရှိ အခြေအနေများကို နှိုင်းယှဉ်သုံးသပ်ပါကလက်ရှိ နိုင်ငံရေးလမ်းကြောင်းနှင့် ပတ်သက်၍ ပြည်သူများက အကောင်းမြင်မှုရှိသလို နိုင်ငံတော်သမ္မတအပေါ် ယုံကြည်မှုမှာလည်း မြင့်မားလျက်ရှိကြောင်းသုံးသပ်ရပါသည်။ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုနှင့်ပတ်သက်၍ ထင်ရှားစွာတွေ့ရှိရသော အချက်တစ်ချက်မှာ မဲပေးရန်စိတ်ဝင်စားတက်ကြွမှုရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ သို့သော် နိုင်ငံရေးအသိအမြင် ဗဟုသုတနှင့်ပတ်သက်၍ သိမြင်နားလည်မှုနည်းပါးနေသေးသဖြင့် ဒီမိုကရေစီကျင့်စဉ်များနှင့် အလေ့အထကောင်းများပေါ်ပေါက်ရန်အတွက် ဒီမိုကရေစီဆိုင်ရာ နိုင်ငံရေးအတွေးအခေါ် ဗဟုသုတများကို ပြည်သူများအကြား သိရှိနိုင်ရန် လိုအပ်နေသေးသဖြင့် မီဒီယာအပါအဝင် သက်ဆိုင်သူများအားလုံး ဝိုင်းဝန်းလုပ်ဆောင်ရမည် ဖြစ်ပါသည်။ သို့မှသာ နိုင်ငံတော်နှင့်ပြည်သူတစ်သားတည်း မှန်ကန်ကောင်းမွန်သော ဒီမိုကရေစီတည်ဆောက်ရေးလမ်းစဉ်တွင် ဟန်ချက်ညီညီ တက်လှမ်းချီကာ အစဉ်ညီညွတ်သော ပြည်ထောင်စုကြီးကို ထာဝရတည်ဆောက်နိုင်မည် ဖြစ်ပေတော့သည်။

ပြည်တွင်းသတင်း

ရမည်းသင်းမြို့ ရွာတန်းတိုက်နယ်မှ အသက် (၁၀၈)နှစ် အရွယ် အဘွားဒေါ်အေးခင်

ရမည်းသင်း ဖေဖော်ဝါရီ ၈

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရွာတန်းတိုက်နယ်ဈေးကွက်သစ်တွင် အသက် (၁၀၈)နှစ်အတွင်းသို့ ဝင်ရောက်ပြီဖြစ်သည့် အဘွားဒေါ်အေးခင်တွင် သားသမီး ၁၀ ဦးရှိပြီး ယင်းသားသမီးများထဲမှ နှစ်ဦးသာကျန်ရှိတော့သည်ဟု သိရသည်။

အဘွားမှာ မျက်စိမှုန်၍ နားအတန်ငယ်လေးပြီဖြစ်သော်လည်း စာရေးသူမှ ဂါဝရပြုသောအခါ သာယာပီသသောအသံဖြင့် ဆုပေးသည်ကို ကြားခဲ့ရသည်။ အသက် (၁၀၈) နှစ်အရွယ် အဘွားဒေါ်အေးခင်မှာ ယခုအခါ မြေးဖြစ်သူမခင်ညွန့်လွင်နှင့် နေထိုင်လျက်ရှိကြောင်း သိရသည်။

အတ်ကလေး (ရမည်းသင်း)

အလိမ်မှာ စာမှာရှိ

အမြို့မြို့ အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

ဖခင်အမည်မှန်

သန်လျင်မြို့၊ အေးသစ္စာရပ်ကွက်နေ မနှင်းနှင်းဖြူ ၁၂/သလန(နိုင်)၁၀၄၉၁၆၊ မခိုင်သဇင်မိုး ၁၂/သလန(နိုင်)၁၂၅၇၂၇၊ မဓာဓာမိုး ၁၂/သလန(နိုင်)၁၂၃၄၁၉ တို့၏ ဖခင် အမည်မှန်မှာ ဦးဇော်မျိုး(ခ)ဦးဇော်မျိုးထွန်း ၁၂/သလန(နိုင်)၀၂၉၉၂၉ ဖြစ်ပါကြောင်း။

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဂ/၆၉၁၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/6867၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/7483၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (မအူပင်) မအူပင်မြို့

(DPS ရဲ့ GPS)

Htoo Construction Development Group Co.Ltd

တရားဝင်ဇနီးဖြစ်ကြောင်း ကြေညာခြင်း

09-50-37438 532200

ကြော်ငြာ

THE BMW 7 SERIES AND BMW 5 SERIES.

The perfect expression of elegance and power rarely comes with an irresistible offer that thrills the heart.

For a limited time, receive exclusive deals, save up to 20% off on BMW ASEAN Summit programme cars as well as 3 years Warranty and 3 years Maintenance Service package.
Or enjoy preferential rates on the BMW 7 Series and BMW 5 Series - range of customisations with the finest details to reflect your distinguished style.

Visit Prestige Automobiles or call +95 (1) 230 6133 to reserve your test drive today.

PRESTIGE AUTOMOBILES. THE EXCLUSIVE AUTHORISED BMW DEALER IN MYANMAR.

Prestige Automobiles Co.,Ltd: #485, Corner of Pyay Road and Narnattaw Street Kamayut Township, Yangon, Myanmar.
Tel: +95 (1) 2306133 **Service Hotline:** +95 (1) 2306144 **Email:** info@pac-bmw.com **Website:** www.bmwmyanmar.com **Facebook:** www.facebook.com/BMWPAC

Let's Study Japanese Now!
5% Discount
၉နာရီမှ ၄နာရီ သင်တန်းသည်
၃လပိုင်း၃၁ရက်အထိ
ထိုသတင်းစာကြော်ငြာနှင့် တကွ
ကျောင်းအပ်နှံပါက
သင်တန်းကြေး၏ ၅%OFF
NEW
ဂျပန်နိုင်ငံတွင် MetroCollage ကျောင်းစာအုပ်ဆိုင်ကြီးများနှင့် IT
လုပ်ငန်းရှိသော MetroGroup မှမြန်မာနိုင်ငံတွင်ဂျပန်စာသင်တန်း
ကျောင်းကိုပထမဦးဆုံးစတင်ဖွင့်လှစ်လိုက်ပါသည်။
Course : Basic ~ Advance သင်တန်း၊ JLPT စာမေးပွဲ
အထောက်အကူပြု သင်တန်း၊ ဂျပန်နိုင်ငံသို့ သွားရောက်
ကျောင်းတက်လိုသူများအတွက် သင်တန်း၊ ဂျပန်စာ စကားပြော သင်တန်း၊
လုပ်ငန်းသုံး ဂျပန်စာ သင်တန်း၊ ဂျပန် ဓလေ့ထုံးတမ်း ပြုမူပုံလေ့ကျင့်
သင်တန်း၊ ဆရာဖြစ် သင်တန်း၊ တဦးချင်း သီးသန့် သင်တန်းများမှ
မိမိကြိုက်နှစ်သက်ရာ သင်တန်းကို ရွေးချယ် တက်ရောက်နိုင်ပါသည်။
လှပခမ်းနားပြီး သန့်ရှင်းသပ်ရပ်သော စာသင်ခန်းများတွင်
ဂျပန်နိုင်ငံမှသင်ရိုးအတိုင်း နည်းစနစ်ကျစွာသင်ပေးသည်။
ဂျပန်နိုင်ငံမှ အသိအမှတ်ပြု လက်မှတ်ရရှိထားသော
ဆရာ ဆရာမများအတွေ့အကြုံရှိ မြန်မာ ဆရာများမှသင်ကြားပေးပါမည်။
ဂျပန်နိုင်ငံသို့ ပညာသင်သွားရောက်ပြီးနောက်
ဂျပန်ကုမ္ပဏီများတွင်အလုပ်ရရှိရန်အခွင့်အလမ်းကောင်းများရှိပါသည်။
အပတ် စဉ် စနေနေ့ နေ့လည် ၁ နာရီတွင် ကျောင်းတွင် Seminar
ပြုလုပ်သွားမည်ဖြစ်ပါ၍ စိတ်ဝင်စားသူများဖုန်းဖြင့် စာရင်းပေးသွင်းကာ အခမဲ့
လာရောက်ဆွေးနွေးနိုင်ပါသည်။
အချိန် : ကြားရက် မနက် အစောပိုင်း ၊ မနက်ပိုင်း၊နေ့လည်ပိုင်း ၊ ညနေပိုင်း ၊ စနေ၊တနင်္ဂနွေ။
No.105(B), Hninsi Gone St., Ahlone T/S, Yangon, Myanmar.
E-Mail : mcm-office@metro-myanmara.com
WEBSITE : http://metro-myanmar.com
TEL : 01-215752, 09-253557144
09-254504398, 09-973594340
METRO
Japanese Language Centre

ကြော်ငြာ

IDEAL CLASS EDUCATION CENTRE
ICEC
သူငယ်တန်း မှ
တက္ကသိုလ်ဝင်တန်း အထိ
၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ။
ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အဆင့်မြင့်ပညာရေးဘော်ဒါ

Secret Garden
JUNCTION SQUARE
COMING SOON..

ကြော်ငြာ

တာယာ/ဘက်ထရီအဟောင်းများ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ အင်ဂျင်နီယာဌာန၊ အခြေစိုက်အလုပ်ရုံ(ဆွာ)ရှိ တာယာအဟောင်း ၂၁၆ လုံး၊ ဘက်ထရီအဟောင်း ၂၄၀ လုံးများအား ၂၄-၂-၂၀၁၅ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီတွင် အောက်ဖော်ပြပါဌာန၌ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ပစ္စည်းဟောင်းများလေလံတင်ရောင်းချရေးအဖွဲ့
အခြေစိုက်အလုပ်ရုံ-ဆွာမြို့၊ ဖုန်း-၀၅၄-၇၀၀၀၉

စက်မှုဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား အမှတ်(၁၃)အကြီးစားစက်ရုံ(မကွေး)အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) SKD Parts for TA TA Truck (6×2) 4 Units

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့် ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်-

၃။ တင်ဒါများနောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၁၃-၂-၂၀၁၅ ရက်၊ ၁၂း၀၀နာရီ ဖြစ်ပါသည်။

ထုတ်လုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၀၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၄၀၅၁၇၁

စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ စက်ရုံများမှ အသုံးမလိုပိုလျှံစက်နှင့် စက်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်။

(က) အမှတ်(၉)အထည်စက်ရုံခွဲ(အင်းစိန်) - စက်နှင့်စက်ပစ္စည်း ၂၄ မျိုး

(ခ) အထည်စက်ရုံအမှတ်(၁)မရမ်းကုန်း - စက်ပစ္စည်း ၁ မျိုး

(ဂ) အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း)- စက်အရန်ပစ္စည်း ၃၅၂ မျိုး

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၃-၂-၂၀၁၅ ရက်

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ**

၁။ **နေပြည်တော်** - အထည်အလိပ်လုပ်ငန်း(စီမံရေးဌာန) ရုံးအမှတ်-၃၇

၂။ **ရန်ကုန်** - အထည်အလိပ်လုပ်ငန်း(ရုံးခွဲ) အမှတ်(၁)သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်

(ဂ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၃-၂-၂၀၁၅ရက် ၁၆း၀၀နာရီ

(ဃ) **တင်ဒါပေးသွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်-၃၇၊နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) ညွှန်ကြားရေးမှူး(စီမံရေး)၊ အထည်အလိပ်လုပ်ငန်း၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၅၆
(ခ) လုပ်ငန်းရုံးခွဲ(ရန်ကုန်)၊ ဖုန်း-၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၃၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကြော်ငြာစာအမှတ် (၁/၂၀၁၅)

၁။ တရားရေးဝန်ထမ်းအဆင့် (၄) ရာထူးနေရာများ ရွေးချယ်ခန့်ထားရေးအတွက် ရေးဖြေစာမေးပွဲကို ၂၈-၂-၂၀၁၅ ရက် (စနေနေ့)တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ တစ်ပြိုင်တည်းကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၂။ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို မိမိတို့လျှောက်လွှာတင်သွင်းခဲ့သော တိုင်းဒေသကြီး/ပြည်နယ်အလိုက် အောက်ပါအစီအစဉ်အတိုင်း ရုံးချိန်အတွင်း ဖြေဆိုမည့်သူကိုယ်တိုင်လာရောက်ထုတ်ယူရမည်-

	စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ယူရမည့်နေရာ	ထုတ်ယူရမည့် နေ့ရက်
ကချင်၊ ကယား၊ ချင်း စစ်ကိုင်း၊ မကွေး မန္တလေး၊ ရှမ်း	မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီးတရားရေး ဦးစီးမှူးရုံး	၂၄-၂-၂၀၁၅ ရက် မှ ၂၇-၂-၂၀၁၅ ရက်အထိ
